

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
ိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
ချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နှစ်ကိုယ့်နှစ်စိတ်



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်သူ | – | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | မေလ၊ ၂၀၁၃ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | – | အာကာ |
| အဖုံးဖလင် | – | KABAOO |
| အတွင်းဖလင် | – | အေဇက် |
| စာအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ဒေါ်ကြည်ပြာသွယ် (၀၉၁၇၂) |
| မျက်နှာဖုံးပုံနှိပ် | | ဝင်းတိုးအောင်ပုံနှိပ်တိုက်<br>အမှတ် ၁၈၁၊ လမ်း ၅၀၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဦးသန့်ဇင်ထွန်း<br>ကြယ်ပွင့်စာပေ (ယာယီ-၁၈၀၇)<br>အမှတ် (၄၄-ဘီ)၊ မြေညီထပ်၊<br>၈၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |

### ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ပဥ္စမံဒီရိုင်း

နှစ်ကိုယ့်နှစ်စိတ် / ပဥ္စမံဒီရိုင်း – ရန်ကုန်။

ကြယ်ပွင့်စာပေ၊ ၂၀၁၃။

၁၄၇ – စာ။ ၁၃ စင်တီမီတာ × ၂၀ စင်တီမီတာ

(၁) နှစ်ကိုယ့်နှစ်စိတ်


အမှန်တရားအတွက် ဆန္ဒထုတ်ဖော်
သူများကို ဂုဏ်ပြုလျှက် .......

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ကြီးကိုပဲ
နေ့စဉ်ရက်ဆက် ကြည့်နေမိတယ်။
ဒီနေ့မှ သတိရလို့
ကိုယ့်ရဲ့အင်တာနက်လေးကြည့်မိကာမှ
အကုသိုလ်က
ကိုးပေါက်ထဲ နိုင်ဗင်ပစ်ဝင်လာပါရောလား။

## အခန်း (၁)

သချောသည်။ သည်အချိန်ဆို ရုံးပိတ်ရက်ဖြစ်သဖြင့် လက်ဖက်ရည်ဆိုင်မှာ ဟိုနှစ်ယောက်ကျိန်းသေရှိကိုရှိမည်။ မသေချာပါ။ တစ်ယောက်နှင့်တစ်ယောက် လက်ဖက်ရည်ဖိုးကို သူရှင်းမည်၊ ငါရှင်းမည်ဟု မည်သူ့နှုတ်ကမှ ထွက်မည်မဟုတ်ပါ။ သေချာသည်။ တစ်ယောက်နှင့်တစ်ယောက် ဆရာကြီးလုပ်ပြီး သူတစ်ပြန်၊ ကိုယ်တစ်ပြန် လက်တလောသိသော အကြောင်းအရာ သို့မဟုတ် ဖုတ်ပူမီးတိုက်ဖတ်ထားသော စာကို အလွတ်ကျက်ပြီး သူ့ထက်သူ ဦးအောင်ပြောနေကြမည်။ မသေချာပါ။ သူတို့နှစ်ယောက် အကျီအိတ်ကပ်ထဲမှာ တစ်ယောက်ချင်းစီ ငွေတစ်ထောင်ထက်ကျော်အောင် ထည့်ထားမည်မဟုတ်။ ငွေကိုင်ရမှာ ကြောက်ရလောက်အောင် 'ရွှေကျင်' ဂိုဏ်းကများလား မသိပါ။ သေချာပါသည်။ လက်ဖက်ရည်ဆိုင်သို့ သူက ရောက်လာပြီး သူ့တွင် အားချင်းဆိုသလို ယခုမနက်မှ ဖြစ်ပေါ်လာသော ကိစ္စအတွက် ပြောဆိုအကြံဉာဏ်တောင်းသည့်အခါ ထိုနှစ်ယောက်က သူ့ကို ဘီယာဒါနပြုခိုင်းမှာ စေခင်မေးစရာမလိုပါ။ မသေချာပါ။ ဘီယာဆိုင်မှာ သူအကြံတောင်းသည့်ကိစ္စက ပါးပါးလေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြီးမည်မထင်ပါ။ သေချာသည်။ ထိုနှစ်ယောက်က သူ့ဆီက အပီ ဖြိုမည်ဆိုတာပဲ ဖြစ်သည်။

သေချာသွားပြီ။ လက်ဖက်ရည်ဆိုင်မှာ မည်သူမျှမရှိဘဲ လော ကကြီးမှာ နှစ်ယောက်တည်းရှိသည့်အလား ကိုကျော်ကြီးနှင့် တင်ဖေညွန့် တို့နှစ်ယောက် လေကြောင်းတိုက်ပွဲဆင်နေကြသည်။

"ရှူး . . ."

ဗညားဆိုင်ထဲဝင်လာပြီး သူတို့စားပွဲဝိုင်းရှိရာ ရောက်သောအခါ ကိုကျော်ကြီးက နှုတ်ခမ်းကို လက်ညှိုးနှင့်ဖိရင်း စကားမပြောဖို့ သတိ ပေးရင်း လက်ဟန်ခြေဟန်ဖြင့် ထိုင်ခိုင်းသည်။ ဗညားလည်း ဝင်ထိုင် လိုက်ပြီး သူတို့နှစ်ယောက် လေကြောင်းတိုက်ပွဲကို နားထောင်နေမိသည်။

"တင်ဖေညွန့် . . . မင်းကို အခုငါပြောမယ့် မိတ်ဆွေအမျိုး အစား သုံးမျိုးထဲမှာ မင်းက ဘယ်အမျိုးအစားထဲမှာပါမလဲ"

"ကိုကျော်ကြီး . . . ခင်ဗျား ကျွန်တော့်ကို ဘယ်စာအုပ်ထဲက ဟာကို အမြန်ဖတ်ပြီး ဖုတ်ပူမီးတိုက် မေးနေတာလဲ"

"တင်ဖေညွန့် . . . မင်း ငါ့ရဲ့အသိဉာဏ်ပညာကို နှိမ့်ချသလို မျိုး ဇဝ်မပြောနဲ့"

"ပြောမှာသာ ပြောပါ . . . ကိုကျော်ကြီးရာ"

ကိုကျော်ကြီးက တင်ဖေညွန့်စကားကို ပြန်မပြောဘဲ ရေနွေး ကြမ်းကို မော့သောက်လိုက်သည်။

"မိတ်ဆွေသုံးမျိုးရှိတယ်ကွ၊ ပထမတစ်မျိုးက အစာနဲ့တူတဲ့မိတ်ဆွေ၊ ကိုယ်က သူ့ဆီက ဘာစားရမလဲဆိုပြီး အမြဲတမ်းစဉ်းစားနေတဲ့မိတ်ဆွေ၊ ဒုတိယတစ်မျိုးက ဆေးနဲ့တူတဲ့မိတ်ဆွေ၊ အမြဲတမ်း အကူအညီလိုတဲ့အခါ ကောင်းဖို့ လိုက်ရှာနေတဲ့မိတ်ဆွေ၊ နောက်တစ်မျိုးက ရောဂါနဲ့တူတဲ့မိတ် ဆွေ၊ သူက ကိုယ့်ကို မတွေ့ရမနေနိုင် အမြဲရှာနေတဲ့မိတ်ဆွေ၊ ကဲ . . . တင်ဖေညွန့် . . . မင်းက ဘယ်အစားထဲမှာပါလဲ"





"ကိုကျော်ကြီး . . . ကျွန်တော်ဘယ်အစားထဲမှာမှ မပါဘူး"

တင်ဖေညွန့်က ကိုကျော်ကြီးစကားကို ငြင်းဆိုလိုက်ချိန်မှာ ဗညားက ပြုံးမိသည်။ ဒါကို တင်ဖေညွန့်က သတိထားမိသွားသည်။

"ဗညား . . . မင်းဘာပြုံးတာလဲ"

"ကိုကျော်ကြီးက မင်းကိုပြောနေတာတွေက ငါ့ပြောနေသလား လို့၊ ငါက စောစောက ကိုကျော်ကြီးပြောတဲ့ မိတ်ဆွေအစားထဲက တတိယ မိတ်ဆွေနဲ့ သွားတူနေပြီထင်တယ်၊ အခု ငါလာတာ မင်းနဲ့ကိုကျော်ကြီး တို့နှစ်ယောက်ကို တွေ့မှဖြစ်မယ့်ကိစ္စကြောင့်ပဲ"

"ဒါဆိုရင်တော့ ကြီးပြီ၊ မင်းကိစ္စက ဒီလက်ဖက်ရည်ဆိုင်ရဲ့ အနေ အထားနဲ့ဆို သေးသိမ်သွားလိမ့်မယ်၊ ဒီတော့ ကြီးကျယ်ခမ်းနားတဲ့ နာ နားနေနေ ဘီယာဥယျာဉ်တော်မှာ နားဆင်ရတာပေါ့ကွာ"

"သိတယ် ကိုကျော်ကြီး၊ အခုလက်ဖက်ရည်ဖိုးလည်း ရှင်းမယ် ဘီယာဆိုင်မှာလည်း အဝသောက် . . . ရှင်းဦးမယ်၊ ကျွန်တော်ပြောတာ သာ နားထောင်ပြီး စဉ်းစားပေး"

ထိုနှစ်ယောက် မငြင်းပါ။ စားပွဲထိုးကို မြန်မြန်ခေါ် ပိုက်ဆံမြန် မြန်ရှင်းခိုင်းပြီး လက်ဖက်ရည်ဆိုင်ကနေ ဘီယာဆိုင်သို့ ကူးလာခဲ့တော့ သည်။

❑

ညနေချိန်မရောက်သေးပေမယ့် ဘီယာဆိုင်ထဲမှာက သောက် သုံးသူတစ်ဝိုင်းစ၊ နှစ်ဝိုင်းစ ရှိနေသည်။ လူရှင်းသော ဧထာင့်ကျကျစားပွဲ ဝိုင်းမှာ ဗညားတို့သုံးယောက်သား ထိုင်ကြသည်။

ကိုကျော်ကြီးနှင့် တင်ဖေညွန့်တို့က ဘီယာကို သိပ်မသောက် ချင်ရှာဖူးထင်ပါသည်။ ရောက်ရောက်ချင်း ဗညားကတောင် အစစကားမှ မဆိုရသေး။ သူတို့နှစ်ယောက်က စည်ဘီယာတစ်ခွက်စီမှာပြီး နှစ်ကျိုက်



www.burmeseclassic.com

www.burmeseclassic.com



သုံးကျိုက်လောက် ပြိုင်တူမော့ကြတာ ဘာမြန်သလဲမမေးနှင့်။

"ကဲ . . . ပြောစမ်း ဗညား၊ ငါတို့ ဆီထည့်ပြီးသွားပြီ၊ ဘာကိစ္စ ပေါ်လာလို့လဲ"

ဘီယာတစ်ခွက်ဝင်သွားလို့လားမသိ။ တင်ဖေညွန့်အာက သွက် သလိုမျိုး ဖြစ်နေသည်။

"ဒီနေ့မနက် နိုင်ငံခြားက အဖေနဲ့အမေ ဖုန်းဆက်တယ်၊ မိန်းမ ပေးစားမလို့တဲ့"

"ဗညား . . . ဒါဆို မင်းအဖေနဲ့အမေက နိုင်ငံခြားက ပြန်လာ မှာပေါ့၊ မင်းနဲ့ပေးစားမယ့် အမျိုးသမီးက မြန်မာပဲလား၊ ဒါမှမဟုတ် နိုင်ငံခြားသူပဲလား"

ကိုကျော်ကြီးက မေးခွန်းတွေ တရစပ်မေးချလိုက်သည်။

"ကိုကျော်ကြီးရာ . . . ကျွန်တော့်စကားဆုံးအောင် နားထောင် ပါဦး"

"ကဲ . . . ဒါဆိုလည်း ပြောကွာ၊ နေဦး . . . ဘီယာတစ်ကျားနဲ့ အမြည်းထပ်မှာလိုက်ဦးမယ်"

ကိုကျော်ကြီးက စားပွဲထိုးအား မှာစရာရှိတာ မှာနေသဖြင့် ဗညား မှာ သူပြောချင်သည့်စကားအတွက် ခေတ္တစောင့်ဆိုင်းနေရပါသေးသည်။

"ကိုကျော်ကြီး . . . ကျွန်တော်ဆက်ပြောလို့ရပြီနော်"

ကိုကျော်ကြီးက ခေါင်းညိတ်ပြပါသည်။

"ခက်တာက ပေးစားမယ့် မိန်းကလေးက နိုင်ငံခြားက မဟုတ် ဘူး၊ ဒီမြန်မာပြည် ရန်ကုန်မြို့ထဲကပဲ၊ ဘောက်ထော်မှာ နေတာ၊ အဲဒီ အမျိုးသမီးရဲ့မိဘတွေကလည်း နိုင်ငံခြားမှာပဲ၊ အဖေတို့ အမေတို့နဲ့ စီးပွား ရေးလုပ်ဖက်တွေလို့ ပြောတယ်"

"ဗညားရာ . . . ဒါဘာထူးဆန်းလဲ၊ ဒီလောက်အဆင်ပြေနေတာ၊ မင်းမှာလည်း ရည်းစားရှိတာမှမဟုတ်တာ ခေါင်းညိတ်လိုက်ပေါ့"





တင်ဖေညွန့်က ဘီယာကို ငုံ့လိုက်ရင်းမှ သူ့ထင်မြင်ချက်ကို ပြောပါသည်။

"ခေါင်းညိတ်လို့ မရသေးဘူး၊ အဖေနဲ့အမေက အဲဒီအမျိုးသမီး ကို သေသေချာချာ လေ့လာဦးတဲ့၊ ဟိုဘက်ကလည်း ငါ့ကို လေ့လာမယ် တဲ့၊ ငါတို့နှစ်ယောက် အဆင်ပြေအောင် လုပ်ရမယ်၊ ရင်းနှီးအောင် လုပ် ရမယ်တဲ့၊ အဲဒါ သဘက်ခါ အဲဒီအမျိုးသမီးအိမ်သွားခိုင်းတယ်၊ ငါကွာ . . . ဘာဆက်လုပ်ရမှန်း မသိဘူး၊ ဒီကြားထဲ အဖေနဲ့အမေက ပြောသေး တယ်၊ ဒီကြားထဲ သူတို့ကလည်း ဖုန်းမဆက်ဘူး၊ ငါကလည်း ဖုန်းမဆက် နဲ့တဲ့၊ ငါတို့နှစ်ယောက် အဆင်ပြေမှ ဖုန်းဆက်အကြောင်းပြန်ရမယ်တဲ့၊ ဟိုဘက်မိန်းကလေးမိဘကလည်း သူတို့သမီးကို ဒီအတိုင်းပြောထားတယ် တဲ့"

"ဗညား . . . မင်းတို့ဟာက ဘယ်လိုဟာကြီးလဲ၊ ငါတော့ ခေါင်း တောင်ပူချင်သလို ဖြစ်လာတယ်၊ ဒါနဲ့ အဲဒီအမျိုးသမီးနာမည်ကကော"

ကိုကျော်ကြီးက စိတ်မရှည်သည့်လေသံဖြင့် မေးရင်းက ဘီယာ ကို မော့ချလိုက်သည်။

"မြရည်ညိုတဲ့ . . . ကျွန်တော်နဲ့ သက်တူရွယ်တူပဲ ကိုကျော်ကြီးရ"

"ဗညား . . . သူ့ဓါတ်ပုံကော ရပြီလား၊ မင်းတို့က လူချင်းတွေ့ ဖူးတာ မဟုတ်ဘူးလေ"

"အဖေက ပြောတယ်၊ လူချင်းသွားသာတွေ့တဲ့၊ ဒါမှတစ်ဖက် သားက ဘယ်လိုပုံစံလဲဆိုတာ ရင်ခုန်လို့ရမှာတဲ့"

ဗညားစကားအဆုံး တင်ဖေညွန့်က . . .

"ဒါလည်း ဟုတ်တာပဲ၊ ဒီတော့ ဗညား . . . မင်းသွားလေ့လာ တာ အကောင်းဆုံးပဲ၊ ကျန်တာ နောက်မှဆွေးနွေးတာပေါ့ကွာ"

ဗညားက ဘာမှမပြောတော့ဘဲ တင်ဖေညွန့်နှင့် ကိုကျော်ကြီးအား ဘီယာသောက်နေတာကိုပဲ ကြည့်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လို့ရခဲ့ကြားဆို
ကိုယ်ဟာ နတ်သမီးတစ်ပါးပေါ့၊
ဝန်ထုပ်ဝန်ပိုးတွေ ထမ်းစရာမလို
ပေါ့ပေါ့ပါးပါးနဲ့ ပျံသန်းလို့ပေါ့၊
အလင်းတွေလည်း ပေးဦးမယ်
စေတမန်တစ်ဦးလို
မေတ္တာတရားတွေနဲ့ စွမ်းအားသတ္တိတွေ
လိုချင်သူတွေ ရှာယူဆိုပြီး
ကမ္ဘာမြေအနှံ့ ကျဲလိုက်ဦးမယ်၊
ကိုယ့်အသက်ရှူသံက လေပြည်ညှင်း
ကိုယ့်မျက်ရည်စက်က မိုးစက်တွေ
ကိုယ့်သက်ပြင်းချသံတွေက နှင်းဖတ်တွေ
အဲဒါတွေက ... အစုတော့ ...
ကိုယ်က လူဖြစ်နေလို့
အတွေးထဲမှာပဲ မကျေမနပ်နဲ့
ယူကျုံးမရဖြစ်ရပါရဲ့၊

## အခန်း (၂)

ကိုယ်က အရေးကြီးသည့်ကိစ္စကို တိုင်ပင်ပါမည်ဆိုကာမှ ပြောကိုမပြောချင်ပါ။ ဘာကိစ္စကို အလိုမကျလို့ ဝင်းပပတစ်ယောက် နှုတ်ခမ်းစူ၊ မျက်နှာက ရှစ်ခေါက်ချိုးဖြစ်နေသလဲ မသိပါ။ ဘေးနားမှာ ရှိနေသည့် မမမြင့်ကလည်း စိတ်ကျန်းမာရေးအတိုင်ပင်ခံတစ်ဦးလို မပြောရ။ တစ်အိမ်တည်း အတူတူနေပြီး အခုမှမြင်ဖူးသည့် ပုံစံအလား ဘာစကားမှမပြောဘဲ စိုက်ကြည့်နေသည်။

သည်မြင်ကွင်းကို မြရည်ညို သည်းမခံနိုင်တော့ပါ။

"ဝင်းပပ . . နင့်ရုပ်က ဘယ်လိုဖြစ်လို့ မျက်နှာဒီလောက်တောင် ပျက်နေရတာလဲ"

"အေးဟယ် . . . မမမြင့်ဖြင့် သူ့မျက်နှာကိုကြည့်ရတာ အလိုမကျ ဖြစ်နေသလိုပဲ"

"ဘာဖြစ်ရမှာလဲ၊ ညက အိပ်မက်ထဲမှာပေါ့၊ ကိုရိုးယားမင်းသားချောချောလေးနှစ်ယောက်ရယ်၊ ဒီက နေတိုးနဲ့ အောင်ရဲလင်းတို့က ကိုယ့်ကို သူက ပိုင်တယ်၊ ငါက ပိုင်တယ်၊ သူက ချစ်နေတာ၊ ငါက ချစ်နေတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို လုရင်း ငြင်းကြ၊ ခုန်ကြနဲ့ ရန်တွေဖြစ်ကြတာ အိပ်မက်ထဲမှာ ကြည်နူးလိုက်တာလေ ပြောမနေနဲ့၊ အဲဒီလို ကြည်နူးလို့ကောင်းနေတုန်း ရှိသေးတယ်၊ ဟိုသေနာကျလေ . . . ကိုယ့်ကိုတွေ့တိုင်း ရည်းစားစကားပြော၊ ဖုန်းထဲကလည်း ပြောနဲ့၊ မျက်နှာမှာ ကျောက်ပေါက်မာတွေနဲ့ ခင်မောင်ဦးလေ၊ သူက ကိုယ့်ကိုပွေ့ချီပြီး လွှတ်ချတာ၊ အိပ်မက်က အဲဒီမှာ လန့်နိုးရော၊ ဒီကောင်များ သူများကြည်ကြည်နူးနူးမက်နေတဲ့ အိပ်မက်ထဲမှာတောင် လာဒုက္ခပေးတာ၊ ပြောမပြောချင်ဘူး၊ အဲဒါကို မကျေမနပ်ဖြစ်လို့"

"ဟယ် . . . ဝင်းပပ၊ နင်တော်တော်ပေါတာပဲ"

မြရည်ညိုက ဝင်းပပစကားအဆုံးမှာ ကြည့်ပြီး ရယ်မိပါသည်။

"ဝင်းပပရယ် . . . ညည်းလူက အိပ်မက်ထဲမှာတောင် လိုက်ပါနေတာ စိတ်ပညာနည်းအရပြောရင် ညည်းရဲ့မသိစိတ်က သူ့ကိုစွဲလမ်းနေတာပဲ"

"သွားပါပြီ မမမြင့်ရယ်၊ မမမြင့်ပြောတော့မှပဲ ရည်ရွယ်ချက်ကတော့ လွဲပါပြီ"

ဝင်းပပက တကယ်ပဲ ညက အိပ်မက်ကို နှမျောနေသည့်အမူအရာမျိုး ဖြစ်နေသည်။

"ကဲ . . . တော်တော့၊ ဒီက ပြောတော့မယ်၊ နက်ဖြန်ကိစ္စကို ဘယ်လိုလုပ်ရမလဲ၊ မနေ့က ပြောတော့လည်း အဖြေက မရဘူး"

"ဒါများ မြရည်ညိုရယ်၊ ဘာခက်တာမှတ်လို့၊ နိုင်ငံခြားက ကိုယ့်မိဘပေးစားတာပဲ၊ ယူလိုက်ပေါ့ဟာ၊ နင်မို့လို့ ခေါင်းစားခံတယ်"

"မဟုတ်သေးဘူး ဝင်းပပရဲ့၊ ငါက ငြင်းတယ်၊ နိုင်ငံခြားမှာရှိတဲ့ ဒယ်ဒီနဲ့မာမီက မရဘူး၊ သူတို့လူကြီးချင်းသဘောတူတဲ့လူကို လေ့လာပြီး အကဲခတ်ရမယ်၊ အဆင်ပြေအောင် လုပ်ရမယ်တဲ့၊ သူတို့ကို ဘာမှဒီကြားထဲ မဆက်သွယ်ရဘူးတဲ့၊ ကံမကောင်းလို့များ အဲဒီလူက ရုပ်ဆိုးရင် ပြီးရော၊ ဒါမှမဟုတ် ကိုယ့်ကို စိတ်ပျက်သွားရင်လည်း ကောင်းသား"





"မြရည်ညို . . . မမမြင့်ကို ထပ်ပြောပါဦး၊ မြရည်ညိုနဲ့ လူကြီးချင်းသဘောတူတဲ့သူနာမည်က ဘယ်သူ"

"ဗညားတဲ့ . . ."

"အင်း . . . နာမည်ကတော့ ယောကျ်ားဆန်တဲ့ နာမည်ပဲ"

"သူ့ဖာသာသူ ယောကျ်ားဆန်ဆန်၊ ဘာဖြစ်ဖြစ်ပါ မမမြင့်ရယ်၊ ကျွန်မကတော့ ယောကျ်ားကို မယူချင်တာ"

မြရည်ညိုက တကယ့်ကို စိတ်ပျက်သလိုမျိုး လေသံက ဖြစ်နေပါသည်။

"ဒါများဟယ် . . . နင့်ဆီ လာတွေ့မယ့်သူကို သူစိတ်ပျက်သွားအောင်၊ နင့်ကို မယူချင်လာအောင် လုပ်ပေါ့"

"ဘယ်လိုစိတ်ပျက်အောင် လုပ်ရမှာလဲ၊ ဟိုက စိတ်မပျက်ဘဲ ကျွန်တော်က ဆထက်ထမ်းပိုးတိုးလို့ ချစ်သထက် ပိုချစ်သွားပါတယ်ဆိုမှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

ဝင်းပပနှင့် မြရည်ညိုတို့နှစ်ယောက်သား ပြောဆိုနေသော စကားကို နားထောင်နေသော မမမြင့်က တစ်စုံတစ်ခုကို စဉ်းစားနေပြီး ဘာအကြံရသွားသလဲ မသိပါ။

"ဟုတ်ပြီ မြရည်ညို၊ မမမြင့် အကြံရပြီ"

"ဒီလို မြရည်ညိုရေ . . . မြရည်ညို နှစ်ကိုယ်ခွဲရမယ်"

"ဘယ်လို . . . နှစ်ကိုယ်ခွဲရမှာလဲ မမမြင့်ရဲ့၊ ရုပ်ရှင်ရိုက်နေတာမှ မဟုတ်တာ"

မြရည်ညိုက ဘာမှနားမလည်သဖြင့် ပြန်ပြောပါသည်။

"ဟုတ်တယ် . . . နှစ်ကိုယ်ခွဲရုပ်ရှင်ရိုက်သလိုကို ဟန်ဆောင်ရမှာ၊ နက်ဖြန် ဗညားဆိုတဲ့သူလာရင် မိဘတွေသဘောတူတဲ့ မြရည်ညို နေရာကနေ မတွေ့နဲ့၊ မြရည်ညိုရဲ့အမွှာပူးညီမ ဝတ်ရည်ညိုနေရာကနေ တွေ့ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမမြင့်ရယ် . . . ဘာတွေလဲ၊ ဘယ်လိုလို့ ဝတ်ရည်ညိုလုပ်ရမှာလဲ"

"လွယ်ပါတယ်၊ သူက မြရည်ညိုမှာ အမြွာရှိမှန်း သိတာမှမဟုတ်တာ၊ သူ့မိဘတွေကလည်း ဖုန်းမဆက်နဲ့ပြောထားတော့ အဲဒါအကွက်ကောင်းပဲ၊ ဝတ်ရည်ညိုဆိုတဲ့ ကောင်မလေးတစ်ယောက် ရှေးခေတ်ကမင်းသမီးလေးတစ်ပါးဝင်စားတာဆိုပြီး ကိုယ့်ကိုယ်ကို ဘုရင့်သမီးတော်အမှတ်နဲ့ပုံစံမျိုး ဆက်ဆံရမယ်၊ အဲဒီအခါ သူ့စိတ်ဆန္ဒက ဘယ်လိုရှိမယ်ဆိုတာ သိပ်လာမှာပဲ၊ ဝတ်ရည်ညိုက ပေါ်လာလိုက် မြရည်ညိုက ပေါ်လာလိုက်နဲ့ ဗညားဆိုတဲ့သူ စိတ်ပျက်ပြီး ထွက်မပြေးရင် မမမြင့်ကို ပြောချင်တိုင်းပြော၊ ဘာလုပ်ရမယ်ဆိုတာ မမမြင့်အသေးစိတ်ပြောပြမယ်"

တစ်ချိန်လုံး ဘာစကားမှမပြောဘဲ နေနေသော ဝင်းပပက စိုးရိမ်သလိုလေသံဖြင့် . . .

"ကြည့်လုပ်ပါဦး မမမြင့်နဲ့ မြရည်ညိုရယ်၊ တော်ကြာ . . အလိမ်တွေပေါ်ပြီး ကသောင်းကနင်း ဖြစ်ကုန်မှဖြင့်"

"ဝင်းပပရယ်၊ မမမြင့် စိတ်ကျန်းမာရေးကုထုံးအကြံပေးတဲ့သူပါ၊ လူတွေရဲ့အကြောင်းကို သိပြီးသားပဲ၊ ဘာမှမပူနဲ့ . . . ရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးနေရသလိုလို ဖြစ်လာစေရမယ်၊ ပြီးတော့ ထူးကိုထူးခြားလာပြီး ဟိုက စိတ်ပျက်သွားလိမ့်မယ်"

"မမမြင့်ရယ် . . . ကျွန်မကတော့ ရင်တွေကို အခုကတည်းက တုန်နေပြီ"

"မတုန်နဲ့ မြရည်ညိုရေ . . . တော်ကြာ ရင်ခုန်လာရင် ခက်မယ်၊ ကဲ . . . ဘာလုပ်ရမယ်ဆိုတာ နက်ဖြန်အတွက် ပြောပြမယ်"

မမမြင့်က မြရည်ညိုအား နက်ဖြန်ပြုလုပ်ရမည့် အစီအစဉ်ကို ဘာလုပ်ရမည်ဆိုတာ အသေးစိတ်ညွှန်ကြားတာ တစ်မနက်တောင် ကုန်သွားပါတော့သည်။



ကိုယ်လည်း ကိုယ့်အလုပ်ကိုယ်လုပ်သလို
သူလည်း သူ့အလုပ်သူ လုပ်တာပါပဲ။
သေချာတာက
သူ့မျှော်လင့်ချက်တွေနဲ့ ကိုယ်က ရှင်သန်နေတာ မဟုတ်ပါ။
ကိုယ့်စိတ်နဲ့သူ့စိတ် တူနိုင်ပါရောလား
ကိုယ်ကလည်းကိုယ် သူကလည်း သူပေါ့လေ
အခွင့်အရေးကတော့ လှလှပပနဲ့
ကိုယ့်ကို လက်ကမ်းကြိုဆိုနေပေါ့။
စက်တာက ...
အဲဒါကြီးကို လက်နဲ့ပုတ်ချရမလို ဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

လာသာလာရသည် တစ်ခါဖူးမှ ယည့်လိုအတွေ့အကြုံမျိုးမရှိသဖြင့် နည်းနည်းတော့ စိတ်လှုပ်ရှားနေသည်။ မိဘနှစ်ပါးများ ပြောမပြောချင်ပါ။ သူတို့သဘောတူထားသည့် အမျိုးသမီး၏ ဟမ်းဖုန်းနံပါတ်ဖြစ်ဖြစ်၊ အိမ်ဖုန်းနံပါတ်ဖြစ်ဖြစ် ပေးထားလျှင် ကြိုပြီး သူလာမည်ဆိုတာကို ဖုန်းဆက်လို့ ရသေးသည်။ ယခုတော့ ကိုယ့်ဖာသာကိုယ်လာ၊ ကိုယ့်ဖာသာကိုယ် မိတ်ဆက်ရပေတော့မည်။

မြရည်ညိုဆိုသော အမျိုးသမီးနှင့်တွေ့လျှင် ဘယ်က ဘာကို စပြောရမည်နည်း၊ သို့မဟုတ် ထိုအမျိုးသမီးရုပ်သွင်ပြင်က ရွက်ကြမ်းရေကျိုသာသာ ရှိမည်ဆိုလျှင်ကော သူက ဘယ်လိုရှောင်ရှားရမည့် စကားလုံးတွေကို သုံးရမလဲလို့ စဉ်းစားနေမိသေးသည်။

နောက်ဆုံးတော့ မထူးပါဘူး ဖြစ်ချင်တာဖြစ် တွေ့ကြုံရသည့် အခြေအနေပေါ် မူတည်ပြီး ဆက်ဆံပြောဆိုတော့မည်လို့ ဆုံးဖြတ်လိုက်သည်။

ခြံစည်းရိုးတံခါးက လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။ ခြံထဲကနေ





အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးက ခြံတံခါးလာဖွင့်ပေးသည်။

"ကျွန်တော် ဗညားပါ၊ မြရည်ညိုထင်ပါရဲ့"

ခြံတံခါးလာဖွင့်ပေးသည့် အမျိုးသမီးက သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ရယ်လိုက်သည်။ မြရည်ညိုဆိုသော အမျိုးသမီးက နည်းနည်း ကြည့်ပျော်ရှုပျော်တော့ ရှိသားလို့ ဗညားက တွေးလိုက်သေးသည်။

"ကျွန်မက မြရည်ညိုမဟုတ်ပါဘူး၊ ဝင်းပပပါ၊ လာပါ . . . အိမ်ထဲကို သွားရအောင်"

"sorry ဗျာ၊ ကျွန်တော်လူမှားသွားလို့"

ဗညားက စစချင်းတော့ 'ဝမ်းပြီလို့၊ မထူးပါဘူးဆိုပြီး ဝင်းပပ ဆိုသော အမျိုးသမီးနောက်ကနေ လိုက်လာခဲ့သည်။

"ထိုင်ပါဦးရှင်"

အိမ်၏ဧည့်ခန်းထဲသို့ ရောက်သောအခါ ဝင်းပပက ထိုင်ခိုင်းသဖြင့် ဗညားလည်း ဆိုဖာခုံပေါ်မှာ ထိုင်လိုက်ပြီး ဧည့်ခန်းကို အကဲခတ်နေမိသည်။ ဧည့်ခန်းထဲမှာက ခေတ်မီအသုံးအဆောင်တွေက သူ့နေရာနှင့်သူ စနစ်တကျထားရှိထားသည်ကို တွေ့ရသည်။

"ကိုဗညားရယ် . . . ပြောရမှာ အားနာလိုက်တာ၊ မြရည်ညိုက မရှိဘူး"

"ဩော် . . . ဟုတ်လား၊ ဘယ်သွားလို့လဲ . . . ကျွန်တော်အချိန်ရပါတယ်၊ စောင့်ပေးမယ်လေ"

"ကိုဗညားစောင့်ရင် မိုးချုပ်သွားမယ်၊ မြရည်ညိုက မန္တလေးကို သွားတာ၊ ဒီညမှ ပြန်ရောက်မှာ၊ သူက ဖုန်းဆက်ပြီးတော့ မှာထားပါတယ်၊ ဧည့်သည်ကို ဧည့်ခံရင်း တောင်းပန်ပေးပါတဲ့၊ ဩော် . . . ဒါနဲ့ မြရည်ညိုရဲ့ညီမ ဝတ်ရည်ညိုတော့ ရှိတယ်၊ ခဏလေး . . . သွားခေါ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . မြရည်ညိုမှာ ညီမရှိသေးတယ် . . . ဟုတ်လား၊ ကျွန်တော့်မိဘတွေကတော့ အဲဒါကိုလည်း မပြောဘူး"

ဗညားမထင်ထားပါ။ သူ့မိဘတွေက မြရည်ညိုမှာ သူမတစ်ဦးတည်းရှိတာမဟုတ်ဘဲ နောက်ထပ်တစ်ယောက်ရှိသေးသည်ဆိုတာ ဘာဖြစ်လို့ မပြောတာလဲလို့။

"ဒီ . . . ဒီလို ကိုဗညားရဲ့၊ မြရည်ညိုမှာ အမွှာညီမဝတ်ရည်ညိုဆိုတာရှိတယ်၊ ကိုဗညားတွေ့ပါလိမ့်မယ်၊ သူက သဘောကောင်းပါတယ်၊ ကျွန်မ သွားခေါ်လိုက်ဦးမယ်၊ ခဏစောင့်နော်"

"ဟုတ်ကဲ့ . . ."

ဗညားလည်း ဘာမှပြန်မပြောတော့ဘဲ ဧည့်ခန်းနံရံမှာ ချိတ်ဆွဲထားသော ဘွဲ့ဝတ်စုံနှင့် အမျိုးသမီးဓါတ်ပုံကြည့်မိသည်။ ဓါတ်ပုံထဲက အမျိုးသမီးက တော်တော်တော့ ချောသားလို့။ စောစောက ဝင်းပပဆိုသော အမျိုးသမီး၏ပြောပုံအရဆို မြရည်ညိုလား ဝတ်ရည်ညိုလားမသိ။

❑

"မြရည်ညို . . . လာခဲ့တော့၊ အောက်မှာ ဗညားဆိုတဲ့လူရောက်နေပြီ၊ နင်ပိရိပါစေနော်၊ ငါမှာ သူ့ကို ပြောသာပြောနေရတာ၊ အလိမ်ပေါ်မှာစိုးလို့ မနည်းကို ချုပ်တည်းထားရတယ်"

ဝင်းပပက အခန်းတံခါးကို ဖွင့်လိုက်ပြီး အခန်းထဲမှာရှိနေသော မြရည်ညိုကိုပြောတော့ . . .

"ဝင်းပပ . . . နင်မှမဟုတ်ဘူး၊ အခု ငါလည်း ကြည့်ဦး၊ ဒီရင်ဖုံးအင်္ကျီအရှည်ကြီးနဲ့၊ ဒီဘီးဆံပတ်ဆံထုံးအတုကြီးနဲ့ ဟိုးခေတ်က အမျိုးသမီးတွေလို ဝတ်ရစားရတာ အသက်ရှုကျပ်လိုက်တာဆိုတာ၊ တစ်ခါဖူးမှ ဒါမျိုးဝတ်ဖူးတာ မဟုတ်ဘူး၊ ဒီကြားထဲ မမမြင့်ညွှန်ကြားထားသလို ဆက်





လုပ်ရဦးမယ်၊ ဒုက္ခပါပဲ၊ ဟဲ့ . . . ငါမှားသွားရင် နင်က မသိမသာ ဘေးနားကနေ ဝင်ထောက်ပေးနော်"

"အေးပါဟယ်၊ ဟဲ့ . . . မြရည်ညို ပြောရဦးမယ်၊ ဒီဗညားဆိုတဲ့လူက ငါတို့ထင်သလို မဟုတ်ပါဘူးဟ၊ လူပုံက ယောကျ်ားဆန်ပြီး ကြည့်ကောင်းတယ်ဟ"

"အမယ်လေးဟယ်၊ သူ့ဖာသာသူ ဘာဖြစ်ဖြစ် အမိကပြောရရင် ဒီနေ့အဖြစ်အပျက်ကို သူမြင်ပြီး စိတ်ပျက်သွားဖို့ပဲ၊ ဒါမှ မြရည်ညိုကိုပါ သူစိတ်ပျက်သွားမှာ"

အခန်းထဲကနေ မြရည်ညိုက အရင်ထွက်လိုက်ပြီး သူမနောက်ကနေ ဝင်းပပက လိုက်ပြီး အိမ်အောက်ထပ်ဧည့်ခန်းရှိရာသို့ လာခဲ့ကြပါတယ်။

❑

ခြေသံကြားသဖြင့် ဗညားထိုင်နေရာကနေ မသိမသာကြည့်လိုက်မိသည်။ တစ်ခုခုတော့ လွဲမှားနေပြီလား မသိပါ။

အသက်အရွယ်ရုပ်ရည်ချောမောနုပျိုခြင်းနှင့် မလိုက်ဖက်လှအောင် ဘီးဆံပတ်ထုံး၊ ရင်ဖုံးအင်္ကျီ၊ ထမီခြေမျက်စိဖုံးအောင် ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးက ဝင်းပပဆိုသော အမျိုးသမီးနှင့် ဧည့်ခန်းထဲသို့ ရောက်လာလို့ဖြစ်သည်။

"ကိုဗညား . . ဒါ မြရည်ညိုရဲ့အမွှာညီအစ်မ ဝတ်ရည်ညိုလေ"

"ဩော် . . . ဟုတ်ကဲ့၊ ဒါနဲ့ စပ်စုတယ်လို့ မထင်ပါနဲ့၊ သူက ဗွီဒီယိုမင်းသမီးအသစ်လား၊ ဗွီဒီယိုသွားရိုက်မလို့ ဇာတ်ဝင်ခန်းအဝတ်အစား ဝတ်ထားတာလား"

"အို . . . မဟုတ်ပါဘူး၊ သူက ဝတ်နေကျပဲ၊ ဒါက သူ့ဖက်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . ဒါက သူ့ဖက်ရှင်ဟုတ်လား"

ဗညားကြားလိုက်ရသည့်စကားကြောင့် ကိုယ့်နားကိုယ် မယုံနိုင်အောင် ဖြစ်သွားသည်။

"သခင်မလေး ဝတ်ရည်ညို၊ ဒီက လူက သခင်မလေးရဲ့အစ်မတော် မြရည်ညိုနဲ့ ဟိုးနိုင်ငံခြားမှာရှိတဲ့ ခမည်းတော်နဲ့ မယ်တော်က လက်ထပ်ထိမ်းမြားဖို့ သဘောတူထားတဲ့သူ . . . ဗညားတဲ့"

"ဪ . . . ဟုတ်လား၊ ခွင့်လွှတ်ပါ မောင်ကြီးရှင့်၊ နှစ်မတော်ရဲ့အစ်မတော်က မန္တလေးတိုင်းဌာနေကို ခရီးလွန်နေတာ ယနေ့ညဉ့်ဦးယံအချိန်မှ ပြန်လည်ကြွမြန်းလာမှာမို့ အားနာစရာတောင် ဖြစ်နေပမောင်ကြီးရယ်၊ မောင်ကြီး တစ်ခုခုသုံးဆောင်ပါ၊ အအေးလား အပူလား"

ဗညား တော်တော်စိတ်ညစ်သွားသည်။ ဘာတွေဘယ်လို ဖြစ်ကုန်ပြီလဲလို့။ မြရည်ညို၏အမွှာညီမဖြစ်သော ဝတ်ရည်ညိုက ယဉ်ယဉ်ကလေးနဲ့များ 'ဂေါက်' နေသလားမသိ။ သို့သော် သူမအမူအရာကြည့်ရတာ စိတ်ဝေဒနာခံစားရသော ပုံစံမျိုးမဟုတ်ပါ။

"မသောက်တော့ပါဘူးဗျာ၊ ဒါနဲ့ ကျွန်တော်က ခင်ဗျားကို ဘယ်လိုစကားပြန်ပြောရမှာလဲ၊ ကျွန်တော်က ခင်ဗျားပြောသလို မပြောတတ်ဘူး၊ ပြဿနာပါပဲဗျာ"

ဗညားခေါင်းကို ကုပ်လိုက်ပြီး ထပြီး နှုတ်ဆက်ကာ ပြန်ရင်ကောင်းမလား စဉ်းစားပါသည်။ သို့သော် ထိုသို့ပြုမူလျှင် ရိုင်းသွားမလားလို့လည်း ကိုယ့်ကိုယ်ကို ပြန်ဆင်ခြင်နေမိသည်။

"မောင်ကြီးဗညား ပြောတတ်သလိုပြောပါ၊ နှစ်မတော်ဝတ်ရည်ညိုကတော့ အမိဝမ်းကြာတိုက်တွင်းက ဆင်းသက်လာကတည်းက ဒီလိုပဲပြောတတ်လို့ ပြောမိသပ ခွင့်လွှတ်ပါ မောင်ကြီး"

"ဒါဆို ခင်ဗျားတက္ကသိုလ်တေဘာတွေ တက်တုန်းကလည်း ဒီလိုပဲ ပြောတာပဲလား၊ စာကျက်တော့ ဘယ်လိုပြောင်းလဲပြီး ကျက်သလဲ၊





ဒီလိုလေသံမျိုးနဲ့ပဲ စာကျက်တာလား၊ လူတွေတော့ ရယ်မှာပဲ"

ဗညားလည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး 'ဘု'တောပစ်လိုက်သည်။

"ဒီလို ကိုဗညားရဲ့၊ ဝတ်ရည်ညိုက စာကိုစိတ်ထဲက ကျက်တာ၊ ကျောင်းမှာကတော့ စကားပြောရင် အခုလိုပဲ ပြောတာပါပဲ၊ ကြာတော့လည်း ရိုးသွားတာပေါ့၊ ကိုဗညားက ဒီနေ့မှတွေ့တာ ထူးဆန်းနေလို့ပါ"

"ဆန်းတာပေါ့ဗျာ၊ ကျွန်တော်က ပထမ 'ဂေါက်'နေတယ်လို့ထင်တာ"

"အို . . . မဟုတ်ဘူး၊ ဝတ်ရည်ညိုက မရူးဘူး၊ သူက ငယ်ငယ်လေးကတည်းက ပြောတယ်၊ သာယာဝတီမင်းရဲ့သမီးတော် ဝင်စားတာတဲ့၊ ဒါကြောင့် ငယ်ငယ်လေးကတည်းက ထီးသုံးနန်းသုံးစကားနဲ့ ပြောလာတာ"

"ဟာဗျာ . . . ခင်ဗျားပြောတာကလည်း နည်းနည်းတော့ ယုတ္တိကင်းမဲ့နေသလိုပဲ၊ ဒီခေတ်ကြီးမှာ ဒါမျိုးတွေလည်း ရှိသေးတာပဲလား၊ သူနဲ့တွေ့တာနဲ့တင် ကျွန်တော့်လာရင်းကိစ္စတောင် ပျောက်သွားပြီ"

"မပျောက်ရပါဘူး မောင်ကြီးရယ်၊ အစ်မတော်မရှိလည်း နှစ်မလေးက ဧည့်ခံစကားပြောပါ့မယ်၊ ဟဲ့ . . . ဝင်းပပ . . . ဒီက မောင်ကြီးကို Coke တစ်ဘူးယူဆောင်ပြီး အအေးတိုက်တော်မူပါ . . . ကြွ . . . ကြွ"

ဝင်းပပက ဧည့်ခန်းထဲကနေ ထွက်သွားပါသည်။

"ဒီလိုကျတော့လည်း သာယာဝတီမင်းရဲ့သမီးတော်ဝင်စားသူက ခေတ်တော့ မီသားပဲ၊ Coke တွေဘာတွေ သိလို့"

"မောင်ကြီးက ရောက်ရောက်ချင်း ပြောရော့မယ်၊ ဒါနဲ့ မောင်ကြီးက ဘဝအသက်မွေးဝမ်းကျောင်းမှုအတွက် အဘယ်လုပ်ငန်းတာဝန်ကို လုပ်ကိုင်ပါသနည်း"

"ကျွန်တော်မျိုးကလား . . . ဟာဗျာ ခင်ဗျားလုပ်တာနဲ့ ကျွန်တော်တောင် ယောင်ကုန်ပြီ၊ ရေကြောမြေကြော လိုက်တယ်မှတ်လို့၊ ခင်ဗျား

www.burmeseclassic.com



မေးမှပဲ ကျွန်တော်က အခုချိန်မှာ အလုပ်လက်မဲ့လူလို ဖြစ်နေပြီ၊ ဟုတ်တော့လည်း ဟုတ်တာပဲ၊ ကျွန်တော်က လက်ရှိမှာ ဘာမှမလုပ်ဘဲ ယောင်နေတာကိုး"

"အို! . . . မောင်ကြီးက ဒီအရွယ်မှာတောင် ဘာအလုပ်မှမလုပ်ဘူး . . . ဟုတ်စ၊ မိဘလုပ်စာထိုင်စားနေတဲ့ လူ့အလေနတ္တော အလကားလူပေါ့ . . . ဟုတ်ပါစ မောင်ကြီး"

ကြားလိုက်ရသည့်စကားကြောင့် ဗညားအခံရခက်သွားပါသည်။ ဝတ်ရည်ညိုဆိုသော အမျိုးသမီးပြောသလို သူ့အဖြစ်ကလည်း ဟုတ်နေလို့ပါ။

"ခင်ဗျားပြောမှပဲ ကျွန်တော်လည်း တကယ့်ကို ဘာမှတန်ဖိုးမရှိတဲ့လူကို ဖြစ်နေပြီ၊ ဟုတ်လည်း ဟုတ်တာပဲ၊ ကျွန်တော်က ဘွဲ့သာရထားတာ၊ ရထားတဲ့ စီးပွားရေးဘွဲ့နဲ့ ဘာမှမလုပ်သေးပဲ မိဘတွေရှာကျွေးတာကိုစား၊ ပိုက်ဆံမရတဲ့ ကိစ္စတွေ လျှောက်လုပ်နေတာကိုး"

"ဘာအလုပ်တွေမို့လို့လဲ၊ စပ်စုတယ်လို့ မထင်ပါနဲ့"

"ဒါကတော့ ဒီအလုပ်ကို ခင်ဗျားစိတ်ဝင်စားမှာ မဟုတ်ဘူး၊ ကျွန်တော့်အလုပ်က အခုပွင့်လင်းလာတဲ့ အုပ်ချုပ်ရေးအစိုးရခေတ်မှာ မတရားဖိနှိပ်ခံရတဲ့ သူတွေဖက်ကနေ ဆန္ဒထုတ်ဖော်ဖို့ အကျိုးဆောင်ပေးတယ်၊ ကိုယ်တိုင်လည်း ပါဝင်ဆင်နွှဲတယ်၊ အဲဒီအတွက် ဘာအကျိုးအမြတ်ကိုမှ မမျှော်ကိုးဘူး၊ နိုင်ငံသားတစ်ယောက်အနေနဲ့ မှန်တဲ့ဖက်ကနေ ပါဝင်တာပေါ့ဗျာ၊ ဒီအတွက် ငွေကြေးကြွယ်ဝတဲ့ မိဘကိုပဲ ကျေးဇူးတင်နေရတယ်၊ ဘာအလုပ်မှမလုပ်ဘဲ ထိုင်စားနေရလို့၊ ကဲဗျာ . . . ခင်ဗျားအဖေး ကျွန်တော်မသောက်တော့ဘူး၊ ခင်ဗျားရဲ့အစ်မ မြရည်ညိုလာရင်သာ ပြောပါ၊ နက်ဖြန် ကျွန်တော်လာခဲ့မယ်လို့"

"အို . . . မောင်ကြီးကလည်း ကောက်ခါငင်ကာကြီးပါလား"

ဗညားက နှုတ်ဆက်ပြီး ဧည့်ခန်းထဲက ထွက်သွားတာကို ဝတ်





ရည်ညိုတဖြစ်လဲ မြရည်ညိုက နောက်ကနေကြည့်ရင်း ရယ်နေတာကို အအေးဗူးယူလာသည့် ဝင်းပပကလည်း ကြည့်ပြီး ပြုံးနေကြတာ ကောင်းမှကောင်းပါပဲ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာကတော့ ရှိနေပြီ
အဲဒါက ...
အကောင်းဆုံးတွေလုပ်ဖို့
အခွင့်အရေးတစ်ရပ်ပါပဲ။
မုန်တိုင်းစဲသောအခါ
ငှက်တွေတေးသီကျူးသလိုမျိုး
ကိုယ်ကလည်း ကြည်ကြည်နူးနူးလုပ်နိုင်ရမယ်။
မျက်လုံးတွေအပွင့်
နှလုံးသားအပွင့်မှာ
အစက်အစဲဆိုတာက
တစဏတာ လျှပ်တပြက်ပေါ်လာတာပဲ
'သင်း'ကို သူငယ်ချင်းလိုသာ ပေါင်းပေတော့။

## အခန်း (၄)

သူတို့နှစ်ယောက်ခမျာ မှာထားသော ဘီယာခွက်ကို မသောက်သေးဘဲ တစ်စုံတစ်ရာကို နက်နက်နဲနဲ စဉ်းစားနေသည်။ ဗညားကလည်း မနက်က ကိစ္စကို ပြန်တွေးနေမိသည်။

"တစ်ခုခုတော့ တစ်ခုခုပဲ ဗညားရ"

ကိုကျော်ကြီးက ထိုစကားတစ်ခွန်းကိုသာပြောပြီး ရပ်တန့်ရင်းက ဘီယာကို တစ်ငုံမော့လိုက်သည်။

"ကိုကျော်ကြီး စကားကို တို့လို့တန်းလန်းမထားနဲ့၊ ပြောစရာရှိရင်လည်း အပြီးပြောဗျာ"

"အေးပါ . . . တင်ဖေညွန့်ရာ၊ ငါအရှိန်ယူနေတာပါကွ"

"ခင်ဗျားအရှိန်က ဘီယာတစ်ဂျားလောက်ကုန်မှ ဂီယာတင်လို့ရမှာလား"

ကိုကျော်ကြီးက တင်ဖေညွန့်စကားကို နားထောင်ပြီး ပြုံးရင်းက ဘီယာကို တစ်ကျိုက်တည်း အသက်မရှူတမ်းမော့ချလိုက်သည်။

"ဗညားကိစ္စက နည်းနည်းထူးတယ်ကွ၊ မြရည်ညိုမှာ အမြွာညီ



www.burmeseclassic.com

www.burmeseclassic.com



အစ်မရှိတယ်ဆိုတာ ဗညားမိဘတွေက ပြောရမှာပေါ့၊ အခုဟာက နည်းနည်းတော့ ဟနေသလိုပဲ၊ ပြီးတော့ ဗညားပြောပုံအရ ဝတ်တာစားတာက အစ ပြောတာအဆုံး ရှေးဆန်နေတယ်ဆိုတော့ နည်းနည်းစဉ်းစားရကျပ်နေတယ်"

"အဲဒါပေါ့ဗျာ . . . နက်ဖြန် မြရည်ညိုနဲ့ကိစ္စကို ခရီးဆက်ရဦးမယ်၊ ဘာတွေဘယ်လိုဖြစ်မလဲ မသိဘူး"

"နေဦး ဗညား၊ ငါအကြံရပြီ"

တင်ဖေညွန့်က ရုတ်ချည်းဆိုသလို စားပွဲခုံကို လက်နှင့်ပုတ်ရင်းက ပြောပါသည်။

"ဒီလိုကွာ . . . မင်းက မြရည်ညိုနဲ့တွေ့ဖို့သွားတာ မတွေ့လာဘူး၊ သူ့အမြွာညီမ သာယာဝတီမင်းရဲ့သမီးတော်ဝင်စားတာနဲ့ တွေ့လာတာဆိုတော့ မင်းကလည်း မြရည်ညိုကို နည်းနည်းတော့ စမ်းသပ်ရမယ်"

"ဘာတွေစမ်းသပ်ရဦးမှာလဲကွာ၊ ငါက ထီးသုံးနန်းသုံးတွေ ပြောရဦးမှာလား"

"မဟုတ်ဘူး ဗညား၊ မင်းကလည်း နောက်ထပ်ကိုယ်ခွဲတစ်ခုဖြစ်တဲ့ ခန့်ညားလုပ်ရမယ်၊ သူတို့မှာတောင် အမြွာညီအစ်မအရင်းရှိသေးတာ၊ မင်းကလည်း ဗညားရဲ့အမြွာညီအစ်ကို ခန့်ညားပေါ့ကွာ၊ သူတို့ကို ပြန်ကလိရမယ်"

"ကြည့်လုပ်ပါဦး တင်ဖေညွန့်ရာ၊ မင်းပြောတာက ရုပ်ရှင်ကြနေတာပဲ"

"ဟုတ်တယ် ဗညား၊ ကိုယ်ကလည်း မြရည်ညိုတို့ကို ရုပ်ရှင်ပြန်ရိုက်ရမှာ၊ မင်းက ခန့်ညားအဖြစ်ကော ဗညားအဖြစ်ပါ သရုပ်ဆောင်ရမှာ၊ ဒါပေမယ့် စရိုက်တူလို့တော့ မရဘူး"

ဗညားစိတ်ညစ်လာပါသည်။ အိမ်က သဘောတူသော မိန်းမတစ်ယောက်ကို သွားရောက်အကဲခတ်သည့်ကိစ္စက တကယ့်ပြဿနာကြီး





ဖြစ်နေလို့လားဟု မေးခွန်းအား ကိုယ့်ဘာသာကိုယ် ပြန်မေးနေမိသည်။

"ငါက ဘယ်လိုစရိုက်မတူတာ လုပ်ရမှာလဲ"

"မင်းက အခုဝတ်ပုံစားပုံ မဝတ်ရဘူး၊ ခန့်ညားအဖြစ် တိုက်ပုံအကျီလည်ကတုံး ဝတ်ရမယ်၊ စာရေးဆရာလုပ်မယ့်သူ ပုံစံမျိုးနဲ့ အတွေးအခေါ်သမားလို ပြောရဆိုရမယ်၊ အဲဒီအမြွာညီအစ်မနှစ်ယောက်ကို အကဲခတ်ရမယ်၊ ငါတော့ သိပ်မယုံချင်ဘူး၊ ဒီတော့ ဗညားတစ်လှည့် ခန့်ညားတစ်လှည့်နဲ့ မင်းသရုပ်ဆောင်ရမယ်၊ မင်းဖတ်ထား၊ မှတ်ထား၊ လေ့လာထားတဲ့ ပညာတွေ ဒီနေရာမှာ လက်စွမ်းပြရတော့မယ်"

တင်ဖေညွန့်စကားကို နားထောင်နေသော ဗညားတစ်ယောက် တစ်စုံတစ်ခုကို သွားစဉ်းစားမိပါသည်။

"အခုချိန်မှာ ဘာမဟုတ်တဲ့ မိန်းမယူမယ့်ကိစ္စနဲ့ ငါအလုပ်တွေ ရှုပ်ရတော့မှာ တာဝန်ကျေပါ့မလားကွ၊ ငါတို့သူငယ်ချင်းတွေက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအတွက် အဲဒီဒေသက ရွာခံတွေနဲ့ ဆုံးရှုံးရတဲ့ မြေယာကိစ္စတွေ သဘာဝပတ်ဝန်းကျင်မပျောက်ပျက်ဖို့အတွက် ကူညီဝိုင်းဝန်းဆန္ဒဖော်ထုတ်ဖို့ အရေးဆိုလှုပ်ရှားချိန်မှာ ငါက မိန်းမနှစ်ယောက်ကြားမှာ ဘဝကို နစ်မွန်းရမှာ မဟုတ်သေးဘူး၊ ငါ့လိပ်ပြာ ငါ မလုံဘူး"

"ဗညားရာ . . . ဒါက အဲဒီကိစ္စကို မင်းအနေနဲ့ လုပ်ပိုင်ခွင့်ရှိပါတယ်၊ အမှန်တရားကို ချစ်မြတ်နိုးပြီး မှန်ကန်တဲ့လူတွေကို ကူညီချင်တဲ့ မင်းစိတ်ဓါတ်ကို လေးစားပါတယ်၊ မင်းမိဘကိစ္စလည်း လုပ်တာလုပ်၊ တစ်ဖက်က မင်းရည်ရွယ်ချက်လည်း မင်းလုပ်လို့ ရပါတယ်ကွာ၊ အခုကိစ္စကလည်း မင်းဘဝရဲ့အချိုးအကွေ့ မဖြစ်လာဘူးလို့ ပြောလို့မရဘူး"

တင်ဖေညွန့်ပြောသော စကားတွေကို နားထောင်နေသော ကိုကျော်ကြီးက . . .

"နက်ဖြန်ကိစ္စကို အရင်လုပ်ကွာ၊ ခန့်ညားဘဝနဲ့ ဘာလုပ်မလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောမလဲ၊ အဲဒါကို အရင်ဆွေးနွေး၊ ကျန်တာက နောက်မှလုပ်၊ ငါလည်း ဘီယာတစ်ဂျားထပ်မှာဦးမယ်"

ကိုကျော်ကြီးကတော့ သူ့ဆန္ဒကို ပြတ်ပြတ်သားသား ဖော်ထုတ်ပြီး သွက်သွက်လက်လက်ပဲ ဘီယာတစ်ဂျားကို မှာပါသည်။

ထို့နောက်တော့ နက်ဖြန်ခါ ဗညားဘဝကနေ ခန့်ညားဘဝ ကူးပြောင်းဖို့ ကိစ္စရပ်များကို သုံးဦးသား ဆွေးနွေးကြတာ ဘီယာဆိုင်မှာ ည (၁၀) နာရီထိုးမှပဲ ပြီးပါတော့သည်။

နက်ဖြန်ကတော့ ခန့်ညားဆိုသောသူကို ကြိုနေပါပြီ။

❑

"မမမြင့်ရေ . . . မြရည်ညိုကတော့ တကယ်ပိုင်တယ် သိလား၊ ဗညားဆိုတဲ့လူ မြရည်ညိုပြောတာဆိုတာကိုကြည့်ပြီး တော်တော်စိတ်ပျက်သွားပုံရတယ်၊ အအေးဗူးယူလာတာတောင် မသောက်ဘဲ ထပြန်သွားတာ"

မနက်က ဖြစ်ပျက်သည့် အတွေ့အကြုံကို ညရောက်တော့ မမမြင့်က မေးပါသည်။ ပထမနေ့မှာ စီစဉ်တာတွေက အပိုအလိုမရှိ ကွက်တိဖြစ်သွားလို့ ဤအကြံကိုပေးသော မမမြင့်က ကျေနပ်နေပါသည်။

"မမမြင့်ရယ် . . . ကျွန်မဖြင့် အဲဒီလူရှေ့မှာ ထီးသုံးနန်းသုံးစကားတွေပြောပြီး ဟန်ဆောင်သာနေရတယ်၊ စိတ်ထဲရယ်ချင်တာကောမှားမှာစိုးလို့ တုန်တုန်ရီရီဖြစ်နေတာကို မနည်းစိတ်ထိန်းထားရတာ၊ ဟိုလူကတော့ တော်တော်စိတ်ဓါတ်ကျသွားပုံရတယ်၊ နက်ဖြန် မြရည်ညိုတဖြစ်လဲပြီး အဲဒီလူနဲ့ ဘာတွေဖြစ်လာဦးမလဲ မသိဘူး"

မြရည်ညိုက မနက်က ကိစ္စကို ပြောနေရင်းက မျက်စိထဲပြန်မြင်မိနေမိပါသည်။

"မြရည်ညိုကို မမမြင့်ပြောမယ်၊ နက်ဖြန်မှာလည်း ဗညားကိုထပ်





ပြီး ကြောင်ကွက်နင်းရမယ်၊ နက်ဖြန်ရောက်ရင် ဝင်းပပက ဗညားနဲ့မဆုံနဲ့၊ မမမြင့်နဲ့ မြရည်ညိုနဲ့တွေ့မယ်၊ သူ့ကို အကဲခတ်လို့ရတာပေါ့၊ ဒါနဲ့ သူက ဘာအလုပ်လုပ်တာလဲ"

မမမြင့်က မေးသောအခါ မြရည်ညိုက ရယ်ရင်း . . .

"ဘွဲ့ရအလုပ်လက်မဲ့လေ၊ မိဘတွေရှာတာကို ထိုင်စားရင်း ပိုက်ဆံမရတဲ့ကိစ္စတွေ လျှောက်လုပ်နေတာ"

"ဒါဆို သူက ကျော်သူတို့ နာရေးကူညီမှုအသင်းမှာ လုပ်တာပေါ့ . . . ဟုတ်လား၊ အင်း . . . သူ့ကိုတွေ့မှ ပြောရဦးမယ်၊ ကုသိုလ်မရချင်နေ အကုသိုလ်မဖြစ်အောင်နေလို့"

"လုပ်ပြီ . . . မမမြင့်ကတော့ ကျွန်မစကားတော့ ဆုံးအောင်နားမထောင်ဘူး၊ ကိုယ်ထင်သလို ပြောတော့တာပဲ၊ အဲဒီဗညားက ပြောတယ်၊ အခု အစိုးရသစ်လက်ထက်မှာ မတရားဖိနှိပ်ခံရသူတွေဖက်ကနေ ဆန္ဒထုတ်ဖော်ဖို့ အကျိုးဆောင်ပေးတယ်၊ ကိုယ်တိုင်လည်း ပါဝင်ဆင်နွှဲတယ်တဲ့"

"မြရည်ညို . . . မြရည်ညိုနဲ့ လူကြီးချင်းသဘောတူတဲ့ ဗညားက နိုင်ငံရေးသမားများ ဖြစ်နေပြီလား မသိဘူး၊ ဒါဆို ဗညားက သေချာတယ်၊ လှိုင်သာယာစက်ရုံက စက်ချုပ်သမတွေ ဆန္ဒထုတ်ဖော်ပွဲမှာ သူဝင်ပါချင်ပါနေမှာ"

"အို . . . ဒါကတော့ ကျွန်မဘယ်သိမလဲ၊ တွေ့တာမှ ခဏလေးရှိသေးတာ၊ ဒါတောင် သူပြောမှသိရတဲ့ဟာ"

"မြရည်ညိုကော မမမြင့်ကော . . . အခုချိန်မှာ ပြောရမှာက နက်ဖြန်ကိစ္စပဲ၊ ဘာတွေဆက်လုပ်မလဲပြော"

"အကြံရှိပါတယ် ဝင်းပပရယ်၊ မမမြင့် ပြောမှာပေါ့၊ ဒီဗညားဉာဏ်ရည်ဉာဏ်သွေး ဘယ်လောက်ရှိတယ်ဆိုတာ မမမြင့် သူ့စကားလုံးတွေကို နားထောင်ပြီး အကဲဖြတ်ပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား ကိုရိုးယားဇာတ်လမ်းတွဲကို တီဗွီက လွှင့်တာတောင် မကြည့်နိုင်ဘဲ အကြိတ်အနယ် အစီအစဉ်တွေ ပြောနေဆိုနေကြတာ အချိန်တွေတောင် ကုန်မှန်းမသိပါ။

❑ ❑ ❑



စိတ်ကူးကောင်းကောင်းတွေနဲ့
အိပ်မက်ဆိုးတွေဆိုတာ
လူတိုင်းမှာ အသီးသီးပိုင်ဆိုင်ကြပါတယ်၊
ကိုယ်ကတော့ ...
ကိုယ့်စိတ်ကူးချိုချိုတွေကြောင့်လားမသိ
အိပ်မက်ဆိုးတော်တော်များများကို
တိုက်ပွဲတိုင်းအောင်နိုင်သူဖြစ်နေသလားမသိ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

တိုက်ပုံအင်္ကျီပင်နီနှင့် လည်ကတုံးအဖြူ ကချင်ပုဆိုးကို ဝတ်လေ့ဝတ်ထ မရှိသောကြောင့် ဗညားမနေတတ်၊ မထိုင်တတ် ဖြစ်ရုံသာမက အိုက်ကလည်း အိုက်နေသည်။ ပိုဆိုးတာက ချွေးက မျက်နှာမှာ ခဏခဏ ထွက်နေသဖြင့် လက်ကိုင်ပုဝါနှင့် သုတ်ရသေးသည်။ လက်ထဲမှာ စာအုပ်ဟာစ်အုပ်ကို ကိုင်ထားရင်းမှ ခြံဝမှာရပ်ပြီး ခြံထဲသို့ လှမ်းကြည့်မိသည်။

ခြံထဲက မြက်ခင်းပြင်မှာရှိသော စားပွဲဝိုင်းမှာ အမျိုးသမီးနှစ်ဦး စကားပြောနေကြသည်။ သူနှင့် သက်တူရွယ်တူရှိမည့် အမျိုးသမီးတစ်ဦးက ခြံဝင်းတံခါးဖက်ကို ကျောပေးထားသည်။ ဝတ်ထားစားထားတာက အိမ်နေရင်းဆိုပေမယ့် ခေတ်ဆန်သည့်ပုံမျိုးဖြစ်သဖြင့် ဝတ်ရည်ညို၏ အစ်မ သူ့မိဘတွေ သဘောတူသော မြရည်ညိုပဲ ဖြစ်ရမည်ဟု သူက တွေးမိသည်။ သူ့ဘေးနားက မျက်မှန်နှင့် အမျိုးသမီးကတော့ မနေ့က သူလာတုန်းက မတွေ့ခဲ့ရ။

မနေ့က ရောက်ခဲ့ဖူးသော အိမ်ကို သည်ကနေ့ ခန့်ညားအဖြစ်နှင့် ဒုတိယအကြိမ်ပြောက်လာခဲ့ရပြန်သဖြင့် ဗညားပုံစံမပေါက်ဖို့ ပိရိဖို့





တော့ လိုမည်ဟု။

လူခေါ်ဘဲလ်ကို နှိပ်လိုက်သဖြင့် မျက်မှန်နှင့် အမျိုးသမီးက ခြံဝကိုလှမ်းကြည့်ပြီး ထိုင်ရာကနေ ခြံတံခါးရှိရာသို့ လှမ်းလာနေသည်။

"ဗညားထင်တယ်"

ထိုအမျိုးသမီးက ခြံဝင်းတံခါးကိုဖွင့်ရင်းမှ သူ့ကိုမေးလိုက်ပြီး သူဝတ်ထားစားထားတာကို အသေးစိတ်အကဲခတ်လိုက်သည်။

"မဟုတ်ပါဘူး၊ ကျုပ်က သူ့ရဲ့အမြွှာညီအစ်ကို ခန့်ညားပါ၊ သူက အကြီး၊ ကျုပ်က အငယ်ပါ"

"ခန့်ညား ဟုတ်လား"

ဗညားပြောလိုက်တာကို ထိုအမျိုးသမီးက မထင်မှတ်တာ ကြားလိုက်ရလို့ ဖျံ့အားသင့်သွားသလို ဖြစ်သွားသည်။

"လာ . . . လာ . . . မြရည်ညိုဆီသွားရအောင်"

ဗညားလည်း နောက်ကနေ လိုက်ပါလာပြီး မြက်ခင်းပြင်ရှိ စားပွဲဝိုင်းရှိရာသို့ လာခဲ့သည်။

"မြရည်ညိုရေ . . . သူက ဗညားမဟုတ်ဘူး . . . ခန့်ညားတဲ့၊ ဗညားနဲ့ အမြွှာညီအစ်ကိုတဲ့၊ သူက အငယ်တဲ့၊ မမြင့်က သူဝတ်ထားတာကိုကြည့်ပြီး NLD ပါတီကလူမှတ်နေတာ"

"ဩော် . . . ခန့်ညားတဲ့လား၊ ထိုင်ပါ"

မြရည်ညိုက နည်းနည်းဖျံ့အားသင့်သလို ဖြစ်သွားတာကို ဗညား သတိထားမိသလို ဖြစ်သွားသည်။ မြရည်ညိုဆိုသော အမျိုးသမီးက ဝတ်ရည်ညိုနှင့် ဘီးဆံပတ်ဆံထုံးမထုံးတာ၊ ရင်ဖုံးအင်္ကျီမဝတ်တာသာ ရှိသည်။ အမြွှာဆိုပေမယ့် ရုပ်ချင်းက ခွဲမရအောင် တော်တော်ကို တူနေသည်။

"ကျုပ်အစ်ကိုဗညားက ဒီနေ့မနက် အားချင်းဆိုသလို သူ့အလုပ်ကိစ္စအရေးပေါ်လာလို့ သွားရတယ်၊ နှစ်ရက်လောက်ကြာမယ်၊ မနေ့က တော့ သူဒီလာတာ ဒီက မမြရည်ညိုနဲ့မတွေ့ဘူး ပြောပါတယ်၊ မဝတ်



www.burmeseclassic.com

www.burmeseclassic.com



ရည်ညိုနဲ့ပဲ တွေ့ခဲ့တယ်တဲ့၊ ဒါကြောင့် ဒီနေ့ ကျုပ်ကို သူမလာနိုင်တဲ့ အကြောင်း တောင်းပန်ခိုင်းလို့ လာတာပါ။ ကျုပ်အစ်ကိုဖက်က ပျက်ကွက်တာရှိရင် ခွင့်လွှတ်ပေးပါ"

"ရပါတယ်ရှင် . . . ကျွန်မလည်း မနေ့ကမှ မန္တလေးက ပြန်ရောက်တာလေ၊ ရှင့်ရဲ့အစ်ကို ညီမလေးနဲ့ မနေ့ကဆုံလို့ စိတ်များညစ်သွားသလား မသိဘူး"

"ဘာစိတ်ညစ်စရာလိုမှာလဲ မမြရည်ညို၊ လူဆိုတာ ကိုယ့်အထင်နဲ့ ကိုယ်ရှင်သန်ခွင့်ရှိနေတာပဲ မဟုတ်လား၊ ကိုယ့်ရှင်သန်မှုဟာ တစ်ပါးသူကို ဒုက္ခမပေးရင် ပြီးတာပါပဲ၊ လောကဇာတ်ခုံ၊ ဤလူ့ဘုံ၌၊ မျိုးစုံထကြွ မာန်မာနနှင့် ငါသူဌေး ငါပဂေးဟု ငါသွေးတက်ကြွ လူ့တလတ္တိ သေလျှင်မြေကြီး ငါဘယ်မှာတည်းတဲ့၊ အဲဒီ ဆီးဘန်နီဆရာတော်ဘုရားကြီးရဲ့ သံဝေဂကဗျာထဲကလို လူစားမျိုးမပါရင် ပြီးတာပါပဲဗျာ"

"ရှင် . . . ဪ . . . ဟုတ်တာပေါ့"

မြရည်ညို နည်းနည်းစိတ်ညစ်သွားပါသည်။ စကားကောင်းပြောနေရာကနေ ဘယ်ကနေဘယ်လို သံဝေဂကဗျာတွေဘာတွေ ရွတ်သွားရပါသလဲလို့။

"မိတ်ဆက်ပေးရမယ်၊ ဒါက မမမြင့်တဲ့၊ စိတ်ကျန်းမာရေးအတိုင်ပင်ခံပညာရှင်ပေါ့။ ကျွန်မရယ် ညီမလေးရယ် ညီမလေးသူငယ်ချင်း ဝင်းပပရယ်က အတူတူနေကြတာ၊ ဪ . . . ပြောရဦးမယ်၊ ညီမလေးကလည်း ဝင်းပပနဲ့ ဒီမနက်ပဲ ပဲခူးကိုသွားလေရဲ့၊ သူ့ရဲ့ဘဝဟောင်းက ဆွေတော်မျိုးတော်တွေအတွက် ညက မေတ္တာပို့အလှူလုပ်ဖို့ ရွှေမောဓေါ ဘုရားမှာ သုံးရက်အဓိဋ္ဌာန်ဝင်ပါဆိုပြီး အိပ်မက်ပေးတယ် ပြောတာပဲ၊ ပဲခူးက အမျိုးတွေအိမ်မှာနေကြမှာ"

မြရည်ညို၏စကားကို နားထောင်နေသော ဗညားက နည်းနည်းစဉ်းစားချင်သလို ဖြစ်သွားပါသည်။





"နိုင်ငံခြားက ကျွန်မရဲ့မိဘတွေက ရှင့်အစ်ကိုဗညားမှာ အမြွှာညီအစ်ကိုရှိတယ်ဆိုတာ ထည့်မပြောထားတာက ရှင်တို့မိဘတွေကောကျွန်မတို့ရဲ့မိဘတွေကပါ ဘာဖြစ်လို့ လျှို့ဝှက်ထားလဲ မသိဘူး"

"ဒါကတော့ မလိုအပ်လို့ ထင်ပါရဲ့ဗျာ၊ ကျုပ်မိဘတွေက သူတို့ရဲ့သားအကြီး ကျုပ်ရဲ့အစ်ကိုကို ခင်ဗျားတို့ အမြွှာညီအစ်မထဲက အကြီးဖြစ်တဲ့ ခင်ဗျားနဲ့ အကြီးအကြီးချင်း ဖြစ်စေချင်တဲ့ဆန္ဒကြောင့် ထင်ပါတယ်"

"ဒါကတော့ ဗညားနဲ့ ကျွန်မက လူချင်းမှ မတွေ့ဘူးသေးတာကိုး"

"တွေ့ရမှာပေါ့ဗျာ၊ လူကြီးတွေက 'စီစဉ်ပေးထားတာပဲ"

"ရောက်ကတည်းက စကားချည်းပဲ ပြောနေတာ၊ မမမြင့်ရေ . . . ဒီက ကိုခန့်ညားအတွက် ကော်ဖီလေးဘာလေး လုပ်ပါဦး"

"ကောင်းပြီ . . . ခဏလေးနော်"

မမမြင့်က သူတို့နှစ်ယောက်နားကနေ ထွက်သွားပါသည်။ ဗညားက မြရည်ညိုကို ဘာစကားမှမပြောဘဲ အလာတုန်းက လက်ထဲကိုင်ထားသော စာအုပ်ကို ဟိုလှန်ဒီလှန် လှန်ရင်းမှ တိုက်ပုံအင်္ကျီထဲမှ ဆေးတံကိုထုတ်ပြီး ဗူးထဲမှဆေးထည့်ကာ မီးညှိဖွာလိုက်သည်။ ပြီးမှ တစ်စုံတစ်ရာကို သတိရမိဟန်တူပါ၏။

"မှားသွားပြီ . . ကျုပ်က မိန်းကလေးတစ်ယောက် ရှေ့တည့်တည့်မှာ ဆေးတံသောက်မိနေတာ မမြရည်ညိုက ကြိုက်မှာမဟုတ်ဘူး . . . ခွင့်လွှတ်နော်၊ ဒါမျိုး ကျုပ်မလုပ်သင့်ဘူး"

ဗညားက ဆေးတံကို မသောက်တော့ဘဲ လက်ထဲမှာ ကိုင်ထားလိုက်သည်။

"ရပါတယ် . . . ယောကျ်ားလေးတော်တော်များများက ဆေးတံသောက်တာ တော်တော်ရှားတယ်၊ ရှင်က ဒီလိုအလိုက်သိလို့ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်ပါတယ်"

"မလိုပါဘူးဗျာ . . . ရပါတယ်၊ ဒါက လောကဝတ်ပဲ၊ လူရယ်လို့ဖြစ်လာမှတော့ လူတွေ လူ့အဖွဲ့အစည်းထဲမှာ လိုက်နာအပ်တာတွေ လိုက်နာရမှာပေါ့"

"ရှင်က အဘိဓမ္မာဆန်ဆန်တွေပြောတာ သတိထားမိတယ်၊ ဘယ်မှာလုပ်တာလဲ၊ သာသနာရေးဦးစီးဌာနမှာလား"

မြရည်ညိုက ဗညားအား ရယ်ကာမောကာနှင့် မေးလိုက်သည်။

"မမြရည်ညိုက ပြောတော့မယ်၊ ကျုပ်က စာရေးဆရာလုပ်ဖို့ ကြိုးစားနေတာ၊ အတွေးအခေါ်နဲ့ စီမံခန့်ခွဲမှုပါတဲ့ စာပေမျိုးပေါ့ဗျာ"

"သြော် . . . စာရေးဆရာ အလောင်းအလျာကိုး"

"ဒီလိုပဲ ကြိုးစားရမှာပေါ့ဗျာ . . . ဟုတ်ဖူးလား"

ထိုအချိန်မှာပဲ မမမြင့်က ကော်ဖီနှင့်မုန့် လာချပေးပါသည်။

"ဒါ . . . ကျုပ်ကို စားဖို့ ယူလာပေးတာဆိုတော့ ခင်ဗျားတို့ပြောတာ မစောင့်ဘူး၊ ကျုပ်တော့ ဆာလို့ စားပြီ"

ဗညားက လာချပေးသော ကော်ဖီကို တစ်ငုံသောက်လိုက်ပြီး ကိတ်မုန့်ကို စားနေသည်။

"မမမြင့် . . . ကိုခန့်ညားက စာရေးဆရာလုပ်ဖို့ ကြိုးစားနေတာတဲ့"

မြရည်ညိုက မမမြင့်ကိုပြောတော့ . . .

"မမမြင့်သိသလောက်ကတော့ စာရေးဆရာကောင်းတစ်ဦးဖြစ်ဖို့ဆိုတာ မလွယ်ဘူးနော် ခန့်ညားရဲ့"

ဗညားက မမမြင့်စကားအဆုံးမှာ . . .

"ဟုတ်တာပေါ့၊ ဒါကိုတော့ သာဓကတစ်ခုနဲ့ ကျုပ်ပြောပါရစေ"

"ဘယ်လိုသာဓကလဲ ခန့်ညားရဲ့၊ ပြောပါဦး"

"ဒီလိုဗျ၊ လူငယ်တစ်ယောက်က ဂရိခေတ်တုန်းက ဒဿနိက





ဆရာကြီးဆော့ခရတ္တိဆီရောက်လာတယ်၊ ကျွန်တော်အသိပညာတွေ သိချင်လို့ချင်၊ တတ်မြောက်ချင်လို့ပါလို့ ပြောတယ်၊ ဒီတော့ ဆော့ခရတ္တိက မင်းမှာ လိုချင်တပ်မက်စိတ် ဘယ်လောက်ရှိသလဲမေးတော့ အဲဒီလူငယ်က ကျွန်တော်အသိပညာကို ရအောင်ယူမယ်လို့ ပြောရော၊ ဒီတော့ ဆော့ခရတ္တိက သူ့ကို မြစ်ဆိပ်ခေါ်သွားတယ်၊ မြစ်ဆိပ်ရောက်တော့ ရေထဲနှစ်ယောက်အတူတူဆင်းသွားပြီး လည်ပင်းနားလောက် ရောက်တဲ့နေရာလည်းရောက်ရော ဆော့ခရတ္တိက အဲဒီလူငယ်ကို ရေအောက်ထဲအတင်းခေါင်းကိုပါနှစ်ပြီး တွန်းလိုက်တယ်၊ လူငယ်က ရုန်းရင်း ဦးခေါင်းပေါ်လာတော့ ဆော့ခရတ္တိက မေးတယ်၊ မင်းရေမွန်းနေတုန်းက ဘာကိုအတောင့်တဆုံးလဲတဲ့၊ လူငယ်က အသက်ရှူဖို့ လေကိုအလိုချင်ဆုံးပဲလို့ ဖြေတယ်၊ ဆော့ခရတ္တိက မင်းဟာ ရေမွန်းနေတုန်းက လေကိုရှူဖို့ အပြင်းအထန်တောင့်တနေသလိုမျိုး အသိပညာကို လိုချင်ရင်လည်း အဲဒီလို အပြင်းအထန်တောင့်တမှ အသိပညာရလိမ့်မယ်လို့ ပြောတယ်၊ ဒီတော့ ကျုပ်လည်း စာရေးဆရာဖြစ်ဖို့ လေ့လာတယ်၊ ဖတ်တယ်၊ တွေးတယ်၊ အဲဒီလို အပြင်းအထန်တောင့်တစိတ်ရှိမှတော့ တစ်နေ့ဖြစ်ကိုဖြစ်ရမယ်လို့ ကျုပ်ယုံတယ်"

ဗညားစကားအဆုံး မမမြင့်နှင့် မြရည်ညိုက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပါသည်။

"အမယ်လေး . . . စာရေးဆရာလုပ်မယ့်လူက သိုင်းဝန်းပြီးပြောတတ်သားပဲ၊ ရိုးရိုးပြောလည်း ရတာကို စီကာစဉ်ကာနဲ့ ပြောတာကိုက စာရေးဆရာဖြစ်ဖို့ ကျိန်းသေနေပြီ၊ နက်ဖြန်လည်း လာခဲ့ပေါ့၊ အားရင် ပြောတာနော်၊ စကားလေးဘာလေး ပြောရတာပေါ့၊ မင်းက ဗဟုသုတရှိပုံရတယ်"

"ကျုပ်ဟာ ကျုပ်အမြင်ကိုမလာနိုင်လို့ လာပြောရတာပါ၊ ထင်လာလို့ ကောင်းပါ့မလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



မမမြင့်စကားကို ဗညားက ငြင်းဆိုသောအခါ မြရည်ညိုက-

"ဘာဖြစ်လဲ လာလို့ရပါတယ်၊ ကိုခန့်ညားရဲ့အစ်ကိုနဲ့ ကျွန်မက ဆုံဖူးသေးတာမှ မဟုတ်တာ၊ ဒါပေမယ့် ရှင်တစ်ခုတော့ ပြင်ရမယ်၊ ကျွန်မတို့နဲ့ စကားပြောရင် ဒီကျုပ်ဆိုတဲ့ဟာကြီး ထည့်မပြောဖို့"

"ဒါတော့ မလုပ်ပါနဲ့ဗျာ၊ ဒီကျုပ်ဆိုတာက ခန့်ညားဆိုတဲ့လူရဲ့ အမှတ်အသားပဲ၊ အဖေတို့အမေတို့ကလည်း အဲဒီလိုပြောတာ သဘောကျတာ၊ ဒီကျုပ်ဆိုတာ ကျုပ်ရဲ့တန်ဘိုးပါပဲဗျာ၊ နားလည်ပေးပါ"

မြရည်ညိုက ခန့်ညားစကားနားထောင်ပြီး ဘာမှပြန်မပြောဘဲ ခန့်ညားမျက်နှာကိုကြည့်ပြီး တစ်ခုခုကျေနပ်သွားသလိုဖြစ်တာကို မမမြင့် ကောင်းကောင်းကြီး သတိထားမိသွားသည်။ အင်း . . . ဘာတွေဖြစ်လာဦးမလဲလို့။

❑ ❑ ❑



မျှော်လင့်ခြင်းမျှာ
စိတ်ကူးကနေ နိုးထခဲ့ပေါ့။
နိုးရိမ်စိတ်တွေများနေရင်
ဓရိုးဆိုတာ ကိုယ်သွားချင်တိုင်း
သွားလို့ဘယ်ရပါ့မလဲ ...။
ကိုယ်က စိတ်မဝင်စားမှတော့
ဘာက စိတ်ဝင်စားစရာ ဖြစ်တော့မှာလဲ။
တကယ်တော့ ကိုယ်တို့တစ်တွေဟာ
ကမ္ဘာကြီးကို 'ခွ' ထိုင်ပြီး
လောကပြဇာတ်ထဲ ပါဝင်သရုပ်ဆောင်ရင်း
နေ့ခွဲတွေကို ပြက္ခဒိန်စာမျက်နှာတွေပေါ်ကနေ
တစ်ရွက်ချင်းဆုတ်ဖြဲနေတာပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

မနက်က ကိစ္စကို ရောက်ကတည်းက ပြောချင်ပေမယ့် ကြားကိစ္စတွေပေါ်လာသဖြင့် ဗညားမအားရပါ။ ဗညားနှင့် ဝါသနာတူ လူမှုရေးအကျိုးဆောင်အဖွဲ့ဝင်များ ရောက်လာသဖြင့် စကားပြောရဆိုရသေးသည်။ သူတို့က 'ကမ္ဘာ့ငြိမ်းချမ်းရေးနေ့' အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့တော်ခန်းမရှေ့ ဆူးလေဘုရားကနေ အင်းလျားကန်ပေါင်ရိုးသို့ ငြိမ်းချမ်းစွာ လမ်းလျှောက်ဆန္ဒထုတ်ဖော်ရင်း ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ကို ဆင်နွှဲမည်၊ ငြိမ်းချမ်းရေးကျောက်တိုင်စိုက်မည်ဟု ပြောပါသည်။

ဗညားက ဆန္ဒထုတ်ဖော်တာက ကိစ္စမရှိ၊ ကိုယ်ဖြတ်သန်းမည့်သက်ဆိုင်ရာမြို့နယ်အာဏာပိုင်တွေထံမှာ ခွင့်ပြုချက်မတောင်းခံလျှင်တော့ ပြဿနာဖြစ်နိုင်ပြီး စကားပြောရလိမ့်မည်ဟု ပြောမိသည်။ ထို့အပြင် အင်းလျားကန်ပေါင်ရိုးမှာ ကျောက်တိုင်စိုက်မည့်ကိစ္စကလည်း စည်ပင်မြေဖြစ်သည့်အတွက် စည်ပင်သာယာထံမှ ခွင့်ပြုမိန့်မတောင်းခံလျှင် နေ့ကျောက်တိုင်စိုက်၊ ညပြန်ပြီး ထိုကျောက်တိုင်ကို သက်ဆိုင်ရာက ရှင်းပစ်မှာပဲလို့ ပြောမိသည်။ ကိုယ်လုပ်ချင်သည့်အရာများကို တရား





ဥပဒေဘောင်ထဲကနေ တစ်ဖက်အာဏာပိုင်က လုပ်ပိုင်ခွင့်ရှိကြောင်း ပြောပြခဲ့သည်။ ဗညားကတော့ အင်းလျားကန်ပေါင်ရိုးကနေ စောင့်နေမည်ဟုသာ ပြောခဲ့သည်။ ဗညားစကားကို သိပ်တော့သဘောမတွေ့မှန်း ဗညားသဘောပေါက်ပါသည်။ သို့သော် သူတို့လုပ်ရပ်အတွက် သူတို့က ဗညားပြောလည်း ရမှာမဟုတ်ပါ။ သည်တော့ ကိုယ်ကလည်း သူတို့နှင့်အတူ အခြေအနေကို အကဲခတ်ပြီး လိုက်ပါစီးမျောဖို့သာ လိုပါသည်။

အခုလို ညနေပိုင်းရောက်လာတော့ လက်ဖက်ရည်ဆိုင်မှာ တင်ဖေညွန့်နှင့် ကိုကျော်ကြီးတို့နှစ်ယောက် လုံးဝမရှိမှာ သေချာသည်။ သည်တော့ ဘီယာဆိုင်မှာ ရှိကိုရှိရမည်ဟု တထစ်ချ စိတ်ထဲကထင်သည့်အတိုင်းပါပဲ ကိုကျော်ကြီးနှင့် တင်ဖေညွန့်က ဘီယာဆိုင်မှာ မျက်နှာချင်းဆိုင်ထိုင်လျက် အနေအထားကနေ ဘီယာတစ်ယောက်တစ်ခွက်စီ သောက်ထားလျက် ရှိနေသည်။

သူတို့နှစ်ယောက်ကြည့်ရသည်မှာ အကြောင်းအရာတစ်ခုခုအတွက် ဖြေရှင်းမည့်အနေအထားမျိုးမှာ ရှိနေလို့ ကိုယ့်လာရင်းကိစ္စကို မပြောသေးဘဲ သူတို့နားမှာ ဝင်ထိုင်လိုက်သည်။

"ငါ စောစောက ပြောသလိုပေါ့ တင်ဖေညွန့်ရာ၊ ဒီတော့ ငါက အကြောင်းအရာတစ်ခုကို မေးမယ်၊ ဒါပေမယ့် ငါက မေးရမှာဆိုတော့ အဖြေကို သိနေတော့ ဒီလိုလုပ်၊ မင်းက ငါမေးတာကို မှန်အောင်မဖြေနိုင်ရင် မင်းက ငါ့ကို ငါးထောင်ပေး၊ ငါက မဖြေနိုင်ရင် မင်းကို ငွေတစ်သောင်းခွဲပေးမယ်"

"ခင်ဗျားလည်း ခင်ဗျားဖတ်ထားတဲ့ စာအုပ်ထဲက မေးတာဆိုတော့ ခင်ဗျားဖက်ကပိုင်လို့ မေးတာ၊ ဒီတော့ ခင်ဗျားက ကျိန်းသေတယ်၊ ကျွန်တော်ကတော့ စဉ်းစားပြီး မေးရမှာဆိုတော့ ခင်ဗျားဖြေနိုင်မှာပါ"

"ဒါပေါ့ကွ၊ ငါက ဗဟုသုတသမားပဲဟာ"

တင်ဖေညွန့်က အမိပ္ပါယ်ပါပါနှင့်ရယ်ပြီး ပြောတာကို ကိုကျော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ဘာမှမသိဘဲ သူ့စကားကိုသူ အဟုတ်ကြီးထင်နေပါသည်။ တင်ဖေညွှန့်ပြုံးတာ ရိုးရိုးပြုံးတာမျိုး လုံးဝမဟုတ်ဘူးဆိုတာ ဗညားအကဲခတ်မိပါသည်။

"ဒါဆို ကိုကျော်ကြီးက စမေး"

"မေးမယ် တင်ဖေညွှန့်ရာ၊ လွယ်လွယ်လေးပါ၊ တောင်အာဖရိကသမ္မတဟောင်းနယ်ဆင်မင်ဒဲလားမှာ မိန်းမဘယ်နှစ်ယောက်ရှိသလဲ၊ လွယ်ပါတယ်ကွာ . . . လူတိုင်းနီးပါးသိတယ်"

"နေဦး ကိုကျော်ကြီးရ၊ ခင်ဗျားရဲ့မေးခွန်းက နိုင်ငံရေးစာပေမဖတ်တဲ့ ကျွန်တော့်အတွက် တော်တော်စားပြီ"

တင်ဖေညွှန့်က ဘီယာတစ်ခွက်ကို ကုန်အောင်သောက်လိုက်သည်။

"ရော့ . . . ကိုကျော်ကြီး၊ ကျွန်တော်အရှုံးပေးတယ်၊ ခင်ဗျားဖြေပြ"

တင်ဖေညွှန့်က အင်္ကျီအိတ်ထဲမှ ငွေငါးထောင်တန်တစ်ရွက်ကို ထုတ်ပြီး ကိုကျော်ကြီးအား ပေးလိုက်သည်။

"မခက်ပါဘူး တင်ဖေညွှန့်ရာ၊ မင်းက နိုင်ငံတကာသတင်းနဲ့ စာပေကို စိတ်မဝင်စားလို့ပါ၊ မင်ဒဲလားက မိန်းမသုံးယောက်ရှိတယ်ကွ၊ ပထမ,မယားက ဧယ်ပေါင်းနဲ့ ကလေးသုံးယောက်ရပြီးမှ ဝင့်နီဆိုတဲ့ အမျိုးသမီးနဲ့ ညားတယ်၊ သူက ချောတယ်၊ အဲ . . . သူနဲ့လည်း ထောင်ကထွက်ခါနီးမှာ ကွဲသွားတယ်၊ နောက်ဆုံးမိန်းမက ကွယ်လွန်သွားတဲ့ ဇင်ဘာဘွေနိုင်ငံသမ္မတရဲ့မိန်းမကို ပြန်ယူထားတာ၊ အသက်ခုနှစ်ဆယ်လောက်ရောက်မှ လက်ထပ်ဖြစ်တာကွ၊ ကဲ . . . ဒီတော့ နိုင်ငံတကာစာပေကို လေ့လာထားပါကွာ၊ ကဲ . . . ငါ့ကိုကော ဘာမေးမှာလဲ၊ ဖြေဖို့ အသင့်ပဲ"

တင်ဖေညွှန့်ပေးသော ပိုက်ဆံငါးထောင်ကို လက်ကကိုင်ရင်း ကိုကျော်ကြီးက တကယ့်ဂုဏ်ယူသော ပုံစံမျိုးဖြင့် ဗညားကိုကြည့်ကာ





လက်ကျန်ဘီယာကို မော့သောက်ပါသည်။

"ကိုကျော်ကြီးကို ကျွန်တော်မေးမယ်၊ ရိုးယဲမစ်ဒရစ်က ကမ္ဘာကျော်ဘောလုံးသမား စီရော်နယ်ဒိုက တကယ့်အလှမယ်တွေနဲ့ချည်း သမီးရည်းစားဖြစ်ခဲ့တာ၊ အဲဒီနာမည်တွေကို အားကစားဂျာနယ်ဖတ်တော့ ကိုကျော်ကြီးသိမှာပဲ၊ ဒီတော့ ရော်နယ်ဒိုလေး ပေါ်တူဂီစပို့တင်းလစ်စဘွန်းအသင်းကနေ မန်ယူဘောလုံးအသင်းကို ပြောင်းလာတော့ သူ့မှာ ရည်းစားရှိခဲ့လား၊ မရှိဘူးလား၊ အဲဒါကို ဖြေ"

တင်ဖေညွှန့်စကားအဆုံး ဘီယာသောက်နေရင်း နားထောင်နေသော ကိုကျော်ကြီးတစ်ယောက် ဘီယာကိုပင် ဆက်မသောက်နိုင်ဘဲ မျက်နှာပျက်သလို ဖြစ်သွားပါသည်။

"မင်းမေးခွန်းက လွယ်လွယ်နဲ့ တော်တော်ခက်တာပဲ၊ ရော်နယ်ဒိုလေးရည်းစားတွေရဲ့ နာမည်တွေကိုတော့ ငါသိတယ်ကွ၊ ဒါပေမယ့် မန်ယူကိုပြောင်းလာတော့ ရည်းစားရှိလား၊ မရှိဘူးလားဆိုတာ အဲဒီအချက်ကိုတော့ လုံးဝသတိမထားမိခဲ့ဘူး၊ ရှိလား မရှိလား၊ အဲ . . . ရှိသလိုလို . . . မရှိသလိုလို၊ နေဦးကွာ . . . စဉ်းစားမယ်"

ကိုကျော်ကြီး ဘီယာမသောက်ဘဲ တော်တော်ကြာကြာကို စဉ်းစားပါသည်။ နဖူးပြင်က ချွေးများတောင် ထွက်လာတာ မသုတ်အားပါ။ နောက်ဆုံးတော့ ဆုံးဖြတ်ချက်တစ်ခုခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်ပုံရပါသည်။

"တင်ဖေညွှန့် မင်းမေးခွန်းက လွယ်လွယ်လေးနဲ့ တော်တော်စားသွားပြီ၊ မသိဘူးကွာ၊ ရော့ . . . ဒီမှာ"

ကိုကျော်ကြီးက သူ့အင်္ကျီအိတ်ထဲမှ ငွေကျပ်ငါးထောင်တန်သုံးရွက်ကို နှမြောတသကြေကွဲစွာဖြင့် ကြည့်ရင်းက ပေးလိုက်ပါသည်။ တင်ဖေညွှန့်က လက်မြန်ခြေမြန်ဖြင့် ယူလိုက်သည်။

"ကဲ . . . တင်ဖေညွှန့် . . . မင်းဖြေတော့၊ အဖြေမှန်က ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သိမလဲဗျ၊ သူ့ဖာသာသူ ရှိချင်လည်း ရှိမယ်၊ ရည်းစား မထားချင်လည်း မထားဘဲနေမှာပေါ့၊ ကိုယ့်အလုပ်မှ မဟုတ်တာ၊ ရော့ . . . ဒီအဖြေကိုမသိလို့ ခင်ဗျားကို ကတိအတိုင်း ငါးထောင်ပြန်ပေးတယ်"

တင်ဖေညွန့်က ကိုကျော်ကြီးကို ပိုက်ဆံငွေကျပ်ငါးထောင်တန် တစ်ရွက် ပေးလိုက်သည်။

"ဟော့ကောင် မင်းလူလည်ပဲ၊ သွားပြီ . . . မင်းကို ငါလျှော့တွက်မိတာ၊ ငါ့စကားနဲ့ငါ ခံရပြီ၊ ဗညား . . . ဒီကောင် သက်သက်ငွေငါးထောင်အချောင်ရသွားတာ၊ ကျော်ကြီးတို့ဘဝမှာ နာလိုက်တာကွာ၊ ကိုယ့်ကုတ်နဲ့ကိုယ် ပြန်အရိုက်ခံရတာ"

"ဒါပေါ့ . . . ကိုကျော်ကြီးရာ၊ တင်ဖေညွန့်က အကွက်ချလုပ်တတ်တာ သိရဲ့သားနဲ့ဗျာ၊ ခင်ဗျားတို့ကိစ္စတွေ ထားပါ၊ ကျွန်တော် ဒီနေ့ကိစ္စကို ပြောပြမယ်၊ တိုင်လည်း တိုင်ပင်ချင်လို့ လာတာ၊ ခင်ဗျားတို့ရဲ့ လောင်းကစားထဲမှာ ပိတ်မိသလိုဖြစ်သွားရတာပဲ"

ထို့နောက် ဗညားက မနက်က မြရည်ညိုတို့အိမ်မှာ ဖြစ်ပျက်ခဲ့သည့်ကိစ္စတွေကို အသေးစိတ်ပြောပြပါတော့သည်။ ကိုကျော်ကြီးနှင့် တင်ဖေညွန့်က ဘီယာနောက်တစ်ဂျားမှာရင်း ဘာစကားမှမပြောဘဲ ဂရုတစိုက်နားထောင်လို့ နေသည်။

"ဗညား . . . မင်းပြောပုံအရဆို ခန့်ညားဆိုတဲ့ မင်းရဲ့ကိုယ်ပွားက မြရည်ညိုနဲ့ အဆင်ပြေနိုင်တဲ့ ပုံစံမျိုးမှာ ရှိနိုင်တယ်နော်၊ မင်းတော့ ခုတ်ရာတစ်ခြား ရှရာတစ်ခြား ဖြစ်တော့မယ်၊ ဝတ်ရည်ညိုနဲ့ ဗညားဘဝမှာတော့ မင်းကျိုင်စားနိုင်တယ်နော်"

"ဒီလိုရှိတယ် တင်ဖေညွန့်ရ၊ ဗညား ဒီနေ့သွားတဲ့စတိုင်က ပင်နီတိုက်ပုံနဲ့ မျက်မှန်နဲ့ ဆေးတံနဲ့ ဘာနဲ့ဆိုတော့ ၁၉၆၄ နဲ့ ၁၉၆၅ လောက်က ရန်ကုန်တက္ကသိုလ်ကျောင်းသား ကွန်မြူနစ်ဝါဒယိမ်းတဲ့ပုံစံမျိုး ဝတ်သားစားထားတာ၊ ဟိုက မြင်နေကျမဟုတ်လို့ စိတ်ဝင်စားသွားတာ ဖြစ်





ရမယ်၊ ခန့်ညားဘဝနဲ့ မင်းရှေ့ဆက်တိုးရမှာပဲ"

"ဒါဆို ကိုကျော်ကြီး၊ ဟို . . . ဝတ်ရည်ညိုကိုကျတော့ကော ဗညားဘဝနဲ့ သွားရဦးမှာပဲလား၊ အဲဒါနဲ့ ထပ်တွေ့ရရင် ကျွန်တော်တော့ ဂေါက်ကြောင်ကြောင် ဖြစ်တော့မှာပဲ"

"အတွေ့အကြုံသစ်တွေ ရမှာပေါ့ကွာ၊ ဆက်လုပ်ပေ့ါ"

ဗညားကတော့ နက်ဖြန်ခါ ခန့်ညားတစ်ဖြစ်လဲ ဘာတွေဆက်ဖြစ်လေဦးမလဲဆိုတာ မစဉ်းစားတတ်တော့ပါ။

❑

"မြရည်ညို . . . ဒါဆို ဗညားနဲ့ခန့်ညား နှင်ဘယ်သူ့ကို ရွေးမလဲ၊ ရှေ့လျှောက်တော့ ငါတို့တွေ ဘယ်လိုဇာတ်လမ်းမျိုးတွေ တွေ့ရဦးမလဲ မသိဘူး"

ဝင်းပပကို မနက်ကကိစ္စပြောပြတော့ ဝင်းပပက မေးခွန်းထုတ်ပါသည်။ မြရည်ညိုက . . .

"အဲဒါ တရားခံက မမမြင့်ပဲ၊ အခုတော့ ထီးသုံးနန်းသုံးဘီးဆံပတ်ထုံးတဲ့ဘဝကိုလည်း ရင်ဆိုင်ရဦးမယ်၊ ဒီကြားထဲ ကိုယ်က အမြွှာရှိတယ်လို့ ဟန်ဆောင်ကာမှ တကယ့်အမြွှာနဲ့ လာတွေ့နေတော့ ငါလည်း ဘာလုပ်ရမှန်း မသိတော့ဘူး"

မြရည်ညိုက စိတ်ညစ်သလို အမူအရာမျိုး ဖြစ်သွားပါသည်။ ဒါကို မမမြင့်က ပြုံးပါ၏။

"မမမြင့် . . . ဘာပြုံးတာလဲ"

"မြရည်ညိုကို မမမြင့်မေးမယ်၊ ဗညားနဲ့ခန့်ညား အဲဒီနှစ်ယောက်ကို ဆက်ဆံရတာ ခံစားမှုချင်းက ဘယ်ဟာအားသန်လဲ"

"ဗညားကျတော့ သူ့ပုံစံက ဝတ်ရည်ညိုဆိုတဲ့ဟာကို မြင်ရတော့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်သလိုလို၊ စိတ်ပျက်သလိုလို အလွဲလွဲ၊ အမှားမှားဖြစ်တဲ့ ပုံစံမျိုး ဖြစ်ရတော့ ပြုံးမိတယ်၊ ခန့်ညားကျတော့ ပြောတာဆိုတာကအစ 'ကျွပ်' 'ကျွပ်' နဲ့ ဆေးတံတလည်း ခဲသေး၊ ဝတ်တာကလည်း ဗီနေ့ခေတ်လူငယ်တွေလိုမဟုတ်၊ ဒီကြားထဲ မျက်မှန်က တပ်ထားပြီး စာရေးဆရာပုံနဲ့ ပြောတဲ့စကားတွေကလည်း ကြီးကြီးကျယ်ကျယ်နဲ့၊ ဒါပေမယ့် ဗဟုသုတတော့ ရတယ်၊ သူ့ပုံစံက အမြင်ဆန်းလို့လား မသိဘူး၊ သူ့ကို ပိုခင်ချင်သလိုပဲ"

"မမမြင့်အတတ်ပြောရဲတယ်၊ မြရည်ညိုက ဗညားထက် ခန့်ညားကို သဘောကျနေပြီဆိုတာ"

"မမမြင့်ကလည်း ကျွန်မက ဟိုလိုသံယောဇဉ်ရှိပြီး ချစ်တာမျိုးကို ပြောတာမဟုတ်ပါဘူး၊ စကားပြောလို့ ကောင်းမယ်၊ ခင်လို့ကောင်းမယ် ပြောတာမျိုးကိုပါ"

"စကားကိုကုန်အောင် မပြောနဲ့၊ မြရည်ညိုရဲ့မိဘတွေက ဖူးစာဖက်ကို ပြောင်းပြန်လုပ်ပေးလိုက်သလား မသိဘူးနော်"

မြရည်ညို ဘာမှမပြောပါ။ သူမမျက်ဝန်းထဲမှာ မြင်နေတာက ဆေးတံသောက်နေသော ခန့်ညားပုံပါပဲ။

❑ ❑ ❑



မျက်ဝန်းထဲမှာ

မင်းရဲ့လှပမှုက ထင်ရှားနေပေါ့။

ဒဲ့အလှတရားက

မင်းရဲ့မျက်နှာပြင်က ပေါ်ထွက်လာတာ မဟုတ်ပါ။

မင်းရဲ့နှလုံးသားအိမ်ထဲက ပေါ်ထွက်လာတဲ့

အလင်းရောင်ပါကွယ်။

ဘယ်သူက ...

မင်းရဲ့အလှတရားကို စိုးယူသွားလေမလဲ

အလှတရားဆိုတာ လူတိုင်းမှာ ရှိပေမယ့်

ဘယ်သူက မြင်အောင်ကြည့်တတ်ပါသလဲ။

ကိုယ့်အလှတရားနဲ့ မင်းရဲ့အလှတရား

တစ်ခါတစ်ရံ ထပ်တူကျနေမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ခြံထဲမှာ ပန်းပင်ကလေးတွေကို ရေလောင်းနေရပေမယ့် မျက်လုံးအကြည့်က ဘာကြောင့်မှန်းမသိ ခြံဝသို့ ကြည့်ကြည့်မိနေသည်။ မြရည်ညို နည်းနည်းတော့ ကိုယ့်ကိုယ်ကို အံ့အားသင့်မိသည်။ မနက်အစောကြီး အိပ်ယာကထ ဘုရားပန်းတွေဘာတွေလဲ၊ ရေတွေဘာတွေချိုးပြီး မှန်တင်ခုံရှေ့မှာ အလှပြင်မိရင်းက စဉ်းစားမိပါသေးသည်။ အရင်က နေမြင့်အောင် အိပ်လေ့ရှိတာ အခုမှ ဘယ်လိုဖြစ်လို့ သည်လိုလုပ်မိလေသလဲလို့။ တစ်ခုစိုးရိမ်သွားတာက ကိုယ်က မပြင်မဆင်နှင့် ဖြစ်သလိုဝတ်တာ မတော်တဆ စောစောစီးစီး ခန့်ညားဆိုသောလူ ရောက်လာပြီး စာရေးဆရာပီပီ သူမကို ဝေဖန်လို့က ပွဲကပြီးပြီလို့။ သူက စာရေးဆရာလုပ်မည့်သူဆိုတော့ မြင်ကမြင်တတ်ပါဘိသနဲ့။

"ဟဲ့ . . . အကောင်၊ မရှိမယ့်ရှိမယ့် ကြားတည်းက ဆိုက်ကားနင်းရအောင် ငါက ဟိုပေါင်ဒီပေါင်၊ ဟိုချေးသည်ချေးနဲ့ ဆိုက်ကားအုံနာ စရန်ငွေစပေါ်တင်ပေးတာကို နင်က ဆိုက်ကားပေါင်ပြီး ဖဲရိုက်အရက်သောက်ပစ်တယ်၊ အဲဒါ ဘယ်လိုရှင်းမလဲ၊ ဟဲ့ . . . သေချင်းဆိုးရဲ့ ×××"





မထင်မှတ်ဘဲ ခြံရှေ့လမ်းမပေါ်ကနေ အော်ကြီးဟစ်ကျယ်ရန်ဖြစ်သည့် လေသံမျိုးကြားရသဖြင့် မြရည်ညို လုပ်လက်စအလုပ်ကို ခေတ္တရပ်ပြီး ခြံတံခါးနားသို့ စပ်စုချင်စိတ်ဖြင့် သွားမိသည်။

မြရည်ညိုတို့ ခြံရှေ့နှင့် မလှမ်းမကမ်းလမ်းပေါ်မှာ အသက်ငါးဆယ်အရွယ် အမျိုးသမီးတစ်ဦးက လက်ထဲမှာ ကြွပ်ကြွပ်အိတ်ကို ကိုင်ထားသည်။ ကြွပ်ကြွပ်အိတ်ထဲမှာ ကန်စွန်းရွက်စည်းထည့်ထားတာကို မြင်နေရသည်။ သူ့မအေားနားက လူကတော့ ခြေလှမ်းတွေက ယိမ်းထိုးနေသည်။ မျက်နှာကလည်း အဆီပြန်နေလောင်ပုံစံမျိုးနှင့် ကြည့်ရသည်မှာ အရက်တော်တော်မူးနေပုံ ထင်ရသည်။

"ငါ့ကို မဆဲနဲ့ ကောင်မ၊ ငါ ဖဲရိုက်တာ ကြီးပွားဖို့၊ တစ်ခါတည်း ကလေးနှစ်ယောက်ကျူရှင်လခဖိုး ရမလားလို့ လုပ်လိုက်တာ၊ ရှုံးရင်းနဲ့ အခုလို ဆိုက်ကားပေါင်ဖြစ်သွားတာ၊ နင် ငါ့စေတနာကို မစော်ကားနဲ့၊ ဒါ ငါ့ရဲ့မိဘမေတ္တာ"

"ဘာမိဘမေတ္တာလဲ၊ အဲဒီဆိုက်ကားကို ဘယ်လိုပြန်ရွေးမလဲ၊ ပိုင်ရှင်သိရင် ကိုယ့်ပစ္စည်းမဟုတ်လို့ အဖမ်းခံရနိုင်တယ်ဆိုတာ နင်မသိဘူးလား၊ သေချင်းဆိုး ကာလနာရဲ့ × × × × ×"

"နင် . . . ငါ့ကို မဆဲနဲ့နော်၊ ငါ အဲဒါတွေကြောင့် ညစ်လို့ကို သောက်တာ"

"သောက် . . . သေအောင်သောက်၊ ကလေးတွေ ကျောင်းလခ ဖြေရှင်းမယ်ဆိုပြီး ဒါကို အကြောင်းပြ၊ နင်လုပ်ချင်တာ လုပ်တာကိုများ လူကြားကောင်းအောင် မပြောနဲ့ သေနာ × × × × နင် × × × × အိမ်ရောက်မှသိမယ်၊ လာ × × × × ကာလနာ × × × × ×"

တော်တော်လေး ရုန့်ရင်းကြမ်းတမ်းသည့် မိန်းမပဲလို့။ စောစောစီးစီး လင်းလယ်ခေါင်မှာ ပေါ်သတကြီး ဆဲရေးတိုင်းထွာနေလိုက်သော ပြဿနာတစ်ခုကို အေးအေးဆေးဆေး ရှင်းလို့ရတာပဲလို့။



www.burmeseclassic.com

www.burmeseclassic.com



"မမြရည်ညို . . . ဘာလဲ . . . ရန်ဖြစ်တာကို စပ်စုနေတာလား"

လင်မယားနှစ်ယောက်ရန်ဖြစ်ရင်း မယားဖြစ်သူက လင်ဖြစ်သူ အမူးသမားကို ဆွဲခေါ်သွားတာကို စိတ်ဝင်တစားကြည့်နေသော မြရည်ညို တစ်ယောက် မထင်မှတ်ဘဲ ပြောလိုက်သော စကားသံကြောင့် ကြည့်မိသောအခါ သူမအနီးနားက ခြံတံခါးဝမှာ ရပ်ရင်းက လှမ်းပြောလိုက်သော ခန့်ညားကို မြင်ရသည်။

ကြည့် . . . ဝတ်တာစားတာက မနေ့ကအတိုင်းပဲ။ သည်ကြားထဲ ဆေးတံကို သောက်နေသေးသည်။

"သွားပါပြီ၊ ကျွန်မစပ်စုတာတော့ လူသိပါပြီ"

"ဒါကတော့ လူပဲဗျာ၊ လူဆိုတာ တိရစ္ဆာန်ထက်သာတာ အဲဒီ စပ်စုတာလဲ ပါတယ်၊ တိရစ္ဆာန်တွေမှာက ဒါမျိုးအာရုံခံစားမှု မရှိဘူးလေ"

"ဟုတ်ပါတယ် . . . လာပါ၊ စကားကို အိမ်ထဲရောက်မှပြော၊ ကျွန်မကော်ဖီဖျော်တိုက်မယ်"

ဗညားလည်း မြရည်ညိုနောက်နေ လိုက်လာခဲ့သည်။ ဧည့်ခန်း ထဲရောက်တော့ မြရည်ညိုက . . .

"မမြင့်ရေ . . . ဧည့်သည်အတွက် ကော်ဖီနဲ့မုန့်လုပ်ပါဦး၊ ဒီမှာ လမ်းမမှာ ရန်ဖြစ်လို့ စပ်စုပြီး ကြည့်မိပါတယ်၊ ဝေဖန်မယ့်လူနဲ့ တိုးနေပြီ"

"မြရည်ညို . . . နောက်ဆို အခြေအနေကိုကြည့်ပေါ့၊ ကဲပါ . . ခန့်ညားနဲ့ စကားပြောနေ၊ မမြင့် ကော်ဖီသွားဖျော်ဦးမယ်"

အိမ်ဧည့်ခန်းထဲမှာရှိနေသော မမြင့်က ကော်ဖီဖျော်ဖို့ ထွက်သွားပါသည်။ ဗညားက ဆေးတံဖွာရင်း မတ်တပ်ရပ်ရင်းက ဧည့်ခန်းကို ဒုတိယမ္ပိလေ့လာကြည့်မိနေသည်။

"ဒီမှာ ရှင့်ရဲ့ဆေးတံဖွာတာကြီးကို ချထားလိုက်ပါဦး၊ တကယ် တည်းမှုပဲ . . . ထိုင်ပါ"

"ဟုတ်ကဲ့ပါဗျာ . . . ကျုပ်က ဒီဧည့်ခန်းကိုကြည့်ရင်း တွေးမိလို့





ပါ၊ ကျုပ်တို့ အိမ်များကျတော့ ယောကျ်ားသားပဲရှိပြီး ဒီလိုပစ္စည်းတွေ သူ့နေရာနဲ့သူထားဖို့ လုပ်ပေးမယ့်သူမရှိလို့ ဒုက္ခရောက်နေတာ၊ ဒါကြောင့် ကျုပ်ရဲ့အစ်ကိုကို ခင်ဗျားနဲ့သဘောတူပြီး မိဘတွေက ပေးစားဖို့ ကြံစည် တာများလား မသိဘူး"

"အမယ်လေး . . . ကျွန်မရဲ့ဘဝများ အိမ်သန့်ရှင်းရေးလုပ်ဖို့ ရှင့်အစ်ကိုကို ခင်ပွန်းတော်ရမယ်၊ ကောင်းကြသေးရဲ့လား"

မြရည်ညိုက စိတ်တိုသလို လေသံမျိုးဖြင့် ပြောရင်းက ပြုံးပါ သည်။ ထိုအချိန်မှာပဲ မမြင့်က ကော်ဖီပန်းကန်ကော မုန့်ပါလာချပေး ပါသည်။

"စကားလည်း ပြော၊ စားလည်း စား၊ ဒါနဲ့ ခန့်ညားက စောစော က ရန်ဖြစ်တာကိုမြင်တော့ စာရေးဖို့ ကုန်ကြမ်းတွေ ရမှာပေါ့နော်"

မမြင့်က မေးသောအခါ ခန့်ညားက ဘာမှမပြောသေးဘဲ ဆေး တံကို နှစ်ဖွာသုံးဖွာလောက် ဖွာနေပါသည်။

"ကုန်ကြမ်းရယ်လို့တော့ မဟုတ်ပါဘူးဗျာ၊ ဒါက ဖြစ်လေ့ဖြစ်ထ ရှိတာပဲ၊ လူဆိုတာမျိုးက မနက်မျက်စိနှစ်လုံးပွင့်လာတာနဲ့ အလိုမကျမှု၊ မပြေလည်မှုတွေနဲ့ မျက်နှာသစ်ကြတာပဲ၊ ချမ်းသာတဲ့သူကလည်း ချမ်း သာသလို ဆင်းရဲတဲ့သူက ဆင်းရဲသလိုပေါ့၊ တမင်္ဂတစ်ဖို မရသေးတဲ့ ပုထုဇဉ်လူတွေပဲ၊ ဒီလောက်တော့ ရှိတာပေါ့၊ ငြိမ်းအေးမှု ဘယ်ချပ့်မလဲ၊ စောစောက ဖြစ်တဲ့ကိစ္စမှာ အဲဒီလင်မယားက ပြဿနာကို အိမ်မှာရှင်း လို့ရတယ်၊ ဒါပေမယ့် သူတို့ခံစားမှုကို မချုပ်တည်းနိုင်တော့ ဒေါသတွေ က အထွက်အထိပ်ရောက်ကုန်တာပေါ့၊ အိမ်မှာဆို ဒီထက်တောင် ဆိုး တော့မယ်၊ စောစောက အမျိုးသမီးက သူ့ယောကျ်ားကို ဆဲတာတွေ့ရ တော့ စိတ်ပညာရှင်ဖရိုက်ရဲ့ စကားသွားသတိရတယ်၊ ကျောက်စရစ်ခဲ တွေအစား ရန့်ရင်းကြမ်းတမ်းတဲ့ ဆဲရေးတိုင်းထွာတဲ့ စကားလုံးတွေနဲ့ ပစ်ခတ်တိုက်ခိုက်တဲ့ ပထမဦးဆုံးလူဟာ ယဉ်ကျေးမှုကို ဖန်တီးသူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့၊ ရယ်စရာတော့ ကောင်းတယ်ဗျ၊ ကမ္ဘာမှာရှိတဲ့ လူတွေရဲ့ဆဲဆိုတဲ့ စကားလုံးတွေကို ခွဲခြမ်းစိတ်ဖြာကြည့်ရင် သူတို့အမြတ်တနိုးထားတဲ့ အရာကို နားလည်ဖို့ အကောင်းဆုံးနည်းလမ်းဖြစ်လာမှာ"

ဗညားက သူ့စကားအဆုံးမှာ ဆေးတံကို ဆက်ဖွာဖို့ မီးညှိဖို့ လုပ်စဉ်မှာပဲ မြရည်ညိုက . . .

"ရှင့်မလည်း စကားပြောရင် ဒီဆေးတံမသောက်ဘဲ မနေနိုင်ဘူးလား၊ ချထားလိုက်ဦး . . . ကော်ဖီသောက်ဦး . . . တကယ်တည်း"

"ဟုတ်ပါရဲ့ဗျာ . . . ကျုပ်က အကျင့်ပါသွားလို့ပါ"

ဗညားက ဆေးတံကို စားပွဲခုံပေါ် ပြန်ချထားလိုက်ပြီး ကော်ဖီကို သောက်သည်။

"ခန့်ညားပြောသလိုဆို မမမြင့်တို့တောင် ဆဲနည်းကို သုတေသနလုပ်ရမလိုဖြစ်နေပြီ၊ ဒါနဲ့ ခန့်ညားက ကိုယ့်ရဲ့အစ်ကိုကိုယ်စား ကိုယ့်အစ်ကိုနဲ့ မိဘချင်းသဘောတူထားတဲ့ မြရည်ညိုဆီရောက်လာတော့ မမမြင့်က မေးရဦးမယ်၊ ခန့်ညားက မြရည်ညိုကို ဘယ်လိုမြင်လဲ ပွင့်ပွင့်လင်းလင်း ပြောနော်၊ နောက်ပြီး ခန့်ညားသာဆို ဘယ်လိုမိန်းကလေးမျိုးကို အိမ်ထောင်ဖက်ရွေးမလဲ"

မထင်မှတ်ဘဲ မမမြင့်၏မေးခွန်းစကားကို ကြားလိုက်ရသဖြင့် ဗညားဘာပြန်ဖြေရမှန်းမသိအောင် ချွေးပြန်သွားပါသည်။ ကော်ဖီခွက်ကို အသာချပြီး ဆေးတံကို ကောက်ယူကာ မီးညှိပြီး ဖွာရင်းက တစ်စုံတစ်ရာကို စဉ်းစားနေသလိုမျိုး ဟန်ဆောင်လိုက်ရသည်။

မြရည်ညိုနှင့် မမမြင့်တို့နှစ်ယောက်ကတော့ ဆေးတံဖွာနေသော ဗညားပါးစပ်က မှုတ်ထုတ်လိုက်သော မီးခိုးငွေ့များကိုကြည့်ရင်းက ဗညားဘာပြန်ဖြေလေမလဲ စိတ်ဝင်တစားနှင့် နားစွင့်နေကြသည်။

"အမှန်က ဒီစကားကို ကျုပ်မေးမယ့်အစား ကျုပ်ရဲ့အစ်ကိုဗညားကို မေးရမှာ၊ သူက ကာယကံရှင်လေ၊ ကျုပ်ကတော့ ကျုပ်ရဲ့အစ်ကိုယူတဲ့





မိန်းမဟာ ကျုပ်ရဲ့အစ်မပဲပေါ့ဗျာ၊ ကျုပ်က ဘယ်လောက်သဘောတူတူ ကျုပ်အစ်ကိုနဲ့ မြရည်ညိုတို့က တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိပြီး ကြည်ဖြူကြဦးမှကိုး၊ ဒါပေမယ့် မြရည်ညိုက ကျုပ်ရဲ့အစ်ကိုနဲ့ မဆုံဘူးသေးတော့ မြရည်ညိုဖက်က ဘယ်လိုရှိမလဲဆိုတာ ကျုပ်မပြောတတ်ဘူး"

"ဒါဆို စောစောက မမမြင့်မေးသလို ရှင်ကကော ဘယ်လိုအမျိုးသမီးမျိုးကို အိမ်ထောင်ဖက်ရွေးမှာလဲ"

ဗညားက မြရည်ညို၏အမေးကို မဖြေသေးဘဲ ဆေးတံကို ဖွာလိုက်ပါသေးသည်။

"ဖြေမှာသာ ဖြေပါ၊ အရေးထဲ ရှင်က 'ပဲ'များပြီး အိုက်တင်ထုတ်နေသေးတယ် . . . တကယ်တည်း"

မြရည်ညိုကာ သိပ်စိတ်မရှည်ချင်တော့ပါ။ သူမသိချင်နေသော အရာကို ပြောဖို့အရေး ဆေးတံကို သောက်ဖြစ်အောင် သောက်နေသေးသော ဗညားကို ဒေါသထွက်ချင်သလိုတောင် ဖြစ်လာပါသည်။

"မြရည်ညိုက တစ်ဖက်လူရဲ့အမြင်ကို တော်တော်စိတ်ဝင်တစားရှိတာကိုး၊ ခင်ဗျားမေးတဲ့ မေးခွန်းက ကျုပ်ဘဝရဲ့ ဒဿနအယူအဆနဲ့ ဆိုင်တယ်ဗျ၊ ဒီတော့ ကျုပ်ရဲ့အိမ်ထောင်ဖက်ကို ပုံပြင်တစ်ပုဒ်နဲ့ယှဉ်ပြီး ပြောရမှာပဲ"

"ဟယ် . . . စာရေးဆရာကတော့ လုပ်ပြီဟေ့"

မမမြင့်က ကြားဖြတ်ဝင်ပြောပါသည်။

"တစ်ခါက မြို့စားကြီးတစ်ဦးရဲ့ရဲတိုက်ကို ရန်သူတပ်တွေက ဝင်သိမ်းတယ်၊ ဒီအခါ စစ်နိုင်တဲ့ရန်သူဗိုလ်ချုပ်က စိတ်ကောင်းနှလုံးကောင်းရှိတယ်၊ သဘောထားကြီးတယ်၊ သူက စစ်နိုင်သွားပြီ၊ ဒီတော့ မြို့စားကြီးရဲ့ကတော် ဇနီးဖြစ်သူကို ပြောတယ်၊ ဒီရဲတိုက်ကြီးကို သိမ်းလိုက်တဲ့အတွက် မြို့စားကတော်အနေနဲ့ တန်ဘိုးကြီးတဲ့ အရာအချို့ကို



www.burmeseclassic.com

www.burmeseclassic.com



ယူပြီး ထွက်ခွာနိုင်တယ်လို့ အခွင့်အရေးပေးလိုက်တယ်၊ ဒီအခါ မြို့စားကတော်က အားရဝမ်းသာစွာနဲ့ ကျွန်မရဲ့တန်ဘိုးရှိတဲ့အရာကတော့ ကျွန်မခင်ပွန်းမြို့စားကြီးပါပဲဆိုပြီး ခင်ပွန်းဖြစ်သူမြို့စားကြီးကို လက်ဆွဲခေါ်ပြီး ရဲတိုက်ထဲက ထွက်သွားတယ်၊ ကဲ . . . ဘယ်လောက်တောင် ကျက်သရေရှိတဲ့ အမျိုးသမီးလဲ၊ ကိုယ်နဲ့ပေါင်းသင်းတဲ့ ခင်ပွန်းသာလျှင် ဘယ်လိုအခြေအနေရောက်နေနေ တန်ဘိုးအရှိဆုံးလို့ သတ်မှတ်တာ၊ စောစောက လမ်းမမှာ ရန်ဖြစ်တဲ့ အမျိုးသမီးက သူ့ယောက်ျားကို မြို့စားကြီးကတော်လို တန်ဘိုးထားရင် စောစောကလို ပြဿနာမျိုးဖြစ်လာနိုင်မလား၊ ကမ္ဘာပေါ်မှာ ပုံပြင်ထဲက မြို့စားကတော်လိုမျိုး ဇနီးမယားတွေ လိုအပ်ပါတယ်၊ ကျုပ်ရဲ့အိမ်သူသက်ထားဟာ အဲဒီမြို့စားကတော်လိုမျိုးပါပဲ"

ဗညားစကားကို နားထောင်နေသော မြရည်ညိုတစ်ယောက် အကျေနပ်ကြီး ကျေနပ်သွားပြီး ဗညားမျက်နှာကို မသိမသာကြည့်ပါသည်။ ဗညားက သူမအကြည့်ကို လွှဲလိုက်ပြီး ဆေးတံကို မီးညှိကာ ဖွာလိုက်ပြန်သည်။

"ခန့်ညားက တော်တော်အပြောကောင်းတာပဲ၊ မင်းစာရေးမယ်ဆို မမြင့်ထင်တယ် . . . ရေးသားတင်ပြပုံကောင်းလို့ စာဖတ်ပရိသတ်ကြိုက်ပြီး နာမည်ကြီးမှာပဲ . . . သိလား"

"မမြင့် . . . ကျုပ်ကို သိပ်မချီးကျူးနဲ့၊ ကျုပ်အစ်ကိုဗညားက ကျုပ်ထက် ပိုတော်တယ်၊ ညက ဖုန်းဆက်တယ်၊ နက်ဖြန်ည သူ့ကိစ္စတွေပြီးလို့ ပြန်လာမယ်၊ သဘက်ခါ သူလာခဲ့ပါ့မယ်တဲ့၊ အဲဒါ ရောက်ကတည်းက ပြောဖို့ ကျုပ်ကိုမေးခွန်းတွေ မေးနေတော့ လိုရင်းပြောဖို့ကို မရောက်ဘူး"

ဗညားစကားကြောင့် မြရည်ညိုစိတ်ညစ်သွားသည်။ စောစောက နားထောင်နေသော ကြည်နူးမှုအရသာလေးတောင် ပျက်သုန်းချင်သလို ဖြစ်သွားသည်။ ခန့်ညားအစ်ကိုရောက်လာလျှင် သူမ,မလုပ်ချင်





သော ဝတ်ရည်ညိုဘဝနှင့် သရုပ်ဆောင်ရမှာကိုတွေးပြီး စိတ်ပျက်နေမိသည်။

သို့သော် ဗညား၏စိတ်ဓါတ်ကိုလည်း ခန့်ညားလိုပင် အသေးစိတ်ခန့်မှန်းရဦးမည်လို့။

"ဩော် . . . ကျွန်မအပြင်သွားဖို့ ရှိတယ်၊ shopping ထွက်မလို့၊ အဲဒါ ရှင်က ကားမပါတော့ ကျွန်မနဲ့လိုက်ခဲ့၊ ရှင့်ကို ဒီနေ့ ကျွန်မတို့မေးသမျှတွေ ဖြေရတဲ့အတွက် နေ့လယ်စာထမင်းကျွေးမယ်၊ ရှင်မငြင်းရဘူး"

"မလုပ်ပါနဲ့ဗျာ . . . ကျုပ်ကို လူတွေအထင်ကြီးနေပါဦးမယ်"

"အထင်ကြီးတော့ ပိုကောင်းတာပေါ့ ခန့်ညားရဲ့၊ လိုက်သာသွား . . . ဒါက ခန့်ညားရဲ့ပြောပုံဆိုပုံ ရှင်းပြတင်ပြတာကို အသိမှတ်ပြုတာပဲ၊ လက်ခံရမယ် . . . မငြင်းရဘူး၊ ကဲ . . . မြရည်ညို၊ မြရည်ညိုလည်း အဝတ်အစားသွားလဲ"

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

ကြည်နူးခြင်းအလှတရားတွေက
ကိုယ်နဲ့မင်းရဲ့ပတ်ဝန်းကျင်မှာ
မြူးတူးစုန်ပေါက် ကစုန်နေလိုက်ကြတာ ...
ကိုယ်တို့စိတ်ကူးအိပ်မက်တွေကလည်း
အလှတရားနဲ့အတူ
အနာဂတ်ဆီသို့
ရဲရဲငုံ့ငုံ့စျိတက်နေလို့ပေါ့။

## အခန်း (၈)

တော်တော်လေးကို ရှာရှာဖွေဖွေ ရွေးဝယ်နိုင်သည့် မြရည်ညို လို့သာ ပြောရတော့မည် ဖြစ်သည်။ ပလာဇာတစ်ခုလုံး ဟိုဆိုင်ဝင်၊ သည်ဆိုင်ဝင်နှင့် ပစ္စည်းတစ်ခုဝယ်လိုက်၊ ချကြည့်လိုက်၊ ရွေးလိုက်၊ ပြန်ထားလိုက်နှင့် နေ့လယ်စာထမင်းကျွေးဖို့အရေး ဗညားကို ပညာပြလေသလားတောင် ထင်မိသည်။ သည်လိုအမျိုးသမီးကို ယူမိခဲ့လျှင်တော့ သည်လိုမျိုး ဈေးဝယ်ထွက်တာ တစ်ပတ်တစ်ခါဆိုလျှင်တော့ ပွဲကပြီးပြီလို့။ မြရည်ညိုများ ဘာစိတ်ကူးပေါက်သည်မသိ၊ ကလေးကစားစရာကအစ ဝယ်တာ အံ့သြလို့မဆုံး။ သူတို့အိမ်မှာ ကလေးရှိတာလည်း မဟုတ်ပါ။

တော်ပါသေးသည်။ နေ့လယ်ဆယ့်နှစ်နာရီလောက်မှာ ဝယ်ခြမ်းခြင်းကိစ္စ ပြီးသွားလို့ပါ။ ပြီးတော့ နေ့လယ်စာစားဖို့ စိမ်းလန်းမြေကို ကားမောင်းလာခဲ့သည်။

"ဟိုရောက်ရင် ရှင်ကြိုက်တာမှာစားနော်"

"ရပါတယ်ဗျာ . . . ခင်ဗျားကြိုက်တာသာမှာ၊ ကျုပ်စားပါ့မယ်"

စိမ်းလန်းမြေကိုရောက်တော့ အရိပ်ရသည့် စားပွဲဝိုင်းမှာ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်းက မြရည်ညိုက မေးတာကို ဗညားက အလိုက်အထိုက်ဖြေရင်း အင်းလျားကန်ပေါင်ရိုးဖက်ဆီ လှမ်းကြည့်တော့ နေ့လယ်နေပူကြီးထဲမှာ လူစည်ကားနေသည်။

ထိုအခါမှပဲ ဗညားထိုင်နေရာကနေ ထပြေးချင်စိတ်တွေ ပေါက်လာမိသည်။ မြရည်ညိုနှင့်သူသည် ဆိုင်ထဲမှာ စားနေသောက်နေတာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ ဆန္ဒဖော်ထုတ်သူများထဲက သူ့သူငယ်ချင်းတွေများ မြင်သွားခဲ့လျှင် သူ့ကို ဘာပြောလေမလဲလို့။ ပြီးတော့ သည်လိုအခြေအနေမျိုးမှာ သူ့အနေနှင့် သည်လိုမျိုးရှိနေတာ တရားရာကျပါ့မလား။

ဆန္ဒထုတ်ဖော်သူတွေက နေပူကြီးထဲမှာ ချီတက်လမ်းလျှောက်နေ။ ကိုယ်ကျတော့ သည်မှာ မိန်းကလေးတစ်ယောက်နှင့် ရှိနေတာ နည်းနည်းတော့ အပြစ်ဖြစ်နေပြီဟု ကိုယ့်ကိုယ်ကို ထင်နေမိသည်။

"ခန့်ညား . . . ရှင် အင်းလျားကန်ပေါင်ရိုးဖက်ကြည့်ပြီး ဘာတွေတွေးနေတာလဲ"

ရောက်လာပြီး စားပွဲဝိုင်းထိုင်ကတည်းက ဘာစကားမှမပြောဘဲ အင်းလျားကန်ပေါင်ရိုးဖက်သို့ ကြည့်နေသော ဗညားကို မြရည်ညိုက မေးရင်း သူမလည်း လှမ်းကြည့်မိပါသည်။

"ကန်ပေါင်မှာ လူတွေအများကြီးပဲ၊ ဘာလုပ်ကြတာလဲ ခန့်ညား"

"ဒီနေ့က ကမ္ဘာ့ငြိမ်းချမ်းရေးနေ့လေ၊ ဒါကြောင့် ဆူးလေဘုရားကနေ လူစုလူဝေးနဲ့ ချီတက်ပြီး ဆန္ဒဖော်ထုတ်ကြမယ်၊ ပြီးတော့ အင်းလျားကန်ပေါင်ရိုးမှာ ငြိမ်းချမ်းရေးကျောက်တိုင်စိုက်ကြမယ် ပြောတယ်"

"ဒါဆို ရှင်က အဲဒီထဲမှာ မပါဘူးလား"

ဘယ်လိုရည်ရွယ်ချက်နှင့် မြရည်ညိုမေးလိုက်သလဲ မသိ။ ဗညားဖြေရခက်သွားပါသည်။

"ကျုပ်ထက် ကျုပ်အစ်ကိုဗညားက ဒီကိစ္စတွေမှာ ပိုပြီး တက်ကြွတာ၊ သူက အဲဒါမျိုးတွေ သူ့သူငယ်ချင်းတွေနဲ့ ပါဝင်ဆင်နွှဲနေကြ၊ သူ





အခုနယ်ရောက်နေလို့၊ နို့မို့ဆို သူရှေ့ဆုံးက ပါလောက်တယ်"

မြရည်ညိုကို မညာစဖူး ညာလိုက်ရသဖြင့် ဗညား ကိုယ့်လိပ်ပြာကိုယ်မလုံသလို ဖြစ်သွားပါသည်။

တော်ပါသေး၏။ မှာထားသော ထမင်းနှင့်ဟင်းလျာများ လာချသဖြင့် စကားစက ပြတ်သွားပြီး ဗညားကော မြရည်ညိုပါ ထမင်းကိုသာ စားနေမိကြသည်။ တစ်ချက်တစ်ချက် အင်းလျားကန်ပေါင်ရိုးဆီမှ အသံတွေက လေနှင့်အတူ စိမ်းလန်းမြေစားသောက်ဆိုင်ရှိရာသို့ ပျံ့လွင့်လို့လာပါသည်။

"ကျွန်မစားနေရင်းနဲ့ စဉ်းစားမိတယ်၊ ဂျာနယ်တွေမှာ တော်တော်များများ အခုတလောမှာ ဖြစ်နေကြတဲ့ စက်မှုဇုန်က အလုပ်ရှင် အလုပ်သမားကိစ္စတွေ၊ မြေယာသိမ်းတဲ့ ကိစ္စတွေက အတော့်ကိုများတာပဲ၊ ဒီပဋိပက္ခတွေက အရင်အစိုးရလက်ထက်မှာ ငုပ်လျှိုးနေပြီး အခုအစိုးရသစ်လက်ထက်ကြမှ ဖိနှိပ်ခံရသူတွေက ပေါက်ကွဲထွက်လာတယ် ထင်ပါရဲ့၊ ဒီပဋိပက္ခစနစ်က ဘယ်တော့မှ ပြေလည်မလဲ မသိဘူး"

နှစ်ယောက်သား စားပြီးသောက်ပြီး သွားသဖြင့် အအေးသောက်နေတုန်းမှာ မြရည်ညိုက ဗညားအား မေးပါသည်။ ဗညားက ပြန်မဖြေသေးဘဲ ဆေးတံကို မီးညှိပြီး ဖွာလိုက်သည်။

"ရှင့်မလည်း ဦးစံရှားအမူလိုက်တာကျနေတာပဲ၊ ဒီဆေးတံကြီးကို ထားပါဦး၊ ကျွန်မမေးတာ ပြောပါဦး"

"ခင်ဗျားပြောတဲ့ ဒီပဋိပက္ခဆိုတဲ့ကိစ္စက ပြောရရင် အတော်ရှည်မယ်၊ ကိုယ်က မှန်တယ်၊ သူက မှားတယ်ဆိုတာ ဂရိခေတ်က စခဲ့တာပဲလေ၊ ဆော့ခရတ္တိက အဆိုတစ်ရပ်ကို ဆန့်ကျင်ဘက်အမြင်က ငြင်းခုံဆွေးနွေးပါ၊ အမှန်တရားဆီကို ဦးတည်မယ်လို့ ပြောခဲ့တယ်၊ အဲဒီနည်း ... အဲဒီခေတ်အာဏာပိုင်တွေက တော်တော်များများ ဖြေရှင်းခဲ့ကြတယ်၊ ဂျာမန်ဒဿနဆရာ ဟေဂယ်ကလည်း ဖြစ်ပေါ်တိုးတက်ရေးရဲ့ မူလအစ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ပဋိပက္ခတဲ့၊ သူ့ရဲ့ဒိုင်ယာလက်တစ်ဒဿနမှာ မူလ၊ ပဋိ၊ သမ္မတ ဆိုတဲ့ အဆင့်သုံးဆင့်ဖြစ်ပေါ်ပုံနဲ့ တင်ပြခဲ့တယ်၊ တည်ဆဲအခြေအနေ တစ်ခု မူလနဲ့ဆန့်ကျင်ဘက်အခြေအနေတစ်ခု ပဋိပက္ခကြီးထွားလာပြီး အဲဒီပဋိပက္ခကနေ ပြေငြိမ်းမှုဆိုတဲ့ သမ္မတဖြစ်လာတယ်လို့ ပြောခဲ့တယ်၊ မာ့က်စ်ဝါဒရဲ့ လူမှုတော်လှန်ရေးဟာ အဲဒီကနေ အခြေခံတာပဲ၊ ဒီလို ပဋိပက္ခအသွင်ဆောင်တဲ့ စနစ်ဟာ ယဉ်ကျေးမှုတိုင်းမှာ အမြစ်တွယ်နေပြီ၊ ဘောလုံးယှဉ်ပြိုင်ပွဲတွေကို လူတွေက အရသာခံကြည့်ကြတာ၊ လက်ဝှေ့ပွဲတွေကြည့်ကြတာ၊ လူတွေအားလုံးက ကိုယ့်လုပ်ငန်းအတွက် တစ်ကွက်ကျော်တွေးကြတာတွေဟာ ပဋိပက္ခပါပဲ၊ ဒီတော့ မြရည်ညိုစောစောက ပြောသလို ကျုပ်တို့နိုင်ငံမှာ အခုဖြစ်နေတဲ့ ပဋိပက္ခတွေက အမှားထဲမှာ အမှန်ရှိနိုင်သလို အမှန်ထဲမှာလဲ အမှားက ရှိနိုင်တယ်၊ တစ်စိတ်တစ်ပိုင်း အရ နှစ်ဖက်လုံးမှန်တာလည်း ရှိနိုင်တယ်၊ ခေတ်သစ်ဂိမ်းသီအိုရီအရ တော့ ပဋိပက္ခစနစ်ကို 'သုညဆက်ဆံရေး' လို့ခေါ်တယ်၊ နိုင်သူကော ရှုံးသူပါ အကျိုးမဖြစ်ဘူး၊ ချုပ်လိုက်ရင် သုညပဲ၊ နှစ်ဖက်စလုံးအတွက် နစ်နာတဲ့ ဆက်ဆံရေးပါပဲ၊ အချိန်တွေကုန်၊ လုပ်ငန်းတွေလစ်ဟင်း၊ တန်ဖိုးအကျိုးအမြတ်တွေ ဆုံးရှုံးတာပေ့ါ၊ အဓိက,ကတော့ နားလည်မှုပါပဲဗျာ၊ ပန်းတိုင်က နားလည်မှုပဲ၊ တော်ပြီဗျာ . . . ခင်ဗျားကို ရှင်းပြရတာ မောတယ်"

ဗညား အာခေါင်တော်တော်ခြောက်သွားပါသည်။ ရှေ့မှာရှိနေသော အအေးခွက်ကို တစ်ကျိုက်တည်းမော့ချလိုက်သည်။

"ရှင့်ကို ဒီ့ထက်တော်တောင်းခြင်လာပြီ၊ ရှင်က တော်တော်သိတာပဲ"

"ကျုပ်ကို ဒီလောက်မချီးကျူးနဲ့ဗျ၊ ကျုပ်အစ်ကိုက ပိုတော်တာ၊ ကျုပ်က သူ့စာအုပ်တွေဖတ်ရင်း သိရတာ"

မြရည်ညိုက ဗညားစကားကို နားထောင်နေရင်းမှ ဝတ်ရည်ညို တစ်ဖြစ်လဲ သူမကို ဆက်ဆံသော ခန့်ညား၏အစ်ကို ဗညားက ခန့်ညား





လောက် မသွက်လက်ဘဲဖြစ်တာကို ခန့်ညားက ဘာဖြစ်လို့ သူ့အစ်ကိုအား ချီးမွမ်းနေရသလဲလို့။ တွေ့ပါဦးမည်။

"ခန့်ညား . . . ကျွန်မအိမ်မပြန်ချင်သေးဘူး၊ အင်းလျားကန်ပေါင်ရိုးဖက်သွားပြီး ငြိမ်းချမ်းရေးဆန္ဒဖော်ထုတ်တဲ့ သူတွေကို ကြည့်ချင်တယ်၊ တစ်ခါဖူးမှ မမြင်ဘူးလို့"

"ဗျာ . . . !"

ဗညားတော့ ကိုယ့်စကားနှင့်ကိုယ် ပြဿနာတက်ပြီလို့။

"ဘာလဲ . . . ရှင်က လိုက်မပို့ဘူးလား"

"မဟုတ်ပါဘူးဗျာ . . . ပို့ပါ့မယ်"

ဗညားစကားကို မြရည်ညိုကျေနပ်လို့လားမသိ။ ပြုံးပြပါသည်။ ဗညားကတော့ အင်းလျားကန်ပေါင်ရိုးမှာ အသိတစ်ယောက်ယောက်နှင့် တွေ့လျှင် အလိမ်မပေါ်အောင် မည်သို့မည်ပုံလုပ်ရလေမလဲ အစဉ်းစားကြီး စဉ်းစားနေမိသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ချိုးငှက်ဝယ်လေးကူသံက
ငြိမ်းချမ်းရေးတေးသံပါ။
ကမ္ဘာကြီးမှာ
ချိုးကူသံတွေ ဝေဆာနေရင်
ကောင်းကင်တို့နဲ့ နိဗ္ဗာန်လိုအဝ်ပါ့မလား။
အခုတော့
ချိုးငှက်ကလေးစများမှာ
ကမ္ဘာတည်စကတည်းက
ယမ်းငိုးငွေ့၊ သေနတ်သံ၊ စစ်ပွဲ ...
အနိဋ္ဌာရုံတွေကို အသက်မသေရုံ
မနည်းရှောင်လွှဲနေရတာ
ဘယ်သောအခါမှ
ငြိမ်းချမ်းတဲ့ သိုက်မြုံမှာ
နားစိုနိုင်ပါ့မလဲကွယ် !!??

## အခန်း (၉)

အင်းလျားကန်ပေါင်ရိုးမှာ အရောင်စုံသော ပန်းချီကားတစ်ချပ်ကို ကြည့်နေရသလိုပင် ဖြစ်သည်။ ငြိမ်းချမ်းရေးစာတမ်းပါသော တီရှပ်များကို ဝတ်ဆင်ထားသူတွေက ကိုယ့်အစုကိုယ့်အဖွဲ့နှင့်ကိုယ် ရှိနေကြသည်။ သူတို့အားလုံးအကြည့်တွေက လှည်းတန်းဖက်ကနေ ချီတက်လာမည့် ငြိမ်းချမ်းရေးဆန္ဒထုတ်ဖော်သူများကို ဘယ်အချိန်ရောက်လာလေမလဲဆိုသည့် အကြည့်မျိုးဖြင့် ကြည့်နေကြသည်။ တစ်ချို့လူဝယ်အုပ်စုတွေကလည်း အဖွဲ့လိုက် ညီညာစွာဖြင့် 'စစ်ပွဲတွေ ရပ်ပါ၊ ငြိမ်းချမ်းရေးကို ဆွေးနွေးပါ' ဆိုသည့် ဆောင်ပုဒ်များကို ရွတ်ဆိုနေကြတာ ပူပြင်းနေသော နေအပူရှိန်ကို လရောင်အမှတ်ဖြင့် ရှိနေကြသည်။

"အင်း . . . လူတွေက တော်တော်များတာပဲ၊ နေပူတာတောင် ဂရုမစိုက်ဘူး၊ ဟိုမှာ ရေသန့်တွေကို သောက်တဲ့သူက သောက်လို့၊ ပူကပူနဲ့ ရေသောက်ရတာ တော်တော်အရသာရှိမှာပဲ၊ မြရည်ညိုတော့ ဒီမြင်ကွင်းမျိုး အခုမှမြင်ရတာ ပထမဆုံးပဲ"

မြရည်ညိုက ဗညားနှင့်အတူ အင်းလျားကန်ပေါင်ရိုးမှာ ဘေး



www.burmeseclassic.com

www.burmeseclassic.com



ချင်းယှဉ်လမ်းလျှောက်ရင်းက လူတွေကိုကြည့်ပြီး ပြောပါသည်။

"အခုမှ ပွင့်သွားကြတာကိုး၊ အရင်တုန်းက အာဏာရှင်လက်အောက်မှာ နေခဲ့ရတော့ ကြောက်ရွံ့ခဲ့ကြတာတွေ အခုမှ ရဲဝံ့နိုင်ကြတာလေ"

ဗညားက စကားအဆုံးမှာ ကျယ်လောင်သော အသံများကို ကြားလိုက်ရသည်။ ထိုအသံတွေက မိုးယံသို့ ခွင်းသလားလို့ပင် ထင်ရသည်။

**"စစ်ပွဲတွေ ရပ်ပစ် . . .**

**စစ်ကို အလိုမရှိ . . .**

**ငြိမ်းချမ်းရေး အစွန့်ရှည်ပါစေ"**

ငြိမ်းချမ်းရေးအမှတ်တံဆိပ်ပါ တီရှပ်များကို ဝတ်ဆင်ထားသူများက ညီညာစီတန်းစွာ လမ်းလျှောက်ကာ ဆန္ဒထုတ်ဖော်ရင်း ငြိမ်းချမ်းရေးဆောင်ပုဒ်များကို ညီညာအော်ဟစ်ကာ အင်းလျားကန်ပေါင်ဆီသို့ လာနေကြသည်။ သူတို့မျက်နှာနှင့် ခန္ဓာကိုယ်အနှံ့အပြားမှာ ချွေးတွေက ရွှဲနစ်နေသည်။ သို့သော် သူတို့တစ်တွေ၏မျက်နှာမှာ ကြည်နူးခြင်းတွေက ဖြာထွက်နေသည်။

မြရည်ညိုနှင့် ဗညားတို့အနီးအနားမှာ တယ်လီဖုန်းဆက်ပြီး စကားပြောသံများ ဂျာနယ်သတင်းထောက်များ၏ ကင်မရာများမှ မီးရောင်များက လှုပ်ရှားသက်ဝင်ကုန်ကြသည်။

ချီတက်ဆန္ဒထုတ်ဖော်သူများက ငြိမ်းချမ်းရေးအထိမ်းအမှတ်ကျောက်တိုင် စိုက်ထူမည့် နေရာဆီသို့ ရောက်လာကြသည်။ ဗညားနှင့် မြရည်ညိုတို့နှစ်ယောက်လည်း ထိုနေရာသို့ ဦးတည်သွားလိုက်သည်။

"ဗညား . . . ဗညား . . ."

ထိုအချိန်မှာပဲ ငြိမ်းချမ်းရေးတီရှပ်ဝတ်ထားသော လူငယ်သုံးဦးက နောက်ကနေ လှမ်းခေါ်ပြီး ရောက်လာကြသည်။





"ဗညား . . . ငါတို့က မင်းကို ဆူးလေမှာ မျှော်နေသေးတယ်၊ ဖုန်းဆက်လို့ကလည်း မရဘူး၊ မင်းက ရည်းစားနဲ့ ဒီရောက်နေတာကိုး၊ ကောင်းကွာ . . . မင်းအပြောနဲ့ကတော့ တစ်ခြားစီပဲ"

ဗညားကိုကြည့်ပြီး လူငယ်သုံးဦးက ဝေဖန်ပါသည်။ ဗညားခမျာ မျက်နှာက ပျက်နေပြီး ဘာပြောရမှန်းမသိ ဖြစ်နေသလို မြရည်ညိုကလည်း ဖဲ့အားတသင့်ဖြင့် အကဲခတ်နေသည်။

"ဗညား . . . မင်းပုံစံက ဘယ်လိုဖြစ်သွားတာလဲ၊ တစ်ခါဖူးမှ ပင်နီတိုက်ပုံမဝတ်ဘူး၊ မျက်မှန်မတပ် ဘာမတပ်နဲ့၊ ပြီးတော့ ဆေးတံကို လက်က ကိုင်လို့ကွာ"

လူငယ်တစ်ဦးက ဗညားကိုကြည့်ပြီး ပြောတော့ ဗညားစိတ်ထဲကနေ သူ့အားပြောနေသော ဇော်ထွန်းကိုကြည့်ပြီး ရယ်ချင်နေမိသည်။

"ခင်ဗျား လူမှားနေပြီ၊ ကျုပ်က ဗညားမဟုတ်ဘူး၊ ကျုပ်က သူ့ရဲ့အမြွှာညီအစ်ကိုအငယ် ခန့်ညားပါ၊ ကျုပ်အစ်ကိုဗညားက ရန်ကုန်မှာ မရှိဘူး၊ နယ်ရောက်နေတယ်၊ နက်ဖြန်ညမှ ပြန်လာမှာ၊ ခင်ဗျားတို့လိုပဲ ကျုပ်ကို ဗညားနဲ့ ခဏခဏမှားကြတာ"

ဗညားစကားကြောင့် ငြိမ်းချမ်းရေးဆန္ဒထုတ်ဖော်သည့် တီရှပ်ဝတ်ထားသည့် လူငယ်သုံးဦး တစ်ယောက်မျက်နှာတစ်ယောက် နားမလည်သလို ကြည့်မိနေကြသည်။

"ခင်ဗျားပြောလို့သာပဲ၊ ဗညားက သူ့မှာ အမြွှာညီအစ်ကိုရှိတယ်လို့ တစ်ခါမှ မပြောဖူးပါဘူး၊ ဒီကောင်နဲ့တွေ့မှ မေးရမယ်၊ ဗညားပြန်လာရင် ကန်ပေါင်မှာ ဇော်ထွန်းတို့နဲ့ တွေ့တယ်လို့ ပြောပေးပါ၊ ဒီကောင် ဘယ်များထွက်သွားလဲ မသိဘူး၊ ဒီမှာအားလုံးရှိနေကြတာ၊ ကဲ . . . ခွင့်ပြုဦးဗျာ၊ ကျွန်တော်တို့ ကျောက်တိုင်စိုက်မယ့်ကိစ္စ ရှိသေးတယ်"

ဗညားနှင့် မြရည်ညိုတို့နားကနေ ဇော်ထွန်းနှင့် လူငယ်နှစ်ဦးက ထွက်သွားကြသည်။ မြရည်ညိုက ထိုသုံးယောက်ကိုကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ပြောတာ ဟုတ်တာပဲ၊ ရန်ကုန်မှာ ဒီလောက်တက်တက်ကြွကြွနဲ့ ငြိမ်းချမ်းရေးဆန္ဒထုတ်ဖော်ပွဲလုပ်နေတာ ခန့်ညားရဲ့အစ်ကို ဗညားက အဖမ်းခံရမှာကြောက်လို့များလားမှ မသိတာ"

မြရည်ညိုစကားကြောင့် ဗညားစိတ်ထဲ ဒေါသက 'ထောင်းခနဲ' ထွက်သွားပါသည်။

"ခင်ဗျား ဘာစကားပြောတာလဲ၊ ကျွန်တော့်အစ်ကို . . . အဲ . . . ကျုပ်အစ်ကိုက အဲဒီလောက် သွေးကြောင်တဲ့သူ မဟုတ်ဘူး၊ ကျုပ်ရဲ့အစ်ကိုသာမက ဒီဆန္ဒထုတ်ဖော်ပွဲက လူတွေကို ကြိုက်တဲ့လူ ဖမ်းကြည့်ပါလား၊ သတင်းမီဒီယာတွေကနေ တစ်ကမ္ဘာလုံးကို တစ်နာရီအတွင်း ပျံ့သွားမယ်၊ တစ်ခါတည်း နာမည်တောင် ကြီးသွားဦးမှာ၊ ဒီခေတ်မှာ အရင်လို ဖမ်းချင်သလိုဖမ်းပြီး ကြိုက်တဲ့ပုဒ်မနဲ့ ထောင်ချလို့ မရတော့ဘူးဗျ၊ ငုပ်လျှိုးနေတဲ့ အမှန်တရားက ပြန်ပေါ်လာပြီ"

ဖြစ်ချင်တာဖြစ်ဆိုပြီး ဗညားလည်း ပြောချလိုက်သည်။

"အမယ်လေး . . . အစ်ကိုကိုထိတော့ နာတတ်လိုက်တာ၊ ဒီက ဘယ်လိုသဘောနဲ့မှ ပြောတာမဟုတ်ပါဘူး၊ စိတ်ဆိုးသွားပြီး လေသံက မာလိုက်တာဆိုတာ၊ ကဲပါ . . . ပြန်ကြရအောင်"

မြရည်ညိုက ဗညားစိတ်ဆိုးသွားမှန်းသိသဖြင့် လေသံပျော့ပျော့နှင့် ပြောရင်းက အင်းလျားကန်ပေါင်ရိုးတွင် ရပ်ထားသော ကားရှိရာသို့ ပြန်လာခဲ့ကြသည်။

ဗညားကတော့ မြရည်ညိုမောင်းသော ကားကိုစီးပြီး လမ်းတစ်ဝက်တွင် အကြောင်းတစ်ခုခုပြပြီး ကားပေါ်မှဆင်းကာ အင်းလျားကန်ပေါင်ရိုးသို့ အမြန်ပြန်လာပြီး ဇော်ထွန်းတို့လူစုကိုရှာကာ စောစောကကိစ္စအဖြစ်မှန်ကို ရှင်းပြရင်း သူ့ဖက်က သည်နေ့ပျက်ကွက်ခဲ့တာကို တောင်းပန်ရတော့မည်ဟု။

အဲဒါတွေကို မြရည်ညိုကတော့ မသိရေးချမသိ။

ကြယ်ပွင့်စာပေ

ရိုးတံမရှိတဲ့ ပန်းတစ်ပွင့်လို
နွမ်းခြောက်ဖို့
အလှတရားနဲ့ စောင့်ဆိုင်းရမှာလား!
အချစ်မရှိတဲ့ နှလုံးသားလို
ငိုကြွေးဖို့
မျက်ရည်တစ်စက်ကို စောင့်ဆိုင်းရမှာလား!!!
အို! မဟုတ်သေးပါဘူး ...
ကိုယ့်နှလုံးသားကတော့
သူ့ပြောသမျှ
နားထောင်ရှုသက်သက်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

စိတ်ထဲမှာ တော်တော့်ကို အိုက်နေသည်။ အရေးထဲ ခေါင်းကလည်း ဆံထုံးတုကြီးတပ်ထားရသဖြင့် လေးလှသည်။ သည်ကြားထဲ လက်ချည်ရင်ဖုံးကို ဝတ်ထားရသဖြင့် လူ့ခမျာ မနေတတ်၊ မထိုင်တတ် ဖြစ်ရသည့်အထဲ သားရေဘိနပ်အထူကြီးကိုလည်း ခြေထောက်က စီးထားရသေးသည်။ မြန်မာဆန်သော မိန်းကလေးတစ်ဦးဖြစ်ဖို့ သည်လိုမျိုးဝတ်စားဆင်ယင်ရတာ တော်တော်အခံခက်တာပဲဟု မြရည်ညိုက သူမကိုယ်သူမ တွေးနေမိသည်။

ဝတ်ရည်ညိုအဖြစ် ဗညားဆိုသော လူလာလျှင် ဟန်ဆောင်ပြောရဆိုရမှာ တစ်ခါကလိုမျိုးပဲ အဆင်ပြေချောမွေ့ပါစေလို့ ဆုတောင်းနေမိသည်။

"မြရည်ညို . . . နင့်လူကြီးက လာခါနီးပြီ မဟုတ်လား"

ကိုယ့်ဖာသာကိုယ် တွေးချင်ရာတွေးနေသော မြရည်ညိုအား ဝင်းပပက ရောက်လာရင်းမှ မေးတာကို ပြန်မဖြေသေးဘဲ ခြံထဲမှာ ပွင့်နေသော ပန်းကလေးတွေကို ကြည့်နေမိသည်။





"ဟဲ့ . . . ဖြေပါဦး။ ဗညားလား ခန့်ညားလား၊ ငါက ဗညားကို တွေ့ဖူးပြီးသားဆိုတော့ ခန့်ညားက နင်ပြောသလို ထူးတာမျိုး ငါက တွေ့ဖူးချင်တာ၊ ဒီတစ်ခါတော့ သူလာရင် ငါမရှောင်တော့ဘူး၊ ကြည့်ကျက်ပြီး 'ဖိန့်'ရင်းက အကဲခတ်ရမှာပဲ"

"အမယ်လေး . . . အဲဒီလို အကဲခတ်လို့ကတော့ သူပြောတာ နားထောင်ရင်း နင်ရေတောင် သူ့ကိုခပ်တိုက်ရဦးမယ်၊ ဒီကြားထဲ သူ့ဆေးတံမီးခိုးတွေကို နင်ရှူလို့ ချောင်းဆိုးနေဦးမယ်"

"မြရည်ညိုရာ . . . နင်ကျေကျေနပ်နပ်နဲ့ ပြောနေတာက ကိစ္စမရှိဘူးနော်၊ နင်ယူရမှာက ဗညားနော်၊ ခန့်ညား မဟုတ်ဘူး"

"ဘာတွေဖြစ်လာဦးမလဲ မသိဘူး၊ ဒီဝတ်ရည်ညိုဆိုတာကြီးက တမှောင့်၊ အဲဒါတွေက မမမြင့်ကြောင့် ဖြစ်တာ"

"ဟဲ့ . . . နင့်စကားရပ်တော့ မြရည်ညို၊ ဟိုမှာ ဗညားလာနေပြီ၊ ပိရိပစေနော်၊ ဒီလူနဲ့ . . . ကားရှိတာ ကားမစီးဘဲလာတာ ကိုယ့်ကိုယ်ကို ဒုက္ခရှာတာပဲ"

"ခန့်ညားယူသွားလို့လားမှ မသိတာ၊ ကဲပါ . . . နင်လည်း ပိရိပစေနော်"

ခြံဝသို့ကြည့်ပြီး ဝင်းပပသတိပေးသံစကားအဆုံး မြရည်ညိုက ပြန်ပြောရင်းမှ ခြံဝသို့ ကြည့်မိပါသည်။

ပြောမည့်သာပြောတာ ဂျင်းဘောင်းဘီ၊ ရှပ်အင်္ကျီလက်တို ဝတ်ထားတာပဲ ခန့်ညားနှင့် ကွဲလွဲတာ။ အမြွှာညီအစ်ကိုများ ခွဲမရအောင် တော်တော်တူတာပဲလို့။

ကိုယ့်အဖြစ်ကိုယ်ကြည့်ပြီး တော်တော်တော့ ရယ်ဖို့ကောင်းလှပါ၏။ လူတစ်ကိုယ်တည်း နှစ်ကိုယ်ခွဲပြီး သရုပ်ဆောင်ရတာ ပင်လည်း ပင်ပန်းလှပါသည်။ အရေးထဲ ဘာပြဿနာပေါ်လာလေမလဲမသိဘူး တွေးပူရတာကလည်း ရှိပါသေးသည်။ မတတ်နိုင်ပါ ကြည့်ကျက်ပြီး လုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှိသာ ရှိတော့သည်ဆိုပြီး ဗညားက ဆုံးဖြတ်ချက်လုံးလုံးချမိသည်။

ခြံတံခါးဖွင့်ပြီး ဝင်လာနေရင်းက ခြံထဲက ခုံမှာထိုင်နေသော ဝတ်ရည်ညိုကို မြင်လိုက်ရသဖြင့် ဗညားမျက်ခုံးနည်းနည်းလှုပ်သွားသည်။ သည်နေ့က ခန့်ညားပုံစံမဟုတ်ဘဲ ဗညားပုံစံမျိုးဖြင့် မြရည်ညိုနှင့်တွေ့ရမည့်ကိစ္စမှာ သူမက ဘယ်လိုဆက်ဆံလေမလဲဆိုပြီး တွေးထင်ထားတာ ဝတ်ရည်ညိုဆိုသော ထီးဆန်နန်းဆန်အမျိုးသမီးနှင့် အရင်တွေ့ရတော့မှာမို့ ဘာတွေဖြစ်လေဦးမလဲလို့။

"မောင်ကြီးပါလား၊ ဒီနေရာမှာ ထိုင်ပါ၊ စီးတော်ယာဉ်မပါဘဲ အဘယ်ကြောင့် ခြေလျင်ခရီးဖြင့် ကြွမြန်းလာပါသနည်း"

ရောက်ရောက်ချင်းဆိုသလို မြရည်ညိုက ထီးသံနန်းသံဖြင့် မေးလိုက်သောကြောင့် ဗညားစိတ်အနည်းငယ်တော့ ညစ်သွားသည်။

"ခင်ဗျားနဲ့ဗျာ . . . ရိုးရိုးမေးလည်း ရတာပဲ၊ ဒီလောက် ကားတွေဈေးပေါကုန်တော့ လူတွေတော်တော်များများက ဝယ်စီးလို့ ကားလမ်းတွေ ယာဉ်ကြောက ပိတ်ဆို့၊ လိုရာခရီးကို တော်တော်က မရောက်လို့ ကိုယ့်ပိုက်ဆံနဲ့ကိုယ် စိတ်ညစ်က မခံချင်၊ ဒီတော့ နိုင်ငံတော်စီစဉ်ပေးထားတဲ့ အထူးကားကိုစီးပြီး လာခဲ့တာ၊ စိတ်မရှည်လို့ရှိရင်လည်း လမ်းဆင်းလျှောက်လို့ ရတယ်၊ ကိုယ့်ကားနဲ့ကိုယ်ဆို သွားလို့ဘယ်ရမလဲ"

"အမယ်လေး . . . မောင်ကြီးများ ဖြေမယ့်ဖြေတော့လည်း အဖြေလှာက ရှည်လျားလို့ နေပါရောလား၊ ဝင်းပပရေ . . . ဒီက မောင်ကြီးကို အမောပြေသံပုရာရည်လေး ဖျော်ချပြီး တိုက်တော်မူပါဦး"

မြရည်ညိုက စိတ်မရှည်သည့်လေသံဖြင့် ဖြေဆိုသည့် ဗညားလေသံကို နားထောင်ရင်း စိတ်ထဲက ရယ်ချင်တာကို မျိုသိပ်ရင်းမှ ဝင်းပပကို လှမ်းပြောပါသည်။ ဝင်းပပလည်း အနီးနားကနေ ထွက်သွားပါသည်။

"ခင်ဗျားရဲ့အစ်မ မြရည်ညိုဘယ်မှာလဲ၊ ကျွန်တော်ဖြင့် ဒီနေ့ထိ မတွေ့ရသေးဘူး၊ ကျွန်တော့်ညီကို လွှတ်လိုက်တာ အဆင်ကောပြေရဲ့





လား မသိဘူး၊ ကျွန်တော်ကလည်းဗျာ အရေးပေါ်ကိစ္စက ပေါ်လာတာဆိုတော့ အားနာစရာများ ဖြစ်ကုန်ပြီလား မသိဘူး"

ဗညားက တည်ငြိမ်သော လေသံဖြင့် တစ်လုံးချင်းပြောပါသည်။

"အဆင်ပြေတယ်လို့တော့ ကြားပါရဲ့၊ နှစ်မတော်လည်း ပဲခူးကို ဆွေတော်မျိုးတော်ဘဝဟောင်းက လူတွေအတွက် မေတ္တာပို့အမျှဝေဖို့ သွားနေရလို့ အစ်မတော်နဲ့တောင် ကောင်းကောင်းစကားမပြောရပါဘူး"

"ဒါဆို ခင်ဗျားရဲ့အစ်မတော်မြရည်ညို အိမ်ထဲမှာ ရှိတယ်ပေါ့"

"အားနာစရာတော့ ကောင်းပါ့ မောင်ကြီးရယ်၊ အစ်မတော်က သူမရဲ့သူငယ်ချင်းမွေးနေ့ပွဲသဘင် ဆင်ယင်ကျင်းပတဲ့ အခမ်းအနားကို သွားလို့ မောင်ကြီးလာလျှင် တောင်းပန်ပေးပြီး နှစ်မတော်ကပဲ ဧည့်ခံပေးပါတဲ့"

"ဗျာ! . . . ဒုက္ခပါပဲ"

"ဘာဒုက္ခလဲ မောင်ကြီးရဲ့"

"ဘာမှမဟုတ်ပါဘူးဗျာ"

ဗညားစိတ်ညစ်သွားသည်ကို မြရည်ညိုအကဲခတ်မိပါသည်။ ဗညားခမျာလည်း မြရည်ညိုမရှိလေတော့ သည်ဝတ်ရည်ညိုနှင့် စကားတွေပြောရတော့ဦးမည်လို့။

"မောင်ကြီး . . . သံပုရာရည်လေး သုံးဆောင်ပါဦး"

"သံပုရာရည်သောက်ပါဦးဆို ပြီးတာပဲဟာ၊ ခင်ဗျားနဲ့တော့ ကျွန်တော်လည်း ခင်ဗျားလေတွေ ကူးတော့မှာပဲ"

ဗညားက စိတ်မရှည်သည့်လေသံဖြင့် ပြောသလိုမျိုး ပြောရင်းက သံပုရာရည်ကို တစ်ကျိုက်တည်း မော့ချလိုက်သည်။

ဝင်းပပဖျော်သော သံပုရာရည်ကတော့ အရသာရှိသားလို့။

"နှစ်မတော် မေးပါရစေဦး၊ ပိုက်ဆံမရဘာမရနဲ့ အများအကျိုးဆောင်ရွက်တာ ဘာတွေထူးလဲ၊ မောင်ကြီးခရီးသွားတာ မောင်ကြီးပထမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါလာတုန်းကပြောတဲ့ ဆန္ဒပြတဲ့ ထုတ်ပွဲတွေကိစ္စပဲ မဟုတ်လား"

ရုတ်တရက်ဆိုသလို မြရည်ညိုက မေးလိုက်သဖြင့် ဗညားဘာကို ပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။ သည်ရက်အနည်းငယ်အတွင်းမှာ သူ လုပ်စရာရှိသော ကိစ္စများကို မလုပ်ရဘဲ မြရည်ညိုတို့အိမ်မှာ ကိုယ်ရေး ကိုယ်တာကိစ္စများဖြင့် တိုင်ပတ်နေသောကြောင့် ကိုယ့်လိပ်ပြာ ကိုယ်မလုံ သလို ဖြစ်သွားသည်။

"ဂျာနယ်တွေ ခင်ဗျားမဖတ်ဘူးလား၊ ဖတ်ရင် အဲဒီသတင်းတွေ က နေ့တိုင်းပါနေတာပဲ"

စကားစရှည်မှာစိုးသဖြင့် ဗညားက စကားကို ဖြတ်ချလိုက်သည်။

"အင်း . . . နှစ်မတော်တို့ တိုင်းပြည်မှာ သယံဇာတ ပေါကြွယ်ဝ တာ လယ်ယာမြေတွေ ပေါတာတွေကို နိုင်ငံတကာကတောင် ချီးမွမ်း ကြတာ စာထဲတွေ၊ သတင်းတွေမှာတော့ ခဏ,ခဏ ကြားရတာပဲ၊ ဒါ တောင်မှ ဒီလိုမြေသိမ်းဘာသိမ်းကိစ္စတွေက ဖြစ်သေးရဲ့"

မြရည်ညိုက သူမစိတ်ထဲတွေးမိတာကိုပြောတော့ ဗညားက မချိ ပြုံး,ပြုံးပါသည်။

"ဒါက စာတွေထဲမှာပါ၊ မြန်မာနိုင်ငံမှာ သယံဇာတက အသင့် အတင့်ပဲ ရှိတော့တာ၊ သဘာဝပတ်ဝန်းကျင်ကို ပြောင်းလဲတဲ့ သစ်တော တွေလည်း ကုန်ပြီ၊ လယ်မြေကိစ္စတွေဆိုတာ အခုလို ပွင့်လင်းလွတ်လပ် လာမှ လူတွေသိရတာ၊ ဒီမှာ ခင်ဗျားမှတ်ထား၊ တစ်ချို့လူတွေက ကိုယ့် နိုင်ငံကို အရမ်းချီးမွမ်းဝါဒဖြန့်ကြတာ၊ အဲဒါနိုင်ငံတော်ကို ရောင်းစားဖို့ ကြံနေတာပဲဆိုတာ၊ နိုင်ငံတော်ကို ချစ်ပါတယ်၊ မြတ်နိုးပါတယ်ဆိုတဲ့ လူ တွေကပဲ နိုင်ငံတော်ရဲ့ရင်းမြစ်တွေကို ရောင်းစားပြီး ကိုယ်ကျိုးရှာလို့ နိုင်ငံတော်ဟာ ဒုက္ခိတဖြစ်တဲ့ ကိန်းဆိုက်နေပြီ"

"ဘုရားရေ . . . နှစ်မလေးတော့ မခံချင်ဟဲ့ မောင်ကြီးရဲ့စိတ် ကို ဆွပေးလိုက်သလိုများ ဖြစ်သွားပြီလား မသိဘူး"





စိတ်ထဲရင်ထဲကနေ ခံစားချက်အပြည့်ဖြင့် ပြောဆိုသော ဗညား ကိုကြည့်ပြီး မြရည်ညိုပြုံးမိပါသည်။

"ကဲပါ . . . မောင်ကြီးရယ်၊ တစ်ခြားအကြောင်းအရာတွေ ပြော ကြပါစို့၊ ဒါထက် နှစ်မတော်မေးပါရစေဦး၊ မောင်ကြီးက အစ်မတော် မြရည်ညိုကို တကယ်ပဲ စိတ်ဝင်စားလို့လား၊ ဒါမှမဟုတ် စိတ်မဝင်စားဘဲ နဲ့ လူကြီးတွေသဘောကျ လာတွေ့တော်မူတာလား"

"ဘယ်လိုပြောရမလဲတော့ မသိဘူး၊ ကျွန်တော်တို့ ဒီအရွယ်က ရင်ခုန်လို့ရတယ်လည်း ပြောလို့ရတယ်၊ ရင်မခုန်ဘဲနဲ့ နှလုံးသားရေးရာ ကို ဦးနှောက်နဲ့ ဆုံးဖြတ်လို့ရတယ်လည်း ပြောလို့ရတယ်၊ ခက်တာက ကျွန်တော်လုပ်နေတဲ့အလုပ်ကို ကျွန်တော်နဲ့လက်ထပ်မယ့် အမျိုးသမီးက နားလည်မှုမပေးနိုင်မှာ စိုးတယ်၊ သူ့အတွက် ကိုယ်က အချိန်ပြည့်မပေး နိုင်မှာပဲ စိုးမိတယ်၊ ပြီးတော့ အိမ်ထောင်ကျရင် ကိုယ်က အခုလိုမျိုးမရ တော့ဘူး၊ ကိုယ့်မိသားစုအတွက်ကိုယ် အလုပ်လုပ်ရတော့မယ်၊ ဒီအခါ ကျွန်တော်အခုလုပ်နေတဲ့ အလုပ်တွေကို လျှော့ရတော့မယ်၊ တော်တော် တော့ ခေါင်းစားတယ်ဗျ၊ ပြီးတော့ ခင်ဗျားရဲ့အစ်မမြရည်ညိုက ဘယ်လို ထင်မြင်ချက်ရှိသလဲ မသိဘူး၊ သူနဲ့က တွေ့ဖူးသေးတာ မဟုတ်ဘူး၊ ဒီ တော့ ကိုယ်ထင်တာချည်းပဲ ပြောလို့မရဘူး၊ သူ့ဆန္ဒက ရှိသေးတယ်လေ"

ဗညားတစ်ယောက် ဟုတ်တာကော မှုသာဝါဒအနည်းငယ်ပါသုံး ပြီး ပြောလိုက်ရသည်။

"မောင်ကြီးပြောမှ နိုင်ငံခြားအဆိုအမိန့်တစ်ခုကို သတိရမိတယ်၊ နှစ်မလေးတို့လို မိန်းမသားတွေက ကမ္ဘာပေါ်မှာ လူပျိုကြီးတစ်ယောက် ပဲ ကျန်နေဦးတော့၊ အိမ်ထောင်ရှိတဲ့ မိန်းမတိုင်းက ယောက်ျားရတာ ကံမကောင်းဘူးလို့ ထင်နေပြောနေကြတာပဲတဲ့၊ တော်ကြာ . . . နှစ်မ လေးရဲ့အစ်မတော်က မောင်ကြီးနဲ့ညားမှ အဲဒီလိုထင်ရင် ခက်နေမှာရဲ့"

"ဒါကတော့ဗျာ . . . ကမ္ဘာပေါ်မှာရှိတဲ့ မိန်းမသားတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



သဘာဝတရားကြီးက ဖန်တီးပေးထားတဲ့အထဲမှာ အကောင်းဆုံးကို မိန်းမသားများအတွက် ပြောပါဆိုရင်တော့ ယောကျ်ားပဲဖြစ်တယ်လို့ ပြောရမှာပဲ"

"မောင်ကြီးက နှစ်မတော်ရဲ့စကားကို ပြန်ချေပတတ်သားပဲ"

မြရည်ညိုက ဗညားစကားကို နားထောင်ရင်းမှ ပြုံးမိပါသည်။

သူမအဖို့ ခန့်ညားနှင့် ဆက်ဆံပြောဆိုရသည့်အခါလည်း စိတ်ကျေနပ်ကြည်နူးစရာဖြစ်သလို သည်နေ့ ဗညားနှင့် ကြာကြာစကားပြောရသည့်အခါမှာလည်း ကျေနပ်စရာဖြစ်နေသဖြင့် အံ့အားသင့်နေမိသည်။

"ဝတ်ရည်ညိုက ရှေးဆန်တဲ့စကား သုံးနှုန်းပြောဆိုဝတ်ဆင်ပေမယ့် ခင်ဗျားပြောတဲ့ အကြောင်းအရာတွေက ခေတ်မီနေတယ်၊ ပြောတာဆိုတာပဲ ရှေးကျတယ်လို့ ထင်ရတာ၊ တင်ပြပုံက မဟောင်းဘူးဗျ၊ ခေတ်အမြင်ရှိတာ ကျွန်တော်တော့ ဘယ်လိုနားလည်ရမလဲ မသိဘူး"

"အို . . . ကိုဗညားကလည်း ဒါက သခင်မလေးဝတ်ရည်ညိုက စာဖတ်တယ်၊ နိုင်ငံတကာသတင်းတွေလည်း စိတ်ဝင်စားတယ်၊ တီဗွီမှာဆို CNN ပဲ ကြည့်တာ"

ဗညားစကားကို ဘာပြန်ပြောရမှန်းမသိဖြစ်နေသည့် မြရည်ညိုအစား ဝင်းပပက ကြားကနေ ဝင်ပြောပါသည်။

"တကယ်တော့ ကျွန်တော်က ကျွန်တော်ဝါသနာပါတာသာ လုပ်နေတာပါ၊ စောစောက ပြောတာဆိုတာမျိုးကို ကျွန်တော့်ညီခန့်ညားနဲ့ ဝတ်ရည်ညိုနဲ့ဆို တော်တော်လိုက်မှာ၊ ဟိုကလည်း စာရေးဆရာဖြစ်ဖို့ လုပ်နေတာ၊ ပါးစပ်က ဘာပြောချင်သလဲ မမေးနဲ့၊ အဲ . . . ဒီကောင်က ရှာရှာဖွေဖွေ၊ ကြံကြံဖန်ဖန် ဆေးတံသောက်တော့ ဖဲဒီဆေးတံကထွက်တဲ့ မီးခိုးကို ရှူရတဲ့ဒုက္ခကိုပဲ ခံစားရမှာ"

ဗညားက သူ့စကားသူသဘောကျပြီး ရယ်နေသလို ဝတ်ရည်ညိုကလည်း စိတ်ထဲကနေ ပြုံးနေမိပါသည်။





"ကိုဗညားရယ် . . . ဒါမျိုးဘာခက်တာမှတ်လို့၊ ကိုဗညားတို့ညီအစ်ကိုနှစ်ယောက်နဲ့ ဒီက သခင်မလေးတို့ ညီအစ်မနှစ်ယောက် ပြိုင်တူတွေ့ကြရင် ပြီးတာပဲဟာ"

ရုတ်တရက် ဝင်းပပက အမှတ်မထင်ပြောရင်းမှ သူ့စကားမှားသွားသဖြင့် အမြန်လက်စသပ်လိုက်တာကို မြရည်ညိုက မသိမသာ မျက်နှာရိပ်မျက်နှာကဲ ပြလိုက်ရသည်။

တော်ပါသေး၏။ ဗညားက နှုတ်ဆက်ပြီး ပြန်သွားချိန်အထိ ဝတ်ရည်ညိုအဖြစ် သရုပ်ဆောင်ရသော မြရည်ညိုဘာအမှားမှ မဖြစ်လို့။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

တယ်စနေရာသွားသွား
တယ်သူမှ ကိုယ်နဲ့မပါသာရှိမယ်
ကိုယ့်နှလုံးသားတစ်စတော့
ကိုယ်နဲ့အတူ လိုက်ပါလျက်ပဲလေး

# အခန်း (၁၁)

မြရည်ညိုတစ်ယောက် မနေနိုင်ပါ။ မနက်က ဗညားလာသွားသော ကိစ္စကို စဉ်းစားရင်း ဝင်းပပကလည်း အမှတ်တမဲ့ ရောင်ရမ်းပြီး မြရည်ညိုနှင့် ဝတ်ရည်ညို၊အမြွှာညီအစ်မနှစ်ယောက် ဗညားနှင့်ခန့်ညား အမြွှာညီအစ်ကိုနှစ်တို့ကို တွေ့ဆုံဖို့ နှုတ်ကပ်သွားခဲ့သဖြင့် အကယ်၍များ တွေ့ခဲ့လျှင် 'မည်သို့လုပ်ရလေမလဲလို့ စဉ်းစားမရသည့်အဆုံး မမမြင့် အိမ်ပြန်လာချိန်ကိုတောင် မစောင့်နိုင်ဘဲ မမမြင့်၏ 'စိတ်ကျန်းမာရေး အကြံပေး' ဆေးခန်းသို့ ဝင်းပပနှင့်အတူ နေ့လယ်ပိုင်းမှာ ထွက်လာခဲ့သည်။

မမမြင့်ဆီရောက်တော့ သူမ၏စိတ်ကျန်းမာရေးအကြံပေးဆေးခန်းမှာ အမျိုးသမီးတစ်ဦးရှိနေပြီး စကားပြောနေသဖြင့် မမမြင့်က လက်ဟမှုအရာဖြင့် မြရည်ညိုနှင့် ဝင်းပပအား အနီးနားမှာ ထိုင်ခိုင်းသည်။

မြရည်ညိုနှင့် ဝင်းပပတို့နှစ်ယောက်လည်း မမမြင့်အလုပ်ပျက်မှာစိုးသဖြင့် ဘာမှမပြောဘဲ မမမြင့်နှင့် အမျိုးသမီးတစ်ဦးပြောဆိုနေကြသည်ကို နားထောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက အသက်လေးဆယ်လောက်ရှိပြီး ရွက်ကြမ်းရောင် ရုပ်ရည်သွင်ပြင်မျိုးကို ပြင်ဆင်ခြယ်သထားပြီး ကိုယ်လုံးကိုယ်ပေါက်က လည်း တောင့်သည်။ ချို့ယွင်းချက်အနေနှင့် တစ်ခုသာ ရှိသည်။ ထိုချို့ယွင်းချက်က သွားနည်းနည်းခေါနေသဖြင့် ပါးစပ်ကို မကြာခဏဆိုသလို စိလို့နေသည်။

"ကျွန်မ အမြဲတမ်းတစ်ခုခုကို တွေးမိနေတယ်၊ ပစ္စည်းတွေကို မြင်တော့လည်း တွေးမိနေတယ်"

အမျိုးသမီးက သူမခံစားနေတာကို ရင်ဖွင့်ပါသည်။

"ဒါဆို ရှင့်အနေနဲ့ တီဗွီ၊ ဗွီဒီယိုကြည့်တဲ့အခါ ဘာကိုတွေးမိသလဲ"

"အဲဒီထဲမှာ ပါဝင်နေတဲ့ ယောက်ျားတွေအကြောင်းကို တွေးမိပါတယ်"

မမမြင့်က နောက်ထပ်မေးခွန်း မေးပြန်ပါသည်။

"ပန်းခြံတွေဘာတွေ သွားမှာပေါ့၊ ဥပမာ-မျှော်စင်ကျွန်းတို့ဘာတို့ရောက်ရင်ကော ဘာတွေးမိသလဲ"

"ဪ . . . ဒါလား၊ ကျွန်မက ဆိုင်တစ်ဆိုင်မှာ ထိုင်ရင်းက ပန်းခြံထဲဖြတ်သွားဖြတ်လာတဲ့ ကောင်လေးတွေအကြောင်း တွေးမိတာပေါ့"

ထိုအမျိုးသမီးအဖြေစကားကြောင့် မမမြင့်က ပြုံးလိုက်သည်။

"ဒါဖြင့် ဈေးဝယ်စင်တာတွေ သွားတော့ကော"

"အဲဒီကျတော့လည်း ကိုရီးယားစတိုင်ဝတ်ထားတဲ့ ကောင်လေးတွေနဲ့ လက်ချင်းချိပ်ပြီး ဈေးဝယ်ရရင် သိပ်ကောင်းမှာပဲလို့ တွေးမိတယ်"

"နောက်ထပ် ဘတ်စ်ကားစီးတော့ကော"

"ကျွန်မက အထူးကားစီးတာ၊ အထူးကားစီးတော့လည်း အမျိုးသမီးခရီးသည်တွေကို မမြင်ဘဲ ယောက်ျားသားခရီးသည်တွေကိုပဲ မြင်ပြီး သူတို့အကြောင်းပဲ စဉ်းစားနေမိတယ်"





ထိုအမျိုးသမီးစကားအဆုံးမှာ မမမြင့်က ထိုအမျိုးသမီးကို ကြည့်လိုက်သည်။

"ကျွန်မ ရှင့်ကို အကောင်းဆုံးအကြံဉာဏ်ပေးမယ်၊ ရှင် ယောက်ျားတစ်ယောက် အမြန်ယူပေတော့၊ အိမ်က စေ့စပ်တာ၊ ကိုယ့်ကိုယ်လာပြီး ကမ်းလှမ်းတာမျိုးရှိရင် ဘာမှစဉ်းစားမနေနဲ့တော့၊ ရှင်ယူဖြစ်အောင်သာ ယူတော့၊ ရှင့်မှာ ယောက်ျားလိုချင်ပါလျှက်နဲ့ ချုပ်တီးထားလို့ ဖြစ်လိမ့်မယ်၊ အဲဒါတွေ ဖေါက်ခွဲပစ်လိုက်"

"ဟီ . . . ဟီ . . . တကယ်ပြောတာနော်၊ ကျွန်မကို မေတ္တာတောင်းခံသူတော့ ရှိတယ်၊ ကျွန်မက သုံးယောက်တောင်ဆိုတော့ ဘာလုပ်ရမှန်းမသိလို့"

"ဘာမှမလုပ်နဲ့၊ တစ်ယောက်သာ အမြန်ယူတော့၊ ဒီမှာ ဧည့်သည်တွေ ကျန်နေသေးတယ်၊ ရှင်သွားလို့ရပြီ"

မမမြင့်စကားအဆုံး ထိုအမျိုးသမီးက အကြံပေးခ၊ ဉာဏ်ပူဇော်ခငွေပေးပြီး ဆေးခန်းထဲမှ ထွက်သွားပါသည်။

"အဲဒါပဲ ကြည့်တော့ မြရည်ညိုရေ၊ အဲဒီမိန်းမများ ယောက်ျားလိုချင်ရဲ့သားနဲ့ သူ့ခမျာ ရွေးရခက်၊ အလိုမကျဖြစ်ရင်း လင်တရူးလိုဖြစ်နေတာ၊ ယောက်ျားယူလိုက်ရင် ပွဲကပြီးနေတဲ့ဟာ၊ ကဲ . . . ဒါနဲ့ ဒီကို မလာစဖူးလာတာ ကိစ္စရှိလို့ဖြစ်မယ်၊ ပြောစမ်းပါဦး . . . ဘာတွေအရေးကြီးလို့လဲ"

"ဘာအရေးကြီးရမှာလဲ၊ မမမြင့်စတဲ့ကိစ္စ မမမြင့်ရှင်းပေတော့၊ ဒီကြားထဲ ဝင်းပပက ယောင်ပြီး စကားစက ထွက်သွားလို့၊ ဒီလို မမမြင့်ရေ × × × × × × × ×"

မြရည်ညိုက မနက်က ဗညားတစ်ယောက် သူမထံလာပြီး စကားမပြောကြသည့် အကြောင်းစုံကို ပြောပြရှင်းပြပါသည်။ မမမြင့်က အံ့သြ အချာနားထောင်လို့ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး . . . ဒါများကွယ်၊ ရုပ်ရှင်ပွဲဒီယိုတွေထဲကလိုပေါ့၊ ဟိုက နှစ်ယောက်စလုံးလာတွေ့ရင် ကိုယ်က မြရည်ညိုပုံစံနဲ့ပြောလိုက်၊ အကြောင်းပြပြီး အိမ်ပေါ်ကိုတက်၊ အဝတ်အစားလဲ ဝတ်ရည်ညိုပုံစံနဲ့ ပြန်ထွက်ပေါ့"

"မမမြင့်ရယ် . . . ဘယ်ဖြစ်မလဲ၊ မမမြင့်ကတော့ ပြောတော့မယ်၊ ကျွန်မလည်း ယောင်ပြီး လွတ်ခနဲ ထွက်သွားမိတာ"

"မြရည်ညိုကို နောက်တာပါ ဝင်းပပရယ်၊ အဲဒီနှစ်ယောက် ပြိုင်တူလာလည်း မြရည်ညိုဖြစ်ဖြစ်၊ ဝတ်ရည်ညိုဖြစ်ဖြစ် ကိုယ်ကြိုက်တဲ့ပုံစံနဲ့ ဆက်ဆံရင်း လိမ်ညာပေါ့လေ၊ ဒါနဲ့ မြရည်ညို . . . အခုဆိုရင် ခန့်ညား ကော ဗညားကော နှစ်ယောက်စလုံး တွေ့ပြီးပြီဆိုတော့ မြရည်ညိုက မိဘသဘောတူတဲ့ ဗညားဖက်မှာ အလေးသာလား၊ ခန့်ညားဖက်မှာ အလေးသာလား"

မမမြင့်စကားကြောင့် မြရည်ညိုအနည်းငယ် စဉ်းစားလိုက်နေမိသည်။ ခန့်ညားနှင့်ဗညား၏ နှစ်ယောက်စလုံးပုံရိပ်တွေကို မျက်ဝန်းထဲမှာ မြင်နေမိသည်။

"မမမြင့်ကို ကျွန်မရဲ့ဆန္ဒအမှန်အတိုင်း ပြောရရင် ကျွန်မက ကျွန်မရဲ့ခင်ပွန်းဆိုတာ ကျွန်မအားကိုးရမယ့်သူ၊ ကျွန်မကို လမ်းညွှန်ပေးနိုင်မယ့်သူမျိုး ဖြစ်စေချင်တာ၊ သူ့ကို ကျွန်မက လက်တွဲရမယ်လေ၊ ဟော . . . အခု ခန့်ညားနဲ့ဗညားနှစ်ယောက်ကျတော့ အလုပ်က ဘဝအာမခံ ချက်ပြည့်စုံမယ့်ဟာမျိုးတွေ မရှိဘူး၊ ဗညားက အများအကျိုးကိုလုပ်တယ်၊ ခန့်ညားကျတော့ စာရေးဆရာဖြစ်ဖို့ လုပ်နေဆဲ၊ ဒီအချိန်မှာ ကျွန်မဘဝရဲ့ အနာဂတ်အတွက် ဘယ်လိုအားကိုးလို့ရမလဲ"

"အချိန်စောပါသေးတယ် မြရည်ညိုရယ်၊ တကယ်တမ်း ချစ်လာနိုင် သူမနေပါဘူး၊ မမမြင့်အထင်ပြောရရင် မြရည်ညိုက ခန့်ညားကို သံယောဇဉ်ပိုရှိသလိုပဲနော်၊ ဗညားတော့ ကျန်ရစ်ဖြစ်မှာပဲ၊ အခုတော့





ကိုယ့်နှလုံးသားတစ်ခုတည်းနဲ့ သွားပေဦးပေါ့၊ နောက်တော့ . . ."

မမမြင့်က စကားစကို ဖြတ်ထားသည်။ မြရည်ညိုကတော့ မမမြင့် ပြောမှပဲ မဆီမဆိုင် ခန့်ညားကို သွားသတိရနေမိပါသေးသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

အမှားတွေဆိုတာ
ရှာဖွေတွေ့ရှိမှု တံခါးဝများလို့
ပြောသူက ပြောပါရဲ့၊
ကိုယ်က အဲဒီတံခါးမှာတွေမှာရပ်ပြီး
အမှားကို ကြိုဆိုနေသလိုဖြစ်လို့ပေါ့၊

## အခန်း (၁၂)

“ငါ့ကို ဒါမျိုးလာမလုပ်နဲ့ မမြရီ၊ ငါဆိုတဲ့ကောင်က ငါမကြိုက်တဲ့ ငါးဟင်းအရည်ထည့်ချက်ဆို လှည့်တောင်မကြည့်တာ သိသားနဲ့၊ ဒါ ငါ့ကို နင်ရွဲ့တာ”

“ရွဲ့တယ် . . . ဘာဖြစ်လဲ၊ ဘာလုပ်ချင်လဲ”

“အေး . . . နင်သိမယ် မမြရီ”

ကိုကျော်ကြီးတို့အိမ်မှာ တိုက်ပွဲကတော့ ကြမ်းပြီ။ ကိုကျော်ကြီးနှင့် မမြရီတို့လင်မယားနှစ်ယောက် ရန်ဖြစ်သံတွေက ‘ကီး’တော်တော်မြင့်သည်။ လမ်းမကတောင် ကြားနေရသည်။ ဗညားနှင့် တင်ဖေညွန့်တို့နှစ်ယောက် ကိုကျော်ကြီးတို့အိမ်ရှေ့မှာ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

“မမြရီ . . . ငါ့ကို ဘာထင်နေလဲ၊ ဒီမှာတွေ့လား . . . ဓါး”

ပြဿနာတော့ ကြီးပြီလို့။ ကိုကျော်ကြီးနှင့်မမြရီ ပြဿနာက ကိုကျော်ကြီးတစ်ယောက် ဓါးဆွဲရလောက်အောင် သူမကြိုက်သည့် ငါးဟင်းချက်ထားတာက အတော်ပြိုလ်မွှေပြီလို့။



www.burmeseclassic.com

www.burmeseclassic.com



"ဗညား . . . ကိုကျော်ကြီး ဓါးကိုင်ပြီး အိမ်ပေါ်က ပြေးဆင်းလာပါလား၊ ဘယ်သူ့ကို ခုတ်မလို့လဲ မသိဘူး၊ ဒုက္ခပဲကွာ"

ဓါးကိုင်ပြီး အိမ်ပေါ်က ပြေးဆင်းလာသော ကိုကျော်ကြီးကို ကြည့်ပြီး တင်ဖေဆွန့်က စိုးရိမ်တကြီးဖြင့် ဗညားအား ပြောပါသည်။

"ဟာ . . . ကိုကျော်ကြီး ဘာလုပ်တာလဲ"

မထင်မှတ်ဘဲ မြင်လိုက်ရလို့ ဗညားအံ့အားသင့်သွားသည်။

ဓါးကိုင်ပြီး ပြေးဆင်းလာသော ကိုကျော်ကြီးက အိမ်ခြံဝင်းထဲက မြက်ပင်တွေကို ဓါးနှင့် ဒေါသတကြီး လွှဲလွှဲပြီး ခုတ်နေပါသည်။

"ငါ့စိတ်ကိုမဆွနဲ့ မမြရီ၊ ငါ့အကြောင်း နင်သိတယ်နော်၊ ငါ ဒေါသကြီးရင် ဘာလုပ်တတ်တယ်ဆိုတာ"

မြက်တွေကို ဓါးနှင့်ခုတ်ရှင်းနေရင်းမှ ကိုကျော်ကြီးက သူ့မိန်းမ မမြရီကို လှမ်းအော်ပြောနေပါသေးသည်။

"ဒီလိုဒေါသမျိုး ရှင်များများထွက်ပေး၊ ဒါမှ ခြံထဲမှာရှိတဲ့မြက်တွေ အကုန်ရှင်းမှာ၊ ရှင်ဒီလိုစိတ်ဆိုးရင် မြက်တွေ ဓါးနဲ့ရှင်းတာကိုပဲ ကျွန်မကတောင် ကျေးဇူးတင်နေရဦးမှာ၊ နောက်နေ့ . . . ရှင်ဒေါသထွက်အောင် ဆွဆွပေးရမယ်"

အိမ်ပေါ်ကနေ ကိုကျော်ကြီး၏မိန်းမ မမြရီစကားကြောင့် အိမ်ခြံဝမှာရှိနေသော ဗညားနှင့် တင်ဖေဆွန့်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရယ်မိကြသည်။

"ဗျို့ . . . ကိုကျော်ကြီး၊ ခင်ဗျား ဒီလိုဒေါသကြီးပြီး မြက်တွေရှင်းတတ်တာမျိုးက စည်ပင်မှာ ဝင်လုပ်ရမှာ"

တင်ဖေဆွန့်က ခြံထဲဝင်လာရင်းမှပြောတော့ မြက်ခုတ်နေသည့် ကိုကျော်ကြီးက . . .

"ဟာ . . . ငါ့ငယ်ကျိုးငယ်နာတွေတော့ မင်းတို့နှစ်ယောက် ရောက်လာလို့ ပေါ်ပါပြီကွာ၊ အေးကွာ . . . ငါကလည်း ဒေါသဖြစ်ရင်





ဓါးကိုင်ပြီး အော်ဟစ်ရင်းက ဒီလိုမြက်တွေ ရှင်းလိုက်ရရင် ဒေါသက ပြေသွားတာမျိုးကွ . . . ဟဲ . . . ဟဲ"

ကိုကျော်ကြီးက မြက်ရှင်းနေတာကို ရပ်လိုက်ရင်းမှ ဘယ်လိုမှ မလှသော မျက်နှာနှင့် မလိုက်ဖက်အောင် ရယ်လိုက်ပါသည်။

"ဘာကိစ္စလဲကွ၊ လာကွာ . . . အိမ်ပေါ်သွားရအောင်"

"မမြရီရေ . . . ဒီမှာ ဗညားနဲ့တင်ဖေဆွန့် လာတယ်ဟေ့"

"ဘာစိတ်ကူးနဲ့ ဒီနှစ်ယောက် အိမ်ကိုရောက်လာတာလဲ ပြောပါဦး"

စောစောကလို လေသံမျိုးမဟုတ်ဘဲ လင်မယားနှစ်ယောက်က ပြောသဖြင့် အတော်လည်း တတ်နိုင်သည့် လင်မယားပဲလို့။

"ခင်ဗျားတို့လင်မယားနှစ်ယောက်က စောစောက လေသံနဲ့ တာမှမဆိုင်တော့ဘူးနော်"

"ဒါကတော့ ဗညားရာ၊ စောစောက ရန်ဖြစ်တာလေ၊ လင်မယားဒီလိုပါပဲကွာ၊ မင်းလည်း မိန်းမရမှ သိမယ်၊ ကဲ . . . အိမ်ကိုလာတာ ဘာကိစ္စပေါ်လာလို့လဲ၊ နေဦး . . . ငါခြေလက်တွေ သွားဆေးလိုက်ဦးမယ်၊ အိမ်မှာပဲ စကားပြောကြတာပေါ့ကွာ"

"မမြရီရေ . . . ရေခဲသေတ္တာထဲက ဘီယာနှစ်ပုလင်းနဲ့ ဖန်ခွက်သုံးခွက်ယူပေးပါဟေ့၊ အိမ်လာတဲ့ ဧည့်သည်တွေကို ပြုစုရမယ်"

"ဟုတ်ကဲ့ . . . ကိုကျော်ကြီး"

လင်မယားဆိုသည်မှာ ဘယ်လိုလဲဆိုသည့် အဓိပ္ပါယ်ကို ဗညားတစ်ယောက် ကောင်းကောင်းသဘောပေါက်သွားပါသည်။ ကိုကျော်ကြီးက အိမ်ရှေ့မှာ ခြေတွေလက်တွေဆေးပြီး အိမ်ပေါ်ပြန်တက်လာပါသည်။ မမြရီကလည်း ဘီယာနှစ်ပုလင်းနှင့် ဖန်ခွက်သုံးခွက်ယူလာပေးပါသည်။

"မိန်းမရေ . . . အမြည်းလေးဘာလေး လုပ်ဦး"

သည်တစ်ခါလည်း မမြရီမငြင်းပါ။ မြေပဲကြော်နှင့် အာလူးကြော်



www.burmeseclassic.com

www.burmeseclassic.com



တွေ ယူလာပေးပါသည်။

“ပြောပါဦး . . . ဘာကိစ္စအရေးပေါ်လာလို့လဲ”

“ပေါ်ဆို . . . ခန့်ညားနဲ့ဗညား နှစ်ပင်လိမ်တဲ့ကိစ္စပဲ၊ ဒီကောင် ဘာလုပ်ရမလဲ မသိဘူး ဖြစ်နေတယ်”

တင်ဖေညွန့်က ဘီယာပုလင်းကိုဖွင့်ပြီး ဖန်ခွက်တွေထဲ ဘီယာ ထည့်ရင်းက ပြောပါသည်။

“ဟုတ်တယ် ကိုကျော်ကြီးရ၊ ဟိုဖက်က ခန့်ညားနဲ့ဗညား ပြိုင် တူလာတွေ့ဖို့ပုံစံမျိုး ပြောခဲ့တယ်၊ အဲဒါ ကျွန်တော် တော်တော်အကြပ် ရိုက်နေတယ်”

“ဒါများကွာ၊ ပြဿနာမှ မဟုတ်တာ၊ အကြောင်းတစ်ခုခုဖြစ် လာရင် ကိုယ်ခွဲတစ်ကိုယ်ပဲ သွား၊ အရေးကြီးတာက ဟိုဘက်က ခန့်ညား ကို သဘောကျတာလား၊ ဗညားကို သဘောကျတာလား ဆိုတဲ့ကိစ္စပဲ”

“မဟုတ်သေးဘူး ကိုကျော်ကြီးရ၊ အဖြစ်မှန်သိသွားရင် ဘယ်လို လုပ်မလဲ”

“ဒါများကွာ၊ သိတော့လည်း ဘာဖြစ်လဲ၊ မင်းက မြရည်ညိုကို မနှစ်သက်ရင် ပွဲကပြီးတာပဲဟာ၊ နှစ်သက်တော့လည်း အဖြစ်မှန်ရှင်းပြ ပေါ့ကွာ၊ ဟော့ကောင် . . . ခေါင်းစားတယ်၊ သောက် . . . ဘာလုပ်ရမလဲ ဆိုတာ နောက်မှငါပြောမယ်”

ဗညား ဘီယာမသောက်နိုင်ပါ။ ကိုကျော်ကြီးနှင့် တင်ဖေညွန့် အကြံပေးသမျှကိုသာ နားထောင်ပြီး ဘာဆက်လုပ်ရမလဲသာ စဉ်းစား နေမိပါသည်။

❑ ❑ ❑



တယ်ကိုသွားမလို့လဲ

ကြည်နူးခြင်းတွေ သယ်ဆောင်သွားပါ။

လှပခြင်းဆိုတာ စွမ်းအားဆိုရင်

သူ့အပြုံးတစ်ချက်က

လှပခြင်းရဲ့စေါ်းသွားပါပဲကွယ်။

တစ်ခါတလေတော့လည်း

စားရသောက်ရတာထက်ကို

သူ့စကားသံတွေ ကြားချင်သပဗေပါ့။

သူ့စကားသံတွေ မကြားရဘဲ

နေ့ရက်တွေ ကုန်ဆုံးရမှာ

နှမြောပို့ ကောင်းလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဖုန်းဆက်ပြီးသွားလို့ ဗညားလုပ်စရာရှိတာ လုပ်ရပြန်သည်။ မဝတ်ချင်သော လည်ကတုံး ပင်နီတိုက်ပုံ၊ ကချင်ပုဆိုးကို ဝတ်ရသည်။ ဒီဇိုင်မပါသော မျက်မှန်ကို တပ်ရသည်။ မသောက်ချင်ဘဲ ဖွာရသဖြင့် ပါးစပ်တွေပူပြီး ခါးသော အရသာပေးရှုံသာမက ပျို့အန်ချင်အောင်ဖြစ်ရသော ဆေးတံကို မမေ့အောင် တိုက်ပုံအကျီအိတ်ကပ်ထဲ ဆေးတံသောက်ဆေးဗူးနှင့်အတူ ထည့်ရသေးသည်။ သက်ပြင်းတွေကို မှုတ်ထုတ်မိပါသည်။ ခန့်ညားကိုယ်ခွဲဘဝဖြစ်ရတာ မလွယ်ပါလားလို့။ ထိုကိုယ်ခွဲဘဝမှာ လက်ရှိဗညားဘဝလို မဟုတ်သဖြင့် ပညာစုံဖတ်ထားမှတ်ထားတာတွေ ထုတ်သုံးပြောဆိုရသည်။ အဖြစ်မှန်မပေါ်အောင် နေရသည်။ လွယ်တာကတော့ တော်တော့်ကို မလွယ်ပါ။ သည်အဖြစ်ပျက်ကို နိုင်ငံခြားမှာရှိသော မိဘနှစ်ပါးသာ သိလို့က မလွယ် . . .။ ကောင်းကောင်းအဆူခံရမှာ မေတ္တာပို့ခံရနိုင်သည်။

သည်နေ့အစီအစဉ်ကို ကိုကျော်ကြီးနှင့် တင်ဖေညွန့်တို့ လမ်းညွှန်ချက်အတိုင်း လုပ်ရသည်။ မြရည်ညိုတို့အိမ်သို့ ဖုန်းဆက်သည်။ သည်





နေ့အစ်ကိုဖြစ်သူ ဗညားမလာနိုင်။ အရေးပေါ်ကိစ္စပေါ်လာသဖြင့် သွားရလို့ ဗညားကိုယ်ပွားခန့်ညားက ဗညားအစား မြရည်ညိုအားတွေ့ဖို့ လာတောင်းပန်ကြောင်းပြောရန်နှင့် အကယ်၍ မြရည်ညို၏အမျိုးညီမဝတ်ရည်ညိုရှိလျှင်လည်း ရင်းရင်းနှီးနှီး မိတ်ဆက်ပေးဖို့ ခွင့်တောင်းခဲ့သည်။ ဟိုဖက်က တယ်လီဖုန်းကိုင်သော မြရည်ညိုကလည်း လာသာလာခဲ့ပါ သူ့ညီမဝတ်ရည်ညိုနှင့် မိတ်ဆက်ပေးပါမည်ဟု ဖုန်းထဲကနေ ပြောပါသည်။

ဗညားအဖို့ သူကြုံခဲ့ပြောခဲ့ဖူးသော ဝတ်ရည်ညိုအား ဗညားပုံစံမျိုးမဖြစ်အောင် ပိပိရိရိသရုပ်ဆောင်ရမည်လို့။ သည်တစ်ခါတော့ တင်ဖေညွန့်ကို အဖော်ခေါ်မည်ဆိုပြီး ဖုန်းဆက်တော့ သူ့ဟမ်းဖုန်းက ဆက်သွယ်မှုဧရိယာပြင်ပရောက်နေသည်။ နောက်ဆုံးတော့ မထူးဘူးဆိုပြီး တစ်ယောက်တည်းသာ ထွက်လာခဲ့ရသည်။

❑

မြရည်ညိုအကြည့်က မသိမသာ မကြာခဏဆိုသလို ခြံဝဆီသို့သာ ကြည့်ကြည့်မိနေသည်။ ဒါကို သည်နေ့မှ ခန့်ညားအား အကဲခတ်လေ့လာမည့် ဝင်းပပသာမက မမြင့်ကပါ သတိထားမိပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မေးငေါ့ပြလို့။ စားပွဲခုံပေါ်မှာ ချထားသော iPhone ဟမ်းဆက်က ဖွင့်ထားသဖြင့် သီချင်းသံက လွင့်ပျံ့နေသည်။ သီချင်းထဲမှာတော့ အဆိုရှင်ချမ်းချမ်းက တကယ်ပဲ အချစ်လိုနေသည်လား မသိပါ။

"ဒီတစ်ခါလည်း လိမ်ရဦးတော့မယ်၊ ဟိုက ဝတ်ရည်ညိုဆိုတာ တယ်လိုပုံစံလဲလို့ တွေးပြီးလာရင်တော့ပြီးပြီ"

"ဒါများ စိုးရိမ်နေလား ညီမရယ်၊ ဝတ်ရည်ညိုမရှိလည်း မြရည်ညိုရှိသားပဲ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မမမြင့်က ဘာသဘောနဲ့ မြရည်ညိုကို ပြောတာလဲ၊ သိလို့ရမလား"

"ဝင်းပပ . . . နင်သိချင်လား . . . သိရမယ်၊ ခန့်ညားလာရင် ဆေးတံကို ဖွာခိုင်းပြီး နင့်မျက်နှာကို မီးခိုးငွေ့တွေပါ မှုတ်ခိုင်းဦးမယ်"

မြရည်ညိုက ဝင်းပပကို ပြောအပြီးမှာပဲ ခြံဝင်းတံခါးကို တွန်းဖွင့်ပြီး ဆေးတံကို လက်ကကိုင်ကာဖွာရင်း ဝင်လာသော ဗညားကို တွေ့လိုက်ရသည်။

ခန့်ညားပုံစံက လုံးဝမပြောင်းလဲ။ ဝတ်တာစားတာက အရင်အတိုင်းပဲ။ ပိုက်ဆံရှိပြီး အဝတ်အစားသည်တစ်စုံပဲ ရှိသလားလို့တောင် မြရည်ညိုက တွေးမိလိုက်သည်။

"ခန့်ညား . . . လာ . . . ထိုင်"

ဗညားက မြရည်ညိုအနီးနားက ခုံမှာထိုင်လိုက်ရင်းမှ ဝင်းပပကို ကြည့်လိုက်သည်။ နှုတ်ဆက်မလို့ ပါးစပ်က ထွက်ခါနီး အတင်းဘရိတ်အုပ်လိုက်ရသည်။ ယခုလာတာ ဗညားမဟုတ်၊ ခန့်ညားဆိုသော အသိစိတ်ကို ပြန်ထိန်းလိုက်ရသည်။

"အေးဗျာ . . . ကျုပ်အစ်ကိုကလည်း ကိစ္စက ပေါ်ပဲပေါ်နိုင်လွန်းတယ်၊ ခင်ဗျားကို အားနာစရာတောင် ဖြစ်နေပြီ"

"မအားနာပါနဲ့၊ ကျွန်မကလည်း ပြန်အားနာဖို့ ပြောရမှာ"

"မြရည်ညို ဘာကိုဆိုလိုတာလဲ"

"ဒီလိုပါ ခန့်ညားရယ်၊ ကျွန်မရဲ့ညီမ ဝတ်ရည်ညိုက စောစောကလေးတင်ပဲ ကောက်ခါငင်ကာ ရွှေတိဂုံဘုရားက သူ့မွေးနေ့ထောင့်မှာ ပုတီးစိပ်ချင်တယ်ဆိုပြီး ထွက်သွားလေရဲ့၊ ကျွန်မကတောင် တားပါသေးတယ်၊ ဖုန်းဆက်ထားတာ အားနာစရာလို့ဆိုတော့ သူက မရဘူး၊ တဇွတ်ထိုးပဲ၊ ဒီက ဝင်းပပကိုတောင် အဖေါ်ခေါ်မသွားဘူး၊ ဒါက ညီမလေးနဲ့ အမြဲမခွဲသလိုနေတဲ့ သူငယ်ချင်းဝင်းပပလေ"





"ဟုတ်ပါတယ် ကိုခန့်ညားရယ်၊ ကျွန်မကိုတောင် ကုသိုလ်ရမှာစိုးလို့လား မသိဘူး၊ ဘုရားကိုတောင် မခေါ်သွားဘူး"

ဝင်းပပကတော့ သူမကို ဗညားမသိဘူးအထင်နှင့် ပြောနေတာကို ဗညားက စိတ်ထဲကနေ ကြိတ်ရယ်နေမိသည်။

"ငါ့မောင် ခန့်ညားရေ ရောက်မှတော့ မထူးဘူး၊ ဘာစားမလဲ၊ စားရင်းသောက်ရင်း စကားပြောကြတာပေါ့"

"ကျုပ် အိမ်က စားလာတယ်၊ ရေနွေးသောက်ရရင် ရပါပြီ . . မမမြင့်ရယ်"

"နေ . . . နေ . . . ဒါဆို မမမြင့် ရေနွေးသွားယူလိုက်ဦးမယ်"

မမမြင့်က ထိုင်ရာကနေ ထထွက်သွားပါသည်။ ခန့်ညားက ဘာစကားမှမပြောဘဲ ဆေးတံကို ဖွာနေရင်းမှ iPhone ဟမ်းဆက်ထဲမှ ထွက်ပေါ်နေသော သီချင်းသံကို နားထောင်ရင်း ဒူးနန့်နေတာကို ဝင်းပပက မသိမသာ အကဲခတ်နေသည်။

"ခန့်ညား . . . ကျွန်မစဉ်းစားမိတယ်၊ အခု iPhone ထဲက ကြားနေရတဲ့ သီချင်းကော အင်တာနက်ကော ဓါတ်ပုံပါရိုက်လို့လည်းရ၊ ဖုန်းလည်း ပြောလို့ရ၊ အခြားအလက်တွေလည်း လုပ်ဆောင်လို့ရတဲ့ ဒီလို iPhone မျိုးကို တွင်တဲ့သူကို ချီးကျူးရမှာပဲနော်၊ ကျွန်မတို့ မတွေးမိတာမျိုးကို တွေးလို့လေ"

"ဒါကို ကျုပ်သိရသလောက်ကတော့ Black Box သေတ္တာနက်လို့ အနောက်နိုင်ငံနဲ့ အမေရိကမှာတော့ ခေါ်ကြတာပဲ"

"ဘယ်လို . . . ဒီ iPhone ကို Black Box သေတ္တာနက်လို့ ခေါ်တယ် . . . ဟုတ်လား၊ ကျွန်မဖြင့် အခုမှ ကြားဖူးတယ်"

မကြားဖူးသည့် အကြောင်းအရာကို ကြားလိုက်ရသဖြင့် မြရည် [illegible] အားသင့်သလိုမျိုး ဝင်းပပလည်း အံ့အားသင့်သွားပါသည်။

"ဒါက လွယ်ပါတယ်ဗျာ၊ ဖျော်ရည်စက်ထဲကို အသီးတွေ [illegible]ကြား



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ နို့ဆီတွေ၊ နို့တွေ ထည့်မယ်၊ ခလုတ်ဖွင့်လိုက်မယ်၊ စက်ကဖျော်မယ်၊ လေးမိနစ်ငါးမိနစ်လောက် မကြာဘူး၊ အသီးဖျော်ရည်ရမယ်၊ သစ်သီးဖျော်ရည်တော့ ရလာတယ်၊ ဖျော်ရည်စက်ထဲမှာ စက်က ဘယ်လိုအလုပ်လုပ်တယ်ဆိုတာ၊ ဒီလိုဖျော်ရည်ရဖို့ စက်ကို ဘယ်လိုဆင်ထားတယ်ဆိုတာ ကျုပ်တို့မှမသိတာ၊ ဒီလိုပဲ တီဗွီ၊ ဗွီဒီယိုဖွင့်မယ်၊ ကားမောင်းမယ် စသဖြင့်ပေါ့၊ အဲဒါတွေကို ဘယ်လိုစက်တွေနဲ့ ဆင်ထားတယ်၊ ဝါယာကြိုးတွေ တပ်ထားတယ်ဆိုတာ မသိဖူးလေ၊ အဲဒါ Black Box သေတ္တာအနက်ပဲ၊ လူတွေ နေ့စဉ်ကိုင်တွယ်အသုံးပြုနေကြတာ သေတ္တာအနက်တွေပဲပဲဗျာ၊ ဒါပေမယ့် စာစောက ပစ္စည်းတွေကို ထွင်တဲ့လူကျတော့ သေတ္တာအနက်မဟုတ်ဘူး၊ အလွယ်တကူထိုးဖောက်မြင်နိုင်တဲ့ ဖန်သေတ္တာတွေပေါ့၊ လူတိုင်းအတွက်ကတော့ သေတ္တာအနက်တွေချည်းပါပဲ၊ လူ့ဘဝကြီးက ရှုပ်ဝထွေးပစ္စည်းလို တစ်စစီဖြုတ်ကြည့်လို့မှ မရတာဗျာ"

"ကိုခန့်ညားရယ် . . . ရှင်ပြောမှပဲ ကျွန်မဗဟုသုတရသွားပြီ တကယ်ပဲ"

ဝင်းပပက စိတ်ရင်းအမှန်ဖြင့် ချီးကျူးစကားဆိုတာကို ဗညား က ဘာမှပြန်မပြောဘဲ ဆေးတံကိုသာ ဖွာနေပါသည်။

"ခန့်ညားရေ . . . ရေနွေးရပြီကွယ်"

မမြင့်က ရေနွေးအိုးနှင့် ကြွေခွက်တစ်လုံးကိုင်ပြီး ရောက်လာရင်းက ရေနွေးငှဲ့ပေးပြီး ပြောလိုက်သည်။

တစ်ချိန်လုံး ဗညားပြောသမျှကို စိတ်ဝင်တစား နားထောင်နေသော မြရည်ညိုက . . .

"ခန့်ညားပြောမှ ကျွန်မတစ်ခုသွားစဉ်းစားမိတယ်၊ ကောင်းကင်ထဲမှာ ငှက်တွေလိုမျိုး လူတွေက လေယာဉ်စီးပြီး သွားနိုင်တယ်၊ လေထီးတွေနဲ့ ဆင်းနိုင်ပျံနိုင်သလို၊ ငါးတွေလို ရေအောက်မှာလည်း သွားလာကူးခပ်လို့ရတဲ့ အခြေအနေရှိနေပြီ၊ ဒါပေမယ့် လိုနေတာတစ်ခုတော့ ရှိ





တယ်၊ ဒီကမ္ဘာကြီးမှာ လူဟာ လူလိုနေတတ်ဖို့ လိုတယ်ဆိုတာ"

"ဟုတ်တယ် မြရည်ညို၊ ကျုပ်စဉ်းစားမိတယ်၊ လူဟာ တစ်ခါတလေမှာ အင်းဆက်ပိုးလေးတစ်ကောင် ဒါမှမဟုတ် ဘက်တီးရီးယားတစ်ကောင်လောက်မှ အရေးပါသလားလို့၊ လူမှာ တန်ဖိုးတော့ ရှိတယ်၊ ခက်တာက လူဟာ မွေးဖွားလာတဲ့ကာလကနေ ကွယ်လွန်ချိန်ထိ သူတစ်ပါး အကူအညီအမှီအခိုနဲ့ ရှင်သန်လာတာပဲ၊ ကလေးလည်း ကလေးမို့လို့ ကြီးတော့လည်း ကြီးတဲ့အလျောက်ပဲ၊ စားတာသောက်တာ ဝတ်တာစားတာနေတာ သွားတာလာတာ ကျန်းမာရေးကစလို့ လူ့သက်တမ်းလေးပုံမှာ တစ်ပုံလောက်တောင် အမှီခိုကင်းမဲ့အောင် နေနိုင်တာ မတွေ့ရဘူး၊ အမှီအခိုက လူ့ဘဝအတွက် အရေးပါနေတယ်၊ သဘောက တစ်ဦးက ဟင်းသီးဟင်းရွက်စိုက်ရင် အခြားတစ်ဦးက မွေးမြူရေးလုပ်သလိုမျိုးပေါ့၊ လူမှာက တိရစ္ဆာန်တွေနဲ့မတူတာက ဘာသာစကားပြောနိုင်တယ်၊ ချစ်ခြင်းမေတ္တာရှိတယ်၊ ကမ္ဘာကြီးကိုလှအောင် ဖန်တီးပေးနိုင်တယ်၊ အခြားသော စွမ်းရည်တွေကလည်း အများကြီးပဲ၊ ဒါပေမယ့် အဲဒီစွမ်းရည်တွေနဲ့ ဝုက္ခပြန်ပေးကြတာ စစ်ပွဲတွေက သာကေပဲ၊ အကောင်းဆုံးက စောစောက မြရည်ညိုပြောသလို လူလိုနေတတ်ဖို့ဆိုရင် မိမိကိုယ်မိမိအားကိုးတာ အကောင်းဆုံးပဲ၊ နှံ့နစ်နေတဲ့လှည်းကို လှည်းသမားက ကိုယ်တိုင်အားစိုက်မထုတ်ဘဲ နတ်မင်းကို အကူညီတောင်းတယ်၊ နတ်မင်းက လှည်းရွှေ့ချင်ရင် ကိုယ်တိုင်ဝီရိယနဲ့ အားစိုက်တွန်းလို့ အကြံပြုတယ်၊ ဒီတော့ လှည်းသမားက လှည်းကို အားစိုက်တွန်းတော့ လှည်းက နှံ့ထဲက လွတ်သွားတယ်၊ လူတွေဟာ တစ်ခါတရံမှာ ကိုယ့်အားကိုယ်ကိုးဖို့ မေ့နေကြတယ်၊ ကိုယ့်အားကိုယ်ကိုးမယ့် အကျင့်ကို လူတိုင်းလေ့ကျင့်ရင် လူပီသလာမလားဘဲ၊ ဒါက ကျုပ်အမြင်ပေါ့"

ဗညား တော်တော်အာခေါင်ခြောက်သွားပါသည်။ ရေနွေးကိုသောက်ချလိုက်ပြီး ဆေးတံကို ဖွာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခန့်ညားကတော့ စာရေးဆရာလုပ်မှာမို့ မပြောရဘူး၊ မမမြင့်တို့ အတော့်ကို ဗဟုသုတရတယ်"

"ဒါက ကျုပ်စာတွေဖတ်ထားလို့ပါ၊ ကျုပ်အစ်ကိုကိုသာ မေး၊ သူက ကျုပ်ထက် ပိုတော်တယ်"

"ဟွင်း! . . ."

ရုတ်တရက်ဆိုသလို ဗညားကို မြရည်ညိုက မျက်စောင်းထိုးလိုက်တာကို မြင်သွားပါသည်။

"ဘာဖြစ်လို့ ကျုပ်ကို မျက်စောင်းထိုးရတာလဲဗျ"

"မဟုတ်ပါဘူး၊ ရှင်ကလည်း ဒေါသချည်းပဲ"

မြရည်ညိုက မုသာဝါဒကို သုံးလိုက်ရပါသည်။ ခန့်ညားဟု ထင်နေသော ဗညားစကားကို နားထောင်ရင်း သူမစိတ်ထဲကနေ သူ့အစ်ကို ဗညားက ခန့်ညားချီးကျူးသလောက် စကားကို စေ့စေ့စပ်စပ်၊ အချက်အလက်တိတိကျကျ၊ ရေရေရာရာ မရှင်းပြ၊ မပြောဆိုတာများ ညီဖြစ်သူ ခန့်ညားက အစ်ကိုဖြစ်သူအား ဂုဏ်တင်ပေးနေရသလားဆိုပြီး စိတ်ထဲက ခံစားလိုက်ရလို့ ဖြစ်ပါသည်။

"ကိုခန့်ညားရေ . . . ရှင် ဒီလောက်အပြောကောင်း၊ ရှင်းပြကောင်းတာ ဒီက အပျိုကြီးမမမြင့်အတွက်လည်း တစ်ယောက်လောက်ရှာပေးလိုက်ပါဦးလား"

"အမယ်လေး ဝင်းပပရယ်၊ အေးအေးနေပါ၊ အိမ်ထောင်ပြုမှ သာယာပျော်ရွှင်တဲ့ အိမ်ထောင်မဟုတ်ရင် ဘဝက သွားပါပြီ၊ ဒီအတိုင်းပဲ ကောင်းပါတယ်"

မမမြင့်စကားကြောင့် ဗညားက ပြုံးရင်း . . .

"မမမြင့် . . . ကျုပ်တစ်ခုမေးကြည့်မယ်၊ ပျော်ရွှင်မှုရှိတဲ့၊ သာယာတဲ့ အိမ်ထောင်ဆိုတာ ဘယ်လိုဟာမျိုးလဲ"

"မမမြင့်မဖြေခင် ငါ့မောင်လေးက ဖြေကြည့်ပါဦး"





"သာယာပျော်ရွှင်တဲ့ အိမ်ထောင်ဖြစ်ချင်ရင်တော့ မမမြင့်ယူမယ့် ယောကျ်ားက နားမကြားတဲ့သူဖြစ်မယ်၊ မမမြင့်ကလည်း မျက်စိနှစ်လုံး အလင်းမရဘူးဆို အိုကေပဲ၊ ဒီတော့ မမမြင့်ရဲ့ယောကျ်ားကလည်း နားမကြားလို့ မမမြင့်ပြောတဲ့စကားတွေကို မကြားရသလို မမမြင့်ကလည်း မျက်စိနှစ်လုံးအလင်းမရတဲ့အတွက် သူဘာလုပ်နေနေ မမြင်ရတော့ စိတ်ချမ်းသာ၊ အဲဒီအိမ်ထောင်သာလျှင် သာယာပျော်ရွှင်မှုအရှိဆုံးအိမ်ထောင်ပေါ့ဗျာ"

ဗညားစကားကြောင့် မမမြင့်မျက်နှာက ရှုံ့မဲ့သွားသလောက် ဝင်းပပနှင့် မြရည်ညိုတို့ကတော့ မမမြင့်ကိုကြည့်ပြီး ရယ်နေပါသည်။

"ခန့်ညားရယ်၊ ငါ့မောင်လေးပြောမှပဲ အစ်မအဖို့ နားလေးတဲ့ယောကျ်ားယူပြီး ကိုယ်ပါမြင်နေတဲ့ မျက်စိကန်းပေးရမယ့် ကိန်းဆိုက်နေပြီ၊ ကိုယ့်စကားနဲ့ကိုယ် ခံရတာ . . ."

**"မြန်မာ့လွတ်လပ်ရေးအတွက် တစ်မတော်ဖွဲ့လို့ ဂျပန်ပြည်မှာတွယ် × × × ဗိုလ်အောင်ဆန်းနဲ့ အာဇာနည်တွေရယ် × × × × × ရာဇဝင်အတွယ်ပွက္ကိုလည်း ရှိရမယ် × × × × မော်ကွန်းလည်းထိုးလောက်တဲ့ ဗိုလ်အောင်ဆန်းရယ် × × ×"**

စကားပြောနေတုန်း အဆိုတော်ခင်ညွန့်ရည်၏ ဗိုလ်ချုပ်အောင်ဆန်းသီချင်းသံကို ကြားလိုက်ရသဖြင့် ဘယ်ကလဲလို့ စူးစမ်းသည့်အခါ ဗညားပင်နီအင်္ကျီအိတ်ကပ်ထဲမှ ဖြစ်နေသည်။

ဗညားက အင်္ကျီအိတ်ထဲက ဟမ်းဖုန်းကို ထုတ်ယူပြီး နားထောင်လိုက်သည်။

"ဟာ! . . . ဟုတ်လား! . . . လာမယ်၊ အခုပဲလာမယ်၊ အဲဒီက စောင့်နေ"

ဗညားက ဟမ်းဖုန်းကိုပိတ်လိုက်ပြီး မြရည်ညိုတို့သုံးဦးအား ကြည့်လိုက်သည်။ ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"စကားတော့ ဆက်ပြောချင်သားဗျာ၊ ကျွန်ုပ်ရဲ့ကိုယ်ရေးကိုယ်တာကိစ္စပေါ်လာလို့ ခွင့်ပြုပါဦး . . . သွားပြီ"

လက်ထဲမှာ ဟမ်းဖုန်းကိုင်ထားသော ဗညားက ပြန်ပြောသည့်စကားကိုတောင် နားမထောင်တော့ဘဲ ခပ်သုတ်သုတ်ထွက်သွားသည်။

"ဘာတွေများ အရေးကြီးနေသလဲ မသိပါဘူး"

"မြရည်ညို့ အစအဆုံးလိုက်မကြည့်နဲ့လေ၊ နင်ခန့်ညားကို ဗညားထက်ပိုတာတော့ ယုံသွားပြီ၊ တစ်ချိန်လုံး သူပြောသမျှ နားထောင်ပြီး သူ့မျက်နှာကို ကြည့်နေလိုက်တာ မိန်းမဈေးကျတယ်"

"မဟုတ်ပါဘူး ဝင်းပပရယ်၊ သူပြောတာတွေက တန်ဘိုးရှိတယ်လေ၊ သူပြောတဲ့အကြောင်းအရာတွေက ဆွဲဆောင်ထားတာကိုး"

"ဆွဲဆောင်တာ နောက်မှထား၊ မမမြင့်ကို သံဈေးလိုက်ပို့၊ အိမ်အတွက် ဝယ်ရမှာတွေရှိတယ်၊ တရုတ်တန်းရောက်မှပဲ မနက်စာစားမယ်"

သုံးယောက်သား စကားကို လက်စသတ်ပြီး အိမ်ထဲမှာ လုပ်စရာရှိသည်များကိုလုပ်ပြီး တရုတ်တန်းကို ထွက်လာခဲ့ကြသည်။

❑ ❑ ❑



ကိုယ်အသက်ရှင်နေသမျှ
မျှော်လင့်ချက်ဆိုတာရှိတယ်၊
ကိုယ့်လူ့အဖွဲ့အစည်းပြိုကွဲဖို့အတွက်
ဆန္ဒထုတ်ဖေါ်နေတာ မဟုတ်ပါ၊
လုယူသွားတဲ့ ကိုယ့်ရပိုင်ခွင့်တွေ
ကိုယ်ပြန်တောင်းနေရတာ
အဲဒါ ...အပြစ်လားဗျာ၊
လေထဲက ပယောဂ်းတိုင်တွေလိုမျိုး
ဘဝတွေဟာ ပြစ်တည်ရမှာလား၊
ကိုယ့်သမိုင်းကို မညစ်နွမ်းစေပါနဲ့၊
တို့ပိုင်တဲ့ မြေပေါ်မှာ
ဒါတို့လေ ဒါတို့ရှုပါရစေ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

လသာမြို့နယ် . . . . . . ကုမ္ပဏီရှေ့ အနော်ရထာလမ်းမကြီးပေါ်မှာ လူက တော်တော်များသည်။ ဆန္ဒပြဆိုင်းဘုတ်များကို ကိုင်သူက ကိုင်၊ ဗွီနိုင်းဆိုင်းဘုတ်များကိုင်ဆောင်သူက ကိုင်နှင့် ရှိနေကြသည်။ ဖုန်းအားချင်းဆက်လို့ သည်နေရာသို့ ဗညားချက်ချင်းရောက်လာခဲ့ရသည်။ သူဝတ်ထားတာက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝတ်စုံမျိုးဖြစ်နေသဖြင့် သူ့အား ပါတီဝင်ဟု ထင်သူက ထင်ကြတော့မည်။ မတတ်နိုင်ပါ။ ဇော်ထွန်းတို့အုပ်စုကို လျှောက်ရှာနေမိရင်း ဆန္ဒပြဆိုင်းဘုတ်အချို့ကို ဖတ်ကြည့်နေမိသည်။

> ခွင့်ပြုမိန့်မရဘဲ ဆန္ဒပြသဖြင့် ကျွန်တော်တို့အား အရေးယူပါ။
> ဆန္ဒပြရခြင်းအကြောင်းရင်းကိုလည်း အာဏာပိုင်များနှင့် . . . . . . . မှ ဖြေရှင်းပါ။





ဂျာနယ်များမှ သတင်းသမားတွေကလည်း ဓါတ်ပုံတွေရိုက်သူက ရိုက်၊ ဆန္ဒပြသူ လယ်သမားများကို အင်တာဗျူးသူက ဗျူးနှင့် ကိုယ့်အလုပ်ကိုယ်လုပ်နေကြသည်။

"ဇော်ထွန်း . . ."

"ဗညားလာ . . ."

ဆန္ဒဖော်ထုတ်သူ လယ်သမားတစ်ဦးကို ဂျာနယ်တစ်စောင်မှ သတင်းထောက်တစ်ဦးက အင်တာဗျူးနေသည့် အနားမှာရှိနေသော ဇော်ထွန်းကိုတွေ့သဖြင့် ဗညားက နှုတ်ဆက်လိုက်သလို ဗညားကိုလည်း ဇော်ထွန်းက လှမ်းခေါ်သည်။

"လှိုင်သာယာစက်မှုဇုန်(၈)ထဲက လယ်သမားတွေက . . . . . . ကုမ္ပဏီရှေ့မှာ မနက်ဆယ်နာရီကတည်းက ဆန္ဒထုတ်ဖော်နေတာ၊ မှင်းတယ်ရောက်နေတာလဲ၊ နောက်ဆုံး မင်းမရောက်လာနိုင်တဲ့အဆုံး ငါဖုန်းလှမ်းဆက်လိုက်တာ"

"အေးပါကွာ . . . ငါကိစ္စရှိလို့ပါ၊ ပြောပါဦး . . . အခုအခြေအနေကကော ခွင့်ပြုမိန့်ကောရလို့လား"

"ခွင့်ပြုမိန့်တော့ မရဘူး ဗညားရ၊ အာဏာပိုင်တွေနဲ့ ပြဿနာမတော့ ဖြစ်နိုင်တယ်၊ လာကွာ . . . ဒီဆန္ဒပြပွဲကို ဦးဆောင်တဲ့ အမျိုးသမီးကြီးနဲ့ တွေ့ပေးမယ်"

ဇော်ထွန်းက ဗညားက ဆန္ဒပြခေါင်းဆောင်သူ အမျိုးသမီးတစ်ဦးထံ ခေါ်လာပါသည်။ နဖူးပြင်မှာ ချွေးတွေရွှဲနေသော အမျိုးသမီးတစ်ဦးက မျှော်လင့်ချက်ပါသော အကြည့်မျိုးဖြင့် ဆန္ဒထုတ်ဖော်သူတွေကို ကြည့်လို့နေပါသည်။

"အဒေါ် အခြေအနေက ဘယ်လိုရှိလဲ"

ဇော်ထွန်းက မေးမြန်းသည့်အခါ ထိုအဒေါ်ကြီးက . . .

"ကျွန်မတို့က သက်ဆိုင်ရာကို အကြောင်းကြားပြီး ဆန္ဒပြပွဲလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ သွားတယ်၊ တာဝန်ရှိသူတွေက ကျွန်မတို့ကို နိုဝင်ဘာ(၂၇)ရက်ကနေ (၂၉)ရက်အထိ (၄၈)နာရီအတွင်း (၂)နာရီသာ လုပ်ခွင့်ပေးမယ်ပြောတယ်၊ အဲဒါက ရုံးပိတ်ရက်တွေဖြစ်နေလို့ ဒီနေ့မှာ စတင်လိုက်တာပဲ၊ ဒီဘက်က တစ်ယောက်ကိုလည်း မေးကြည့်ပါဦး၊ ဘယ်လိုခံစားနေရသလဲလို့"

အခြားအမျိုးသမီးကြီးတစ်ယောက်ကို ထပ်မေးခိုင်းသဖြင့် ဗညားက . . .

"အဒေါ်ကလည်း အဒေါ့်ခံစားချက်ကို ပြောပါဦး"

"အဒေါ့်နာမည်က ဒေါ်စန်းရွှေပါ၊ ဆန်စပါးစိုက်တယ်၊ လယ်ဧက(၃၀)ကျော် အသိမ်းခံထားရတယ်၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားတွေလည်း ခိုင်ခိုင်လုံလုံရှိပါတယ်၊ အဲဒီ . . . . . . ကုမ္ပဏီအတွေ့တွေ့မန်နေဂျာက လယ်သမားဘဝကို စာနာထောက်ထားတယ်၊ ကုမ္ပဏီနဲ့ လယ်သမားတွေကြား ဆက်လက်ဆောင်ရွက်ရမယ့်ကိစ္စတွေရှိလို့ လယ်သမားစာရင်းစိစစ်ရမယ်၊ လယ်သမားကိုယ်စားလှယ်ဦးဝင်းချို့ကို လွှဲထားတယ်၊ ကိုယ်စားလှယ်နဲ့ အပိုင်းလိုက်ဆောင်ရွက်ပေးမယ်၊ တစ်ခြားကိစ္စတွေလည်း ဆက်လက်လုပ်ဆောင်မယ်ဆိုလို့ စောင့်ခဲ့တာ နှစ်လရှိပြီ၊ ဘာမှမထူးခြားလို့ အခုလိုဆန္ဒပြရတာ၊ ကျွန်မတို့မှာ စာသင်နေတဲ့ ကျောင်းသားတွေနဲ့ အသက်ကြီးတဲ့ မိဘဘိုးဘွားတွေအတွက် အခက်အခဲတွေကြုံနေရတယ်၊ အမြန်ဆုံးညှိနှိုင်းပေးစေချင်တယ်"

"ကျွန်တော်တို့က ဆန္ဒထုတ်ဖော်သူတွေကို အမှန်တရားအတိုင်းဖြစ်အောင် ကူညီပေးတဲ့ သူတွေအနေနဲ့ အတတ်နိုင်ဆုံးဖြစ်အောင် အကူအညီပေးဖို့ ကျွန်တော်တို့ ကြိုးစားကြည့်ပါ့မယ်၊ ဒီကိစ္စကို အနစ်နာခံရတဲ့ လယ်သမားတွေဖက်က အကူအညီဆောင်ရွက်ပေးနေတဲ့ အန်ကယ်ဦးဝင်းချို့ကလည်း ကြိုးစားမှာပါ"

"အင်း . . . အဒေါ်တို့ကတော့ တောင်းဆိုချက် မလိုက်လျော





မချင်း၊ ညှိနှိုင်းလို့မရမချင်း တိုက်ပွဲဝင်ရမှာပဲ၊ အချိန်တွေတော့ ကုန်မှာပေါ့ကွယ်"

ဗညားကော ဇော်ထွန်းပါ ဘာမှပြန်မပြောဘဲ ခေတ္တနှုတ်ဆိတ်သွားရင်းမှ အချိန်အနည်းငယ်ကြာမှ အဒေါ်ကြီးနှစ်ဦးကို နှုတ်ဆက်ပြီး အခြားဆန္ဒထုတ်ဖော်သူတွေနဲ့ ဘာလုပ်ဘာကိုင်ရမည်ကို ဆက်လက်ပြောဆိုလို့ နေပါသည်။

မကျေနပ်သည့် စကားသံတွေကတော့ အနော်ရထာလမ်းမကြီးပေါ်မှာ ကဆုန်ပေါက်ပြေးလွှားနေတာ မောင်းနှင်နေသည့် ကားတွေနှင့် ပြိုင်ပွဲဝင်နေသလားပင် မှတ်ထင်ရပါသည်။

❑

သံချေးမှာ ဈေးဝယ်ပြီး လသာလမ်းအတိုင်း ကားကိုမောင်းလာရင်းမှ မြရည်ညိုက အနော်ရထာလမ်းမဖက်သို့ ကားကိုကွေ့လိုက်သည်။ ပထမတော့ (၁၉)လမ်းမှာ မနက်စာစားဖို့ စိတ်ကူးသေးသည်။ နောက်တော့ မမမြင့်က MY GARDEN မှာပဲ အေးအေးလူလူ စားမည်ဟု ပြောသဖြင့် အစီအစဉ်ပြောင်းလိုက်ရသည်။

"ဟဲ့ . . . မြရည်ညို၊ ကားကို ဖြည်းဖြည်းမောင်း၊ ဟိုမှာ လူတွေအများကြီးပဲ ဆိုင်းဘုတ်တွေ ဗွီနိုင်းဘုတ်တွေနဲ့ ဘာလုပ်တာလဲ မသိဘူး"

ဝင်းပပက ကားမောင်းနေသော မြရည်ညိုကို သတိပေးလိုက်သည်။

". . . . . . ကုမ္ပဏီရှေ့မှာပဲ မြေသိမ်းခံရတဲ့ လယ်သမားတွေဆန္ဒထုတ်ဖော်ကြတာထင်တယ်၊ ဂျာနယ်က သတင်းထောက်တွေလည်း အများကြီးပဲ၊ ဟိုမှာ ဓါတ်ပုံတွေ ရိုက်နေတာတွေ့လား"

မမမြင့်က . . . . . . ကုမ္ပဏီရှေ့တွင်ရှိနေသော လူများကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း လက်ညှိုးညွှန်ပြရင်းက တစ်စုံတစ်ရာကို မြင်တွေ့လိုက်သဖြင့် အံ့အားတသင့်နဲ့ . . .

"မြရည်ညို . . . ဟိုမှာ ပင်နီတိုက်ပုံနဲ့က ခန့်ညားမဟုတ်လား။ ဒီကို အိမ်ကနေတန်းလာတာပဲ ဖြစ်ရမယ်၊ စောစောက ဖုန်းဆက်တာ ဒီကိစ္စအရေးကြီးလို့ ဖြစ်ရမယ်"

မြရည်ညိုလည်း မမမြင့်ပြသဖြင့် ကားပေါ်ကနေ ကြည့်လိုက်သောအခါ ဗညားအား တစ်လောက အင်းလျားကန့်ပေါင်မှာတွေ့ခဲ့သောလူနှင့် ယှဉ်တွဲပြီး တွေ့လိုက်ရသည်။

"ခန့်ညားက သူ့ဘေးနားကလူနဲ့ မသိပါဘူး၊ အခုဟာက သူနဲ့တော်တော်ရင်းနှီးမယ့်ပုံပဲ၊ ပြီးတော့ ခန့်ညားက ဒီလိုဟာမျိုးတွေ သူ့အစ်ကို ဗညားလို မဟုတ်ဘူး၊ ဝါသနာမပါဘူးဆိုပြီး အခုဘယ်လိုဖြစ်သွားတာလဲ"

မြရည်ညိုက စဉ်းစားလို့မရသဖြင့် ကားကို ဆက်မောင်းရင်းက တစ်စုံတစ်ရာကို သံသယရှိစွာဖြင့် တွေးနေမိတာ မမမြင့်နှင့် ဝင်းပပက သိချင်လည်း သိပါလိမ့်မည်။ ဘာဖြစ်လို့လည်းဆို သူမက ဘာစကားမှ မပြောဘဲ ကားမောင်းနေလို့ပါ။

❑

"မြရည်ညို . . . ငါတို့ကို စကားလေးဘာလေး ပြောပါဦး၊ နင်က ပြန်လာကတည်းက ဘယ်သူ့ကိုမှ စကားမပြောဘဲနဲ့ ဆက်တီကုလားထိုင်မှာ ထိုင်ပြီး အဲဒီလောက်လည်း တွေးမနေပါနဲ့ဟာ"

အိမ်ပြန်ရောက်ကတည်းက မြရည်ညိုတစ်ယောက် စိတ်ထဲ သံသယရှိတာကို အပြန်ပြန်၊ အလှန်လှန် စဉ်းစားနေတာကို ဝင်းပပက မနေနိုင်သည့်အဆုံးမှာ မေးခြင်းဖြစ်သည်။

"မဟုတ်သေးဘူး ဝင်းပပ၊ အင်းလျားကန်ပေါင်မှာ တွေ့တုန်းက ခန့်ညားက သူဟာ ဗညားမဟုတ်ကြောင်းပြောတော့ ဟိုလူက တော်တော်





အံ့အားသင့်သွားတာ၊ အဲဒီလိုဖြစ်တဲ့လူနဲ့ ဒီရက်အတွင်းမှာ ရင်းရင်းနှီးနှီး ခင်မင်သွားတာက သိပ်မြန်နေတယ်၊ ပြီးတော့ အခုလို ဆန္ဒထုတ်ဖော်တာမျိုးကို ခန့်ညားက ဝါသနာမပါဘူး ပြောတာ၊ ဖုန်းဆက်တာနဲ့ ဘယ်လိုဖြစ်လို့ အားချင်းအဲဒီနေရာရောက်သွားရတာလဲ"

"မြရည်ညိုကလည်း ဗညားက မရှိဘူးလေ၊ ခန့်ညားကို မှာချင်မှာခဲ့မှာပေါ့။ နင်ကလည်း ခန့်ညားကို သံသယဖြစ်မနေပါနဲ့၊ ကြည့်ရတာ ခန့်ညားကို နင်က နင့်ကို လိမ်နေတယ်လို့ ထင်တာကို နင်ခံစားနေတာပဲ၊ နင်နဲ့ခန့်ညားက ဘာမှမဖြစ်သေးဘူးနော်၊ နင့်ကို လူကြီးတွေသဘောတူထားတာက ဗညားနဲ့နော်"

"ဝင်းပပ နင့်လိုရာဆွဲမတွေးနေနဲ့၊ မမမြင့်အကြံပေးကောင်းလို့ အခု ငါ့မှာ မြရည်ညိုဘဝနဲ့ကော ဝတ်ရည်ညိုဘဝနဲ့ပါ တော်တော်လေး စိတ်ညစ်နေပြီ၊ အဲဒီညီအစ်ကိုနှစ်ယောက်ကြားမှာ ဘယ်လိုအလိမ်မပေါ်အောင် လုပ်ရဦးမလဲ မသိဘူး"

"ဒါများ မြရည်ညိုရယ်၊ လွယ်လွယ်လေး၊ ဗညားနဲ့ခန့်ညား ဘယ်သူက ကျွန်မကို လက်ထပ်ချင်သလဲလို့ စမ်းသပ်တာဆိုပြီး သူတို့ထဲက တစ်ယောက်ကို ရွေးလိုက်ရုံပဲ"

ဝင်းပပက သူ့စကားနှင့်သူ ရယ်နေသည်။ မြရည်ညိုကတော့ သူမစိတ်ထဲ လိပ်ခဲတင်းတင်းဖြစ်နေသည့်ကိစ္စကို အဖြေမှန်ပေါ်အောင် ဖော်ထုတ်မည်ဟု စိတ်ထဲကနေ ဆုံးဖြတ်လိုက်သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်တည်း မဟုတ်ပါဘူးကွယ်၊
ကောင်းကင်ကြီးလည်း ရှိပါတယ်၊
ရာသီဥတုသုံးပါးနဲ့ လိုက်လျောညီထွေမို့
စကြဝဠာကြီးတစ်ခုလုံးကလည်း
မိတ်ဆွေရင်းချာလို ကိုယ်နဲ့မင်းကြား
ဖြစ်တည်နေသလား မှတ်ရတယ်၊
ပြောင်းလဲရကြေးဆို
ဘာပြောကောင်းမလဲ
ယောဒီ ကမ္ဘာကြီးကို
ကိုယ်နဲ့မင်းနဲ့ ပြောင်းလိုက်ကြစို့၊
နှစ်ယောက်သားစိတ်တွေ
မကန့်သတ်ကြေးပေါ့နော်။

## အခန်း (၁၅)

ကိုကျော်ကြီးကိုကြည့်ရတာ သူဝတ်ထားစားထားတာ သူ့ကိုယ်သူ ပြန်ကြည့်ပြီး တော်တော်ကျေနပ်နေပုံရသည်။ ဆံပင်ကို လက်နှင့်သလိုက်၊ လက်ခေါက်ထားသော အကျႌလက်ရှည်ကို ဆွဲဆန့်လိုက်၊ ပုဆိုးကို ခဏခဏ ပြန်ပြင်ဝတ်လိုက်နှင့် မနက်က သွားခဲ့သော မင်္ဂလာဆောင်မှာ ဘယ်နှစ်ကြိမ်လောက် ဒါမျိုးလုပ်ခဲ့သလဲမသိ။ ယခုလို လက်ဖက်ရည်ဆိုင်ထဲဝင်လာတာတောင် နှစ်ကြိမ်သုံးကြိမ်လောက်ရှိတာမို့ ဗညားက ဘာမှမပြောဘဲ အကဲခတ်နေပေမယ့် တင်ဖေညွန့်ကတော့ ပါးစပ်က တော်တော်ပြောချင်နေပုံရပါသည်။

"ဘဝမှာ အမေမွေးကတည်းက ချို့ယွင်းချက်အနေနဲ့ ရုပ်ချောနေတာ အပြစ်ဖြစ်နေသလား မသိပါဘူးကွာ . . . ဟဲ . . . ဟဲ"

ကိုကျော်ကြီးက သူ့စကားသူ သဘောကျပြီး ရယ်နေပါသည်။

"တော်ပါ ကိုကျော်ကြီးရာ၊ အေးပေါ့လေ . . . တစ်ချို့တွေကမှော့ ကိုယ့်ပုံကိုယ်ကြည့်ပြီး ကိုယ်သာအလှဆုံး၊ အချောဆုံးဆိုပြီး ကျေနပ်နေတဲ့ သူမျိုးက စိတ်ရောဂါတစ်ခုခုရှိတဲ့ပုံမျိုးဗျ၊ အသက်လည်း ကြီးနေ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီဗျာ . . . မမြရိကလွဲပြီး ဘယ်ကောင်မလေးတွေကို ကြိုက်ဦးမလို့လဲ၊ ဒီနေ့ လူပျိုကျနေတာပဲ၊ ဝတ်တာကတော့ဗျာ"

"တင်ဖေညွှန့် . . . ဒီလိုလှလှပပဝတ်တာ အကြောင်းတစ်ခုပဲ ရှိတယ်၊ အဲဒါက အဝတ်အစားလှလှပပဝတ်တယ်ဆိုတာ ရှိနေတဲ့ချို့ယွင်းချက်ကို ဖုံးကွယ်ထားတာပဲကွ၊ ငါလည်း ငါ့အသက်ကိုငယ်အောင် ဖုံးကွယ်ထားတာပေါ့၊ တကယ်တည်းကွာ . . . ဘဝမှာ လှလှပပဝတ်လိုက်ပါရဲ့ ဝေဖန်တဲ့သူတွေက ရှိနေလိုက်တာ"

ကိုကျော်ကြီးစကားကြောင့် တင်ဖေညွှန့်က ဗညားအား မေးငေါ့ပြသည်။ ဗညားက ကိုကျော်ကြီးအား ကြည့်ရင်းက . . .

"ကိုကျော်ကြီးကလည်း အသက်ကြီးတာ ဖုံးကွယ်ဧချာမလိုပါဘူး၊ ကောင်းတာရှိပါတယ်ဗျာ၊ အဲဒါက ကိုယ်ဘယ်လောက်ပဲ အသက်ရရ ရှေ့လျှောက် ရောက်ရှိလာမယ့် အသက်ထက်တော့ ငယ်နေတယ်ဆိုတာ တွေးပြီး ဂုဏ်ယူစမ်းပါဗျာ"

ထိုအခါ ကိုကျော်ကြီးက . . .

"တော်သေးတယ် . . . မင်းတို့နှစ်ယောက်က ငါ့ကို ဘီယာတိုက်နိုင်းဖို့အတွက် ငါက သိပ်နေတာပဲ၊ လူငယ်လေးအတိုင်းပဲ ကြည့်ကောင်းလိုက်တာလို့ မပြောလို့၊ အဲဒါဆိုရင် ငါဟာ သေချာတယ်၊ အိုဇာတာဖြစ်ပြီး လူအိုရုပ်ပေါက်နေပြီလို့၊ ကျေးဇူးတင်ပါတယ်ကွာ၊ ငါ့ကို အရှိအတိုင်း ပြောလို့ပေါ့"

"ကိုကျော်ကြီးရာ . . . ခင်ဗျားက ဗညားကို ဘီယာတိုက်ခိုင်းချင်ရင် တိုက်ခိုင်းချင်တယ် ပြောစမ်းပါ၊ ကိုကျော်ကြီးကို စကားလက်ဆောင်ပါးလိုက်မယ် . . . မှတ်ထား၊ ကိုယ့်အသက်ကို ဖုံးကွယ်ဖို့အတွက် တစ်သက်လုံးမပြင်ဆင်လေနဲ့၊ တော်ကြာ ရှိတဲ့အသက်ထက် ပိုကြီးတယ်လို့ အထင်ခံရမယ်မှတ်ဗျို့"

သည်ပွဲကို သည်မှာ ဗညားက ဖြတ်ရမည်လို့။ မဟုတ်လျှင်





ကိုကျော်ကြီးကို စောင့်နေရတာကိုက ကိစ္စတစ်ခုဖြစ်နေသည်။

"ကဲ . . . အကြောင်းအရာပြောင်းရအောင်"

"ဟော့ကောင် ဗညား၊ မင်းအကြောင်းအရာက မြရည်ညိုနဲ့ ဝတ်ရည်ညိုညီအစ်မနှစ်ယောက်ကိစ္စပဲ မဟုတ်လား"

"ဟုတ်တယ် တင်ဖေညွှန့်ရေ၊ ငါက သွားတိုင်း ခန့်ညားနဲ့ အနေမျိုးမှာ မြရည်ညိုနဲ့ချည်း တွေ့နေရတယ်၊ ဗညားနဲ့ကျတော့ ဝတ်ရည်ညိုနဲ့ချည်း ဖြစ်နေတယ်၊ သူတို့ဖက်က တစ်ခုပြီးတစ်ခု ဝတ်ရည်ညိုကို အကြောင်းပြ အိမ်မှာမရှိဘူး ဖြစ်နေတယ်၊ အဲဒါက တစ်နည်းမဟုတ်တစ်နည်းပဲကွ"

တင်ဖေညွှန့်က ဗညားကို ကြည့်လိုက်ပြီး . . .

"မင်းလည်း ဘာထူးလဲ၊ ဗညားဆိုတဲ့လူကို ဟိုသွားခိုင်း၊ ဒီသွားခိုင်းမျိုး အကြောင်းပြတာပဲ"

"နေဦး တင်ဖေညွှန့်၊ ဗညားအတွက် ငါဒီလိုစဉ်းစားမိတယ်၊ ဘီယာဆိုင်ရောက်မှ ပြောပြမယ် . . . သွားရအောင်"

ဗညားတွက်ပြီးသားပါ။ ကိုကျော်ကြီးတို့ဆီက အကြံဉာဏ်ကောင်းရဖို့ဆိုတာ 'ဘီယာ'နှင့်မှ ချူဆီထည့်လို့ရသည်ဆိုတာပဲ ဖြစ်ပါသည်။ ဘီယာများသောက်ရမည်ဆိုတော့ ကိုကျော်ကြီးတို့ ခြေလှမ်းတွေ သွက်တာမှ ပြောမနေနှင့်တော့။

❑

သည်နေ့တော့ တွေ့ပြီလို့။ ဗညားတစ်ယောက် မောင်းလာသောကားကို မြရည်ညိုတို့လမ်းထဲမဝင်ခင် လမ်းမကြီးကားမှတ်တိုင်နှင့် မလှမ်းမကမ်းမှာ ရပ်ထားခဲ့သည်။ ပြီးတော့ ခန့်ညားပုံစံမျိုးဝတ်ဆင်ထားပြီးဟာ ပင်နီတိုက်ပုံမဝတ်ရသေးသဖြင့် လက်မှာကိုင်ထားသော ပင်နီတိုက်ပုံကို



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လိုက်သည်။ ဆေးတံ၊ ဆေးတံသောက်ဆေးဗူးနှင့် မျက်မှန်ကိုပါ မမေ့အောင် ယူလာရသေးသည်။

ဖုန်းမဆက်ဘာမဆက်နှင့် မထင်မှတ်ဘဲ ရောက်လာသော ခန့်ညားအသွင်နှင့်သူ့ကို မြရည်ညိုနှင့် ဝတ်ရည်ညိုတို့ အမြွှာညီအစ်မနှစ်ဦးက မြင်လျှင် အံ့အားသင့်နေမှာပဲလို့။ သူသိချင်သော အဖြေတစ်ခုခုကိုတော့ သိရမှာပဲလို့။

“ညီလေး . . . ကားခါတ်ဆီကုန်သွားလို့လား၊ ဓါတ်ဆီလိုချင်ရင် ပြော ဒိုင်လျှိုရောင်းတယ်၊ ဘာလဲ . . . ဒီရပ်ကွက်ထဲမှာ NLD ရုံးသစ်ဖွင့်ပွဲရှိလို့ သွားမလို့ထင်တယ်”

ကားရပ်ထားရာနေရာကနေ ကိုယ့်အတွေးနှင့်ကိုယ်လာနေသော ဗညားကို ကားမှတ်တိုင်နှင့် မလှမ်းမကမ်းမှာ ကွမ်းယာရောင်းနေသော သူက ဘယ်အချိန်ကနေ အကဲခတ်နေသလဲမသိ။ သူ့စိတ်အထင်နှင့် မေးပါသည်။ ဗညားဝတ်ထားစားထားတာနှင့် ကားကိုရပ်ထားပြီး လာနေတာက ထိုလူ့အထင်မှားဟု။

“မဟုတ်ပါဘူးဗျာ၊ ဘာ NLD ရုံးဖွင့်ပွဲသွားလို့လည်း မဟုတ်ဘူး၊ ဒီဝတ်စုံဝတ်တာနဲ့ NLD ပါတီဝင်လို့ ထင်နေတာက မဟုတ်သေးပါဘူးဗျာ”

ဗညားက ကွမ်းယာရောင်းသည့်သူကို ပြန်ပြောရင်း မြရည်ညိုတို့လမ်းဖက်သို့ ကွေ့ဝင်လျှောက်လာလိုက်သည်။

ဖြစ်ချင်တော့ မနက်ကတည်းက အိမ်ကထွက်လာတာ ဘာမှမနက်စာ မစားဖြစ်သေး။ အိပ်ယာထနောက်ကျသဖြင့် သူလုပ်စရာရှိသော ကိစ္စကို ကသိုက်ကရိုက် ထွက်လာခဲ့ရလို့ ဖြစ်သည်။

မြရည်ညိုတို့ အိမ်ရောက်မှပဲ တစ်ခုခုကို ကျွေးခိုင်းတော့မည်လို့။ ဒါလည်း အကြောင်းပြလို့ ကောင်းတာပဲလို့။

❑





ဧည့်ခန်းမှာ လက်သည်းဆိုးနေသော မြရည်ညိုတစ်ယောက် မထင်မှတ်ဘဲ ခန့်ညားရောက်လာသဖြင့် အံ့အားသင့်ရုံမက ဘာလုပ်ရမှန်း၊ ဘာကိုင်ရမှန်းမသိ ဖြစ်သွားသည်။

“ဝင်းပပရေ . . . ဝင်းပပ . . . ဒီမှာ ခန့်ညားလာတယ်၊ ထွက်လာပါဦး”

မြရည်ညိုက အိမ်နောက်ဖေးဖက်သို့ကြည့်ပြီး လှမ်းခေါ်ပါသည်။

“မြရည်ညို အလန့်တကြားကျနေတာပဲ၊ ခန့်ညားလာလည်း လာပေါ့”

ဝင်းပပက အိမ်နောက်ဖေးကနေ ဧည့်ခန်းထဲထွက်လာရင်းမှ ဧည့်ခန်းဝမှာ မတ်တပ်ရပ်နေသော ခန့်ညားကိုကြည့်ပြီး မြရည်ညိုအား ပြောပါသည်။

“ကျုပ်ကို ဧည့်ခန်းထဲမှာ ထိုင်ဖို့တောင် မခေါ်တော့ဘူးလားဗျ၊ တကယ်တည်း ကျုပ်ကိုတွေ့တာ မြရည်ညိုက မိစ္ဆာတစ်ကောင်ကို တွေ့သလိုမျိုး ကြောက်သလိုဖြစ်သွားပါလား”

“မဟုတ်ပါဘူး ခန့်ညားရယ်၊ ရှင်လာမယ်မှန်း သိမှမသိတာလေ”

“ဟုတ်ပါတယ် . . . ကျုပ်ကလည်း ဒီဘောက်ထော်ထဲက အသိတစ်ယောက်ဆီ ကိစ္စရှိလို့သွားတာ၊ သူတို့က ရုပ်ရှင်ဗွီဒီယိုရိုက်တဲ့ အိမ်နားမှာလေ၊ အဲဒါဗျာ . . . အိမ်ကထွက်လာကတည်းက ဘာမှမစားလာရတာ၊ ခင်ဗျားတို့အိမ်ရောက်မှပဲ တစ်ခုခုကျွေးခိုင်းတော့မယ်လို့”

“ဒါများ . . . ဝင်းပပရေ၊ မနက်က ကြော်ထားတဲ့ ကြာဇံကြော်တွေ ရှိတာပဲ၊ ခန့်ညားအတွက် ယူလာခဲ့ပါ”

မြရည်ညိုက ဝင်းပပကို ပြောသည့်အခါ ဝင်းပပက အနားကနေ ထွက်သွားသည်။ မြရည်ညိုက စားပွဲပေါ်မှာ တစ်ဝက်တစ်ပျက်နှင့် ဆိုးထားသော လက်သဲနီပုလင်းကို အဖုံးပိတ်လိုက်သည်။ ခန့်ညားက ဘယ်ဘက်လက်သူကြွယ်နှင့်လက်ညှိုး လက်သည်းဆေးဆိုးဖို့ ကျန်နေ



www.burmeseclassic.com

www.burmeseclassic.com



သော မြရည်ညို၏လက်ကို လက်သဲဆိုးဆေးပုလင်းပိတ်နေစဉ် ကြည့်မိသွားသည်။

"ကဲ . . . စားနော် ကိုခန့်ညား၊ ဘာမှအားမနာနဲ့"

"မနာပါဘူးဗျာ . . . ဗိုက်က တော်တော်ဆာနေတာ"

တကယ်ပဲ ဗိုက်ဆာနေသဖြင့် ခန့်ညားတစ်ယောက် ကြာဇံကြော်ကို ဘာစကားမှမပြောဘဲ ကုန်အောင် စားလိုက်သည်။ မြရည်ညိုက စားတာကိုကြည့်ပြီး အကျေနပ်ကြီး ကျေနပ်နေသည်။

"စားလို့ကတော့ ဗိုက်ဆာလို့လားမသိဘူး တော်တော်ကောင်းတယ်၊ ကျေးဇူးပါပဲဗျာ၊ ဪ . . . ဒါနဲ့ မြရည်ညိုရဲ့အမြွာညီမ ဝတ်ရည်ညိုကော ရှိတယ်မဟုတ်လား၊ ခေါ်ပါဦးဗျာ . . . မိတ်ဆက်ပေးပါဦး၊ သူ့ကို တစ်ခါမှ မဆုံရသေးလို့"

"ဝတ် . . . ဝတ်ရည်ညိုအား . . . သူ . . . သူ . . . ဟဲ့ . . . ဝင်းပပပြောလိုက်လေ"

မထင်မှတ်ဘဲ မေးလိုက်သည့် ဗညားစကားကြောင့် မြရည်ညို အထစ်ထစ်၊ အငေါ့ငေါ့ဖြစ်ရင်းက ဝင်းပပကို အကူအညီတောင်းပါသည်။

"ဝတ်ရည်ညိုလား၊ ညကလေ အိပ်မပျော်ဘူးဆိုပြီး တစ်နေ့ရေးနိုးမှ အိပ်ဆေးထသောက်ပြီး အိပ်တာ၊ ဒေါ်ဆေးတန်ခိုးကြောင့် ထင်တယ်၊ သူ့အခန်းထဲမှာ အိပ်နေတာ အခုချိန်ထိ မနိုးသေးဘူး၊ သွားနှိုးပေးရမလား"

"နေ . . . နေ . . . မလုပ်ပါနဲ့၊ လူတစ်ယောက်ရဲ့လွတ်လပ်ခွင့် ကျုပ်ကြောင့် မဆုံးရှုံးပါစေနဲ့"

မြရည်ညို အခုမှပဲ ရင်ထဲက အလုံးကြီးကျသွားသည်။ ကြံရည်ဖန်ရည်ကောင်းကောင်းနှင့် ဝင်းပပက စကားကို မုသာဝါဒပါပါ ပြောလိုက်တာကို ခန့်ညားက တကယ်ထင်သွားလို့ ဖြစ်သည်။

"ကိုခန့်ညား . . . ကိုခန့်ညားက စာတွေဘာတွေဖတ်၊ စာတွေ





ဘာတွေရေးဖို့ လုပ်နေတာဆိုတော့ ပြောတဲ့စကားအရလည်း ဖီလော်ဆော်ဖီဆန်ဆန်ဆိုတော့ ကျွန်မနားမလည်လို့ ရှင်းပြပါလား"

"ဝင်းပပ . . . နင်က ကြာဇံကြော်ကျွေးပြီး တစ်ဖက်လူပြောချင်မှန်းမသိ၊ ဘာမသိနဲ့၊ သူ့မှာ တခြားဘာကိစ္စရှိသလဲမှ မသိတာ၊ အားနာစရာဖြစ်နေမယ်"

အရေးထဲ အလိမ်ပေါ်မှာ စိုးရိမ်နေသည့် မြရည်ညိုက စကားကြောရှည်ပြီး မေးလိုက်သော ဝင်းပပကို စိတ်ထဲကနေ မေတ္တာပို့ရင်းက မျက်စောင်းမထိုးရုံတမယ် ပြောလိုက်သည်။ တော်တော်အရိပ်အခြေအနေမသုံးသပ်တာပဲလို့။

"ရပါတယ်ဗျာ . . . ကြာဇံကြော်ကျွေးထားတော့ ကျုပ်က သိသလောက် ရှင်းပြရမှာပေါ့"

သွားပြီလို့။ ခန့်ညားတစ်ယောက် စကားစကို ဝင်းပပကတော့ ဖာတ်လမ်းတွဲရိုက်ပြီလို့ မြရည်ညိုတွေးလိုက်သည်။

"ပထမဦးဆုံး ယုတ္တိဗေဒ(Logic)ဆိုတာ ရှိတယ်၊ အလွယ်ကူဆုံး ဥပမာပေးရရင် လူနှစ်ယောက်မှာ တစ်ယောက်က တစ်ကိုယ်လုံးညစ်ပတ်နေမယ်၊ နောက်တစ်ယောက် သန့်ရှင်းနေမယ်၊ ဘယ်သူက ရေချိုးတဲ့နေရာကို သွားမလဲ"

"ဪ . . ကိုခန့်ညားကလည်း ညစ်ပတ်နေတဲ့လူ သွားမှာပေါ့"

"မှန်တယ် . . . အဲဒါ ယုတ္တိဗေဒ(Logic)ပဲ၊ နောက်တစ်ခု ဒိုင်ယာလက်တစ်(Dialectic) သမုတိသဘောဆိုတာ ရှိတယ်၊ လူနှစ်ယောက်ပဲဗျာ၊ တစ်ယောက်က ညစ်ပတ်နေတယ်၊ တစ်ယောက်က သန့်နေတယ်၊ ဘယ်သူက ရေချိုးတဲ့နေရာသွားမလဲ"

"ကိုခန့်ညားကလည်း ညစ်ပတ်တဲ့လူပဲ သွားမှာပေါ့"

ဗညားက ဝင်းပပအဖြေစကားကြားတော့ ရယ်လိုက်ရင်း . . .

"မှားတယ် . . . သန့်တဲ့လူပဲ သွားမှာပေါ့၊ အဲဒီလူက ရေမှန်မှန်



www.burmeseclassic.com

www.burmeseclassic.com



ချီးလို့ သန့်နေတာလေ၊ အဲဒါ ဒိုင်ယာလက်တစ်(Dialectic) သမုတိ သဘောပဲ"

"ဒီတော့ စောစောက ခင်ဗျားပြောတဲ့ ဖလော်ဆော်ဖီ(Philosophy) ဆိုတာ လာပြီ၊ လူနှစ်ယောက်ပဲဗျာ၊ တစ်ယောက်က ညစ်ပတ်နေမယ်၊ တစ်ယောက်က သန့်နေမယ်၊ ဘယ်သူက ရေချိုးတဲ့နေရာသွားမလဲ၊ ဒီတစ်ခါ မြရည်ညိုဖြေကြည့်"

"ဘယ်သိမလဲ၊ သူ့ဖာသာသူ သွားချင်တဲ့သူ သွားမှာပေါ့"

"မှန်တယ် မြရည်ညို၊ ဖလော်ဆော်ဖီ(Philosophy)ဆိုတာ အဲဒါပဲ၊ ကဲ . . . ရှင်းပြီလား"

"ကိုခန့်ညားကလည်း ဘယ်လိုအဖြေကြီးမှန်းလဲ မသိဘူး"

ဝင်းပပက ဗညားစကားအဆုံး အူကြောင်ကြောင် ဖြစ်သွားပါသည်။

"ဒါက နိုင်ငံတကာဟာသတစ်ခုကို ရယ်စရာပြောတာပါဗျာ၊ ဖလော်ဆော်ဖီအကြောင်း ရှင်းရရင် ကြာမယ်ဗျ၊ အတိုဆုံးသာ မှတ်ထား၊ အမှန်တရားကို အသိဉာဏ်ပညာကို ချစ်မြတ်နိုးတာ ဖလော်ဆော်ဖီပဲ၊ နောက်မှရှင်းပြမယ်ဗျာ၊ သွားပြီ . . . ခင်ဗျားတို့ကို ရှင်းပြရတာနဲ့ ဆေးတံတောင် မဖွာရတော့ဘူး"

ဗညားက တိုက်ပုံအကျီထဲမှ ဆေးတံကိုထုတ်၊ ဆေးသားထည့်ကာ မီးညှိပြီး ဖွာနေရင်းက ဧည့်ခန်းထဲကနေ ထွက်သွားပါသည်။

"တော်ပါသေးရဲ့ ဝင်းပပရယ်၊ အခုမှပဲ သက်ပြင်းချနိုင်တော့တယ်၊ ခန့်ညားက ဒီလိုမထင်ဘဲ ရောက်ရောက်လာရင်တော့ ပြဿနာပဲ၊ နင်လိမ်လိုက်တာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် နင်က စကားကြောရှည်ပြီး သွားမေးတာ ဟိုက အလိုက်သင့်ပြောပြီး ပြန်သွားလို့ တော်သေးတယ်၊ ငါ့မှာ ပုံမပျက် သူမေးတာဖြေရင်းက ခြေဖျားလက်ဖျားတွေဆိုတာ အေးနေတာပဲဟာ"





"ငါလည်း ခေါင်းထဲပေါ်လာတာ ပြောလိုက်ရတာ . . . တော်သေးတာပေါ့"

ဗညားတစ်ယောက် ခြံထဲကနေ အပြင်သို့ရောက်ပြီး စိတ်ချရပြီဆိုမှ မြရည်ညိုက ဝင်းပပကို ပြောမိသည်။

"ကဲ . . . ဝင်းပပ အောက်ထပ်မှာ နင်လည်း လုပ်စရာရှိတာလုပ်၊ ငါလည်း အပေါ်ထပ်က ငါ့အခန်းထဲမှာ ရှင်းစရာရှိတာ ရှင်းဦးမယ်"

"ဟဲ့ . . . ရှင်းစရာရှိတာ ရှင်းနော်၊ ခန့်ညားအကြောင်းလည်း စဉ်းစားမနေနဲ့ဦး"

"စဉ်းစားစရာလား . . ."

မြရည်ညိုက ဒေါသဖြစ်သလိုမျိုး ပြောရင်းကနေ ဧည့်ခန်းထဲက ထွက်သွားတာကိုကြည့်ပြီး ဝင်းပပက အဓိပ္ပါယ်ပါပါ ပြုံးလိုက်ပါသည်။

❑

"ညီလေး . . . ဟ . . . ဘယ်လိုဖြစ်လို့ NLD ဝတ်စုံမျိုးကနေ ပုံစံတစ်မျိုးပြောင်းသွားတာလဲ၊ မျက်မှန်တွေဘာတွေတောင် မတပ်တော့ပါလား"

ကားမှတ်တိုင်နားက ရပ်ထားသော ကားဆီသို့ မြရည်ညိုတို့အိမ်ကနေ ရောက်ရောက်ချင်းမှာပဲ ကားထဲမှာ အဝတ်အစားကို ဗညားပုံစံမျိုးဖြစ်အောင် လဲလိုက်ပြီး ခန့်ညားအနေဖြင့် ဝတ်ဆင်ခဲ့သော အဝတ်အစားများကို ကြွပ်ကြွပ်အိတ်ထဲထည့်ပြီး ကားနောက်ခန်းဖုံးထဲ သွားထည့်ကာ ကားနောက်ခန်းအဖုံးပိတ်ချိန်မှာ ကွမ်းယာရောင်းသောသူက ဗညားအနားရောက်လာပြီး လာမေးပါသည်။

သည်လူအနေနှင့် ကွမ်းယာမရောင်းနိုင်ဘဲ သူများကိစ္စကို အတော်စပ်စပ်စုစုနိုင်သူ ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး . . . စောစောက ဒီလမ်းထဲကွေ့ပြီး ဝင်သွားတာ၊ ဘယ်သူ့အိမ်လဲ၊ အိမ်တော်တော်များများတော့ သိတယ်၊ ဘာကူညီရမလဲ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော့်မှာ အစ်ကို့ကို ရှင်းပြလို့မရသေးတဲ့ ကိုယ်ရေးကိုယ်တာကိစ္စလေးတွေရှိလို့ ခွင့်ပြုပါ"

"အေးကွာ . . အစ်ကိုကလည်း မျိုးရိုးဂုဏ်ထိန်းတဲ့သူကွ၊ သူများကိုယ်ရေးကိုယ်တာကိစ္စဆို သိပ်စိတ်ဝင်စားတာ၊ ဒီတစ်ခါ ငါ့ညီအကြောင်း မသိလိုက်ရတာ အစ်ကိုစောင့်ထိန်းလာတဲ့ မျိုးရိုးဂုဏ်ပျက်ရမယ့် ကိန်းဆိုက်နေပြီ"

ကွမ်းယာရောင်းသူစကားကို ဗညားက ပြန်လည်မချေပတော့ဘဲ ကားစက်နှိုးကာ မြရည်ညိုတို့အိမ်ဆီသို့ မောင်းထွက်လာခဲ့သည်။ ခန့်ညားသွားပြီး မရှေးမနှောင်းမှာ ဗညားအဖြစ် ထပ်မံရောက်လာတာ မြရည်ညိုနှင့် ဝတ်ရည်ညိုတို့နှစ်ယောက် ဘယ်လိုဖြစ်လေမလဲ တင်ဖေညွန့်နှင့်ကိုကျော်ကြီးအကြံပြုသလို ထူးခြားမှုဘာဖြစ်လေမလဲ ဗညားသိပ်သိချင်နေမိပါသည်။

❑

"ပွမ် . . . ပွမ် . . . ပွမ်"

ခြံဝကနေ ကားဟွန်းသံကြားသဖြင့် ဝင်းပပဧည့်ခန်းထဲကနေ ခြံဝသို့ ပြေးထွက်လာပြီး ခြံတံခါးဖွင့်ပေးသည့်အခါ ဗညားကားမောင်းလာတာကို မြင်ရသဖြင့် အံ့အားသင့်သွားသည်။

"ကိုဗညား . . . ကိုဗညားပါလား၊ စောစောကတင် ကိုခန့်ညားလာ . . . လာ . . . လာသွားသေးတယ်၊ ဒီကိုလာတာလား"

ဝင်းပပက မျက်စိမျက်နှာပျက်ရင်းက အထစ်ထစ်၊ အငေါ့ငေါ့





ဖြစ်မလို ပြောသည့်စကားကို ထိန်းပြောရင်းက မေးပါသည်။

"ဩော် . . . ခန့်ညားရောက်လာသေးတာကိုး၊ ဒီကောင့်ကို ဒီမလွှတ်ပါဘူး၊ ဘယ်လိုဖြစ်လို့ ရောက်လာတာလဲ"

"ဒီဘက်မှာရှိတဲ့ အသိအိမ်သွားရင်း လမ်းကြုံလို့ ဝင်လာတာတဲ့၊ ဘာမှမစားရသေးလို့ ကြာဇံကြော်တောင် စားသွားသေးတယ်"

"ဒါနဲ့ အိမ်မှာ ဘယ်သူရှိလဲ"

ဗညားက မသိချင်ယောင်ဆောင်မေးပါသည်။

"အိမ်မှာလား . . . ဟို . . . ဟို . . . မြရည်ညိုကတော့တင် အပြင်ထွက်သွားတယ်၊ ဝတ်ရည်ညိုကတော့ အိပ်နေတယ်၊ ညက အိပ်ဆေးသောက်ပြီး အိပ်နေတာ၊ သူနဲ့စကားပြောရအောင် နှိုးပေးမယ်၊ ခြံထဲကို ကားမောင်းဝင်လာပြီး ဧည့်ခန်းထဲမှာ စောင့်ပါ၊ ကျွန်မ ဝတ်ရည်ညိုကို သွားနှိုးလိုက်ဦးမယ်"

ခြံဝကနေ ဝင်းပပက အိမ်ထဲကို ခပ်သုတ်သုတ် ပြေးဝင်သွားပါသည်။ ဗညားက ဝင်းပပပြောပုံအရ မြရည်ညိုအပြင်သွားသည်ဆိုလျှင် ကားယူသွားရမှာ၊ သူမစီးသော ကားကလည်း ခြံထဲမှာရှိနေတာ မည်သည့်ကားနှင့် သွားသလဲမသိ။ လမ်းထိပ်မှာ သူ့ကားရပ်ထားတာများ မြရည်ညို တစ်ခြားကားတစ်စီးနှင့် သွားရင်းက သူ့ကိုများ မြင်သွားလေမလား၊ ခြံထဲကို ကားမောင်းဝင်လာရင်းမှ မြန်မြန်ဆန်ဆန် တွေးမိသေးသည်။

❑

"မြရည်ညို ပြဿနာတော့ တက်ပြီ၊ ဝတ်ရည်ညိုအဝတ်အစား . . .ွ မြန်မြန်ဝတ်"

အိပ်ခန်းထဲမှာ ရှင်းစရာရှိတာတွေ ရှင်းနေသော မြရည်ညိုထံ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းပပက အမြန်ရောက်လာရင်းမှ တစ်ခုခုကို စိုးရိမ်သည့်လေသံမျိုးဖြင့် ပြောလိုက်လို့ ဘာကိစ္စများ ဖြစ်လာသလဲလို့ မြရည်ညိုမစဉ်းစားတတ်အောင် ဖြစ်သွားသည်။

"အောက်မှာ ဗညားရောက်နေတယ်၊ မြရည်ညိုမရှိဘူး၊ ဝတ်ရည်ညိုအိပ်ဆေးသောက်ပြီး အိပ်နေတာ နိုးပေးမယ်လို့ ပြောထားတယ်၊ အဲဒီကိုဗညားကလည်း ဘာမပြောညာမပြောနဲ့ ရောက်လာသလဲ မသိဘူး၊ မြန်မြန်အဝတ်အစားလဲ၊ ဆံပင်တုကို မြန်မြန်ဖွပ်၊ မြန်မြန်လုပ်နော်၊ အောက်မှာ ငါကြည့်ပြီး 'ဖေါ်'ထားမယ်"

ဝင်းပပက မှာစရာရှိတာမှာပြီး အောက်ထပ်သို့ ပြန်ဆင်းလာပါသည်။ ဧည့်ခန်းထဲမှာ ဂျာနယ်တစ်စောင်ကို ဖတ်နေသော ဗညားကို မြင်ရသည်။

"ကိုဗညား ခဏလေးနော်၊ သခင်မလေးဝတ်ရည်ညိုကို နိုးပြီးပြီ၊ လာပါလိမ့်မယ်"

ဝင်းပပက ဗညားကိုပြောရင်းကနေ အိမ်ပေါ်ထပ်သို့တက်သည့် လှေခါးဆီသို့သာ မသိမသာ ကြည့်ကြည့်မိနေသည်ကို ဗညားသတိထားမိသည်။

"ဟော . . . သခင်မလေး ဆင်းလာပြီ"

ဝင်းပပက လှေခါးနားသို့ သွားလိုက်ပြီး ဝတ်ရည်ညိုဝတ်ဆင်သလိုမျိုး ဝတ်စားပြီး အိမ်ပေါ်ထပ်မှ ဆင်းလာနေသော မြရည်ညိုကိုကြည့်ရင်း . . .

"မြရည်ညို . . . ဆံပင်အပေါ်က ထုံးထားတာ အစွပ်က နည်းနည်းစောင်းနေတယ်၊ လက်က ပြင်လိုက်၊ မသိမသာလုပ်နော်"

ဝင်းပပက ဗညားမကြားရအောင် စကားကို တိုးတိုးပြောပြီး သတိပေးလိုက်သည်။ သည်တော့မှ မြရည်ညိုလည်း ဆံပင်တုကို မသိမသာ လက်နှင့်ကိုင်ပြီး အစွပ်ကို ပြင်လိုက်ရသည်။





"အားနာလိုက်တာ မောင်တော်ရယ်၊ နှစ်မလေးအိပ်စက်တော်မူနေတာ လာနှိုးမှနိုးတယ်၊ အဝတ်စားလဲနေတာ ကြာသွားလို့ မောင်တော်စောင့်နေရတာ တစ်မျိုးများ မောင်တော့်စိတ်ထဲဖြစ်သွားလား မသိဘူး"

"မဖြစ်ပါဘူး ရပါတယ်"

"စောစောကတောင် နှစ်မတော်ကို လာနှိုးရင်း ပြောသေးတယ်၊ မောင်တော်ရဲ့ညီတော်လာသွားသေးတယ်တဲ့၊ နှစ်မတော်နဲ့ မိတ်ဆက်ပေးဖို့ နှစ်မတော်စက်တော်ခေါ်နေတာမို့ အစ်မတော်နဲ့ပဲ တွေ့သွားရတယ်တဲ့၊ အစ်မတော်ကတော့ မောင်တော်ရဲ့ညီတော်နဲ့ ခဏခဏဆုံ၊ နှစ်မတော်က မောင်တော်ရဲ့ညီတော်ကို မဆုံဘူးသေး၊ အစ်မတော်ကလည်း မောင်တော်နဲ့ မဆုံဘူး၊ ဟုတ်တော့ ဟုတ်နေပြီကွဲ့"

မြရည်ညိုက ဝတ်ရည်ညိုလေသံမျိုးပြောပြီး ဝင်ထိုင်ပါသည်။ ဗညားကတော့ ဘာစကားမှ ပြန်မပြောသေးဘဲ မြရည်ညိုပြောသောစကားကို နားထောင်ပြီးနောက် သူ့စိတ်ထဲတစ်ခုခုကို စဉ်းစားနေမိရင်းက မြရည်ညိုကို အကြည့်မှာ မြရည်ညိုက အကြည့်ကို မျက်နှာလွှဲလိုက်သည်။

"မောင်တော့်အတွက် ကော်ဖီယူတော်မူလာပါဦး"

မြရည်ညိုက အိမ်ထဲကနေ အရိပ်အခြေအနေကို အကဲခတ်နေသော ဝင်းပပကို လှမ်းပြောသည်။

"ဒီနေ့ မောင်တော်ရဲ့လုပ်မှုရေးကိစ္စတွေ မရှိဘူးလား"

"ရှိတယ် . . . နယ်က ပြန်လာမယ့် သူတွေကို စောင့်နေတာ၊ မုန့်ရွာခရိုင်၊ ဆလင်းကြီးလက်ပံတောင်းတောင် ကြေးနီစီမံကိန်းဆန္ဒထုတ်ဖေါ်ပွဲနဲ့ ပတ်သက်ပြီး သွားကြတယ်၊ အခြေအနေက တကယ့်ကို အထွတ်တထိပ်ရောက်နေပြီဗျ၊ အဲဒီက ဆယ်တည်းကျေးရွာမှာ ဒီရက်အတွင်း ရွာတွေက စုပြီး ပြည်သူ့ညီလာခံလုပ်မယ် ပြောတယ်၊ သူတို့ပြန်လာမှ အကြောင်းစုံသိရမှာ၊ ကျွန်တော်တောင် လိုက်ချင်လိုက်သွားရမယ်"

ဗညားစကားကို နားထောင်နေသော မြရည်ညိုတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဗညားပြောဆိုသော လေသံတွေမှာ တက်ကြွမှုတွေ ပါဝင်နေကြောင်း သဘောပေါက်ထားမိသည်။

"အဲဒီညီလာခံမှာ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြောင့် ဒေသခံတွေ ကြုံတွေ့ရတဲ့ အခက်အခဲနဲ့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကြောင့် မြေယာဆုံးရှုံးရတဲ့ တောင်သူတွေရဲ့ အရေးကိစ္စတွေ ပါဝင်မှာလေ၊ တစ်ခြားကိုယ်စားလှယ်တွေလည်း တက်ကြမယ်၊ အထက်အညာရဲ့ ပထမဦးဆုံး ပြန်သူ့ဆန္ဒအမှန်ညီလာခံပေါ့ဗျာ၊ ဆလင်းကြီးဒေသနဲ့ မြန်မာနိုင်ငံကို အလှဆင်ထားတဲ့ ဒီလက်ပံတောင်းတောင်လို အခြားသော တောင်တွေ မကွယ်ပရေးအတွက် ကျွန်တော်တို့ တိုက်ပွဲဝင်ရမှာပဲ၊ ဒီက ပြီးရင်တောင် မြို့ထဲမှာ အဲဒီကိစ္စဆွေးနွေးစရာရှိသေးတယ်"

"ကဲ . . . ဟုတ်ပါပြီ၊ ရော့ . . . ကော်ဖီသောက်လိုက်ပါဦး"

"ဟုတ်ကဲ့ . . . ဟင်!"

ဝင်းပပလာချပေးသော ကော်ဖီခွက်ကိုယူပြီး မြရည်ညိုက ဗညားကို ကမ်းပေးသဖြင့် ဗညားက လှမ်းအယူမှာ မထင်မှတ်ဘဲ မြရည်ညို ဘယ်ဘက်လက်ကို ကြည့်မိသွားသည်။ ကျန်သည့်လက်ချောင်းတွေမှာ လက်သည်းနီတွေဆိုးထားပြီး အရောင်ကလည်း အပြာနုရောင်ဖြစ်ပေမယ့် ဘယ်ဘက်လက်သူကြွယ်နှင့် လက်ညှိုးမှာ လက်သည်းနီ လုံးဝဆိုးထားတာ မတွေ့ရပေ။

ဗညားပြုံးပါသည်။ ကော်ဖီကို အမြန်သောက်ပြီး မြရည်ညိုကို နှုတ်ဆက်ကာ ကားကို အမြန်မောင်းလာခဲ့မိသည်။

❑ ❑ ❑



ကိုယ့်ရွေးချယ်မှုနဲ့
ကိုယ့်ပန္နာကိုယ်ဖြန်ထုတ်မှတော့
ကိုယ့်မေးခွန်းကိုယ်သာဖြေရုံပေါ့။
တကယ်တော့ လူ့တဝဆိုတာ
ကမ္ဘာမြေပေါ်က
အကြီးကျယ်ဆုံးနားဆုံးပွဲသတင်
ကြည့်ရှုဖို့အတွက်
လက်မှတ်တစ်စောင်ပါပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဗညား . . . မင်းပြောတာ သေချာတယ်နော်"

"သေချာတာပေါ့ တင်ဖေညွန့်ရာ၊ ခန့်ညားပုံစံနဲ့ ငါရောက်တော့ မြရည်ညိုက လက်သည်းနီဆိုးနေတာ တန်းလန်းချည်း၊ လက်သည်းနီပုလင်းကို ပိတ်လိုက်တော့ သူ့ဘယ်ဘက်လက်သူကြွယ်နဲ့ လက်ညှိုးကို ဆိုးဖို့ကျန်သွားတာ ငါမြင်လိုက်တာပဲ၊ ဟော . . . ဝတ်ရည်ညိုက ငါ့လာတွေ့ပြီး ကော်ဖီချပေးတော့ လက်သည်းဆိုးဆေးအရောင်ကော လက်သည်းမဆိုးရသေးတဲ့ ဘယ်ဘက်လက်သူကြွယ်နဲ့ လက်ညှိုးက အတူတူပဲ၊ သေချာတာက မြရည်ညိုနဲ့ဝတ်ရည်ညို တစ်ယောက်တည်းပဲ ဖြစ်ရမယ်၊ ဒါကြောင့် ဗညားအဖြစ်လာတိုင်း ဝတ်ရည်ညိုကိုတွေ့ရတာ ဘာသဘောလဲ မသိဘူး"

ဗညားက အိမ်ကိုရောက်တော့ အားချင်းဆိုသလို တင်ဖေညွန့်နှင့် ကိုကျော်ကြီးကိုခေါ်ပြီး သူ့ထင်မြင်ချက်ကို ပြောပါသည်။

ထိုအခါ တစ်ချိန်လုံး ဘာမှမပြောသော ကိုကျော်ကြီးက . . .

"ပထမဦးဆုံးအနေနဲ့ မင်းရဲ့မိဘနှစ်ပါးကို မေးသင့်တယ်၊ မြရည်





ညီမှာ အမြွာရှိသလားလို့၊ ဒုတိယအချက်အနေနဲ့က ဗညားကော ငါတို့ပါ သတိမထားမိတာက မြရည်ညိုတို့အနီးအနား ပတ်ဝန်းကျင်ကို မစုံစမ်းမမေးမြန်းမိတာပဲ၊ ပတ်ဝန်းကျင်ကို မေးလိုက်ရင် အဖြေက ရှင်းနေပြီ"

"ဟာ! . . . ဟုတ်သားပဲ၊ ကိုကျော်ကြီးရာ . . . ဒီအချက်ကို ကျွန်တော်မေ့နေတာ၊ ရှင်းနေတဲ့ကိစ္စကို ရှုပ်အောင်လုပ်နေတာ"

ဗညားက သူမေ့လျော့နေသော ကိစ္စကို သတိရသွားသဖြင့် ဝမ်းသာအားရပြောပါသည်။

"ဒါဆို အခုပဲ မသိမသာ မြရည်ညိုတို့အနီးအနားမှာ ဖြစ်ရပ်မှန်ကို စုံစမ်းရမယ်၊ မင်းကိုယ်တိုင်ထုတ်တဲ့ မေးခွန်းကို ဗညားမင်းကိုယ်တိုင်ပဲ ဖြေရတော့မယ်၊ ဒီတော့ ငါတို့အခုပဲ မြရည်ညိုတို့ရပ်ကွက်ဖက်သွားမယ်၊ အဖြစ်မှန်သိရတာပေါ့ကွာ"

"တင်ဖေညွန့် . . . ငါပါလို့ ဖြစ်ပါ့မလား"

"ပါရမှာပေါ့ကွာ၊ မြရည်ညိုတို့အိမ်ဖက်က မင်းကိုမမြင်အောင်တဲ ဂရုစိုက်၊ ကျန်တာ ကိုကျော်ကြီးနဲ့ ငါ့တာဝန်ထား၊ လာကွာ . . . ကြာတယ်၊ ကားထုတ် . . . အခုသွားမယ်"

တင်ဖေညွန့်က ကာယကံရှင်ထက်တောင် အတော်တက်ကြွနေပါသည်။ ဗညားလည်း ကားထုတ်ပြီး သုံးယောက်သား မြရည်ညိုတို့ရပ်ကွက်ဆီသို့ သည်နေ့တတိယအကြိမ်မြောက် ထွက်လာခဲ့ရပြန်ပါသည်။

❑

ဘောက်ထော်ရပ်ကွက်ထဲကို ဝင်လာသည့်အခါ မြရည်ညိုတို့လမ်းနှင့် သုံးလမ်းအကျော်လောက်မှာ ကားကိုရပ်လိုက်ပြီး လမ်းဆင်းလျှောက်ကြသည်။

"ဒီလမ်းက မြရည်ညိုတို့လမ်းပဲ၊ အလယ်လောက်က အိမ်နဲ့ခြံ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းတွေ့မယ်၊ ခြံရှေ့မှာ အိမ်နံပါတ်ကို ဆိုင်းဘုတ်အနီသုတ်ထားတယ်၊ ဒီတော့ တင်ဖေညွှန့်နဲ့ ကိုကျော်ကြီးသွားပြီး စနည်းနာကြည့်မလား"

မြရည်ညိုတို့လမ်းထိပ်ရောက်တော့ ဗညားက ပြောပါသည်။

"ဗညား . . . ဒီလမ်းထဲက ဟိုထိပ်အိမ်က ယောကျ်ားတစ်ယောက် ထွက်လာတယ်၊ အဲဒီအိမ်က လူတော့ မဖြစ်နိုင်ဘူး၊ ဒရိုင်ဘာလား မသိဘူး"

တင်ဖေညွှန့်က လက်ညှိုးညွှန်ပြသဖြင့် ဗညားနှင့် ကိုကျော်ကြီးတို့ ကြည့်မိသည့်အခါ အမျိုးသားတစ်ယောက် သူတို့ရှိရာဖက်သို့ လာနေပါသည်။

"ဒီက ခင်ဗျားတို့သုံးယောက် ဘယ်အိမ်ကို ရှာနေကြတာလဲ၊ ဒီလမ်းထဲမှာတော့ သိတဲ့အိမ်တော်တော်များတယ်၊ ကျွန်တော်က ဝင်းသိန်းပါ၊ ကျွန်တော့်အိမ်က ဒီကနေကြည့်ရင် တွေ့လား . . . ပန်းနီနီလေးတွေရှိတာ"

တင်ဖေညွှန့်အတွက် အချက်က တကယ့်ကွက်တိဆိုသလို ဖြစ်နေပါသည်။

"ဒီလမ်းထဲက ဦးလင်းညို၊ ဒေါ်အိမ့်ရွှေစင်တို့အိမ်က ဘယ်နားမှာလဲ မသိဘူး"

ဗညားက မေးသည့်အခါ ကိုဝင်းသိန်းဆိုသော သူက . . .

"ခင်ဗျားပြောတဲ့ နှစ်ယောက်က နိုင်ငံခြားမှာ၊ အဲဒီအိမ်မှာက သူ့သမီးနဲ့ သူ့သမီးသူငယ်ချင်းနှစ်ယောက်နေတာ"

"မြရည်ညိုတို့ အမြွှာညီအစ်မလား"

တင်ဖေညွှန့်ဖြတ်ပြောလိုက်သည့် စကားကြောင့် ကိုဝင်းသိန်းက-

"မြရည်ညိုမှာက အမြွှာမရှိပါဘူး၊ တစ်ယောက်တည်းပါ၊ ဟိုအပျိုကြီးမမတစ်ယောက်နဲ့ မြရည်ညိုနဲ့ရွယ်တူတစ်ယောက်ပဲ နေကြတာ၊ ဒီကောင်မလေးက အနေအထိုင်ယဉ်ကျေးတယ်၊ နာမည်ပျက်မရှိဘူး၊





ဒါပေမယ့် ဒီရက်ထဲမှာ ပင်နီတိုက်ပုံနဲ့ NLD ဝတ်စုံနဲ့ မျက်မှန်နဲ့ လူငယ်တစ်ယောက်တော့ ဝင်ထွက်နေတာ တွေ့တယ်၊ မြရည်ညိုတောင် NLD ပါတီတွေဘာတွေ ဝင်နေပြီလား မသိဘူး"

ကိုဝင်းသိန်းစကားကြောင့် ဗညားပြုံးလိုက်ပါသည်။ ပြီးတော့ သူသိချင်နေသော အဖြေကို သိလိုက်ရပါသည်။

"ကျေးဇူးပါပဲ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"ရပါတယ်ဗျာ၊ ကျွန်တော်လည်း အပြင်သွားမလို့ဗျို့"

ကိုဝင်းသိန်းဆိုသူက သူတို့သုံးဦးကို နှုတ်ဆက်ပြီး ထွက်သွားပါသည်။

"ငါအကြံပေးကောင်းလို့ပေါ့ ဗညားရာ၊ ဒီလိုအဖြစ်မှန်ကိုသိရတာ ဘာသဘောနဲ့ မြရည်ညိုက အမြွှာကိုယ်ခွဲလုပ်ရတာလဲ မသိဘူး"

"ဒါကတော့ ကိုကျော်ကြီးရာ၊ မြရည်ညိုက သူ့မိဘသဘောတူတဲ့သူကို စမ်းသပ်ချင်လည်း စမ်းသပ်မှာပေါ့၊ ဒါနဲ့ ဗညား . . . မင်းကို မေးရဦးမယ်၊ ဗညားဘဝနဲ့ ဝတ်ရည်ညိုကို တွေ့ရတာနဲ့ ခန့်ညားဘဝ မြရည်ညိုကို တွေ့ရတာ ဘယ်သူ့ကို စိတ်ဝင်စားလဲ"

"ငါသိသလောက် ပြောရရင် ဝတ်ရည်ညိုဘဝနဲ့ ဗညားကိုဆက်ဆံတာက သိပ်နွေးထွေးမှုမရှိဘူး၊ မြရည်ညိုဘဝနဲ့ ခန့်ညားဆိုတဲ့သူကို ဆက်ဆံတာက ကျေနပ်မှုတွေ၊ ပီတိတွေ၊ ကြည်နူးမှုတွေ ပါနေတယ်၊ ဒါကို ငါငြိမ်းချမ်းရေးဆန္ဒထုတ်ဖော်ပွဲမှာ သိလိုက်ရတယ်"

"ဒါဆို ဗညား . . . မင်းဘက်က ဘာလုပ်မှာလဲ"

"ကျွန်တော့်ဖက်က အဖြစ်မှန်ကို သိရသလို မြရည်ညိုလည်း တစ်နေ့နေ့ သိလာနိုင်တာပဲ ကိုကျော်ကြီးရေ၊ အဖြေတော့ ရှိမှာပါ၊ ခက်တာက ဒီရက်ထဲမှာ လက်ပံတောင်းတောင် ပြည်သူ့ညီလာခံရှိသေးတော့ ဒါတွေက နောက်ရောက်နေမှာပဲ"

"ဒါဆို ခန့်ညားဘဝကို စိတ်ဝင်စားတဲ့ မြရည်ညိုဆီ မင်းဆက်



www.burmeseclassic.com

www.burmeseclassic.com



သွား၊ ခန့်ညားအနေနဲ့ သူ့ကိုတွေ့ပြီး သာယာတဲ့ ခံစားမှုမျိုး၊ ကြည်နူးမှုမျိုး တွေ ပေးပေတော့၊ ဇညားဘဝကို ရှောင်နိုင်သလောက် ရှောင်ပေတော့"

ကိုကျော်ကြီးပြောတာ ဟုတ်ပါသည်။ ခန့်ညားဘဝနှင့် သည် ဇာတ်လမ်းကို ဆက်ကရပေဦးမည်လို့။

❑ ❑ ❑



ကိုယ့်ထံဆီသို့

တိမ်တိုက်တွေပဲ လွင့်မျောလာပါစေ၊
မိုးသက်မုန်တိုင်းနဲ့ လေနီကြမ်းများ
အလိုလိုလွင့်ပျယ်နိုင်ပါစေ။
ကြည်လင်တဲ့ မိုးကောင်းကင်ထဲမှာ
ငှက်ကလေးတွေ ဝဲပျံတာ လှပါစေသားကွယ်၊
အဆုံးအစမရှိသော မေတ္တာများ
ကိုယ်နဲ့မင်းကြား ချည်နှောင်မိလေသလား၊
အချစ်ဆိုတာ နိဝုံးအဆုံးမရှိသော ဂမ္ဘီရပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

မနေ့ကလည်း မျှော်မိပါသည်။ မျှော်သာမျှော်ပေမယ့် ပေါ်မလာပါ။ မိန်းမသားမို့ တန်ဘိုးကျမှာစိုးသဖြင့် ဖုန်းလည်း မဆက်မိပါ။ မြရည်ညိုဘဝမှာ အချစ်ကို ရှာလည်း မရှာခဲ့ပါ။ စိတ်လည်း မကူးခဲ့ပါ။ အချိန်တန်လျှင် ကိုယ့်မိဘပေးစားသော သူကိုသာ ယူမည်။ ထိုသူက ကိုယ့်ဘဝကို ဃင့်တင့်လျောက်ပတ်စွာ ထားနိုင်ပြီး သူမကို စိတ်ချမ်းသာအောင်ထားနိုင်လျှင် တော်ပြီဟု ဆုံးဖြတ်ချက်ချထားခဲ့သည်။ သည်အချိန်မှာ မိဘတွေချင်း သဘောတူသော ဗညားဆိုသူနှင့် တွေ့ရသည်။ သူငယ်ချင်းဝင်းပပနှင့် မမမြင့်တို့ အကြံပေးချက်အရ အမြွာညီအစ်မရှိသော ပုံစံမျိုးဖြင့် ဝတ်ရည်ညိုအဖြစ် ဟန်ဆောင်ကာ တွေ့ဆုံခဲ့သည်။ အမှားဆန္ဒထုတ်ဖေါ်မှုတွေကို အားတက်သရော ပါဝင်ကူညီသော ဗညားကိုမြရည်ညို ရင်မခုန်ခဲ့ပါ။ သို့သော် ခန့်ညားဆိုသည့် ဗညား၏အမြွာညီဖြစ်သူနှင့် တွေ့ရတော့ သူ့ပုံစံက သူများနှင့်မတူ။ ပြောတာဆိုတာကအစ ထူးခြားနေလို့ ခန့်ညားနှင့် စကားပြောသည့်အခါတိုင်း ကြည်နူးကျေနပ်ခဲ့ရသည်။ မြရည်ညိုဘဝမှာ ခန့်ညားနှင့်ဆုံရတာ သူမအဖို့ ဘာ





ကိုကျေနပ်မိမှန်းမသိ။ ဗညားနှင့် သဘောတူထားသော သူမအဖို့ မိဘတွေ၏အစီအမံကို ဖေါက်ဖျက်သူများ ဖြစ်လေမလား မသိပါ။

“မြရည်ညို . . . မမမြင့်ရောက်နေတာတောင် မသိရလောက်အောင် တွေးနေတာ ဗညားလား ခန့်ညားလား၊ သေချာတာက ခန့်ညားအကြောင်းပဲ ဖြစ်ရမယ်၊ ပင်နီတိုက်ပုံနဲ့ စာရေးဆရာပေါက်စလေးမလာလို့ မျှော်နေတာ မဟုတ်လား၊ မလိမ်နဲ့နော်”

အနားကို ဘယ်အချိန်ကမှန်းမသိ ရောက်လာသော မမမြင့်ကမေးလိုက်သဖြင့် မြရည်ညိုအတွေးတို့ ရပ်တန့်သွားသည်။

“မမမြင့်က အတတ်သိနေပါလား၊ ဟုတ်တယ် . . . သူ့ကိုဖုန်းမတောင် ဆက်ဦးမလို့၊ တော်ကြာ ကိုယ့်တန်ဘိုးကျမှာစိုးလို့၊ မမမြင့်ရေ . . . ခန့်ညားမလာတော့ သူ့ရဲ့ကျုပ်ဆိုတဲ့ စကားသံနဲ့ ဆေးတံဖွာတာကိုများ လွမ်းမိနေလားမသိဘူး”

မြရည်ညိုက သူ့စကားသူ သဘောကျပြီး ရယ်နေပါသည်။

“သေချာပြီ၊ မြရည်ညိုရဲ့နှလုံးသားက ခန့်ညားဖက်ကို ပါသွားပြီ၊ မမမြင့်တို့လို မိန်းမသားတွေရဲ့ဘဝက အဲဒါပဲ၊ ကိုယ့်နှလုံးသားကို ထူးထူးခြားခြား ရင်ခုန်သွားမယ့်ဟာမျိုးက လာရောက်ရိုက်ခတ်ရင် ကိုယ့်နှလုံးသားကို အဲဒီလူဆီ ထိုးအပ်လိုက်ရတာပါပဲလေ”

“မမမြင့် . . . တယ်လည်း စကားတွေက လန်းနေပါလား”

“ဒါကတော့ ခန့်ညားပြောတာဆိုတာတွေ နားထောင်မိမှတော့ ဗလောက်တော့ ရှိတာပေါ့လေ”

“ကျွန်မ ပထမတော့ စဉ်းစားပါတယ်၊ ဗညားကော ခန့်ညားကော ဘာအလုပ်မှ မယ်မယ်ရရ မရှိ၊ မိဘလုပ်စာကို စားနေတာ၊ ကျွန်မရဲ့ဘဝခရီးဖေါ်အဖြစ် ရွေးချယ်ဖို့ မဝံ့ရဲဘူးဆိုတာ၊ ဒါပေမယ့် ပြန်စဉ်းစားကြည့်တော့ ကိုယ့်အိုးကိုယ့်အိမ်နဲ့ ဖြစ်တဲ့အခါကျရင်တော့ ကိုယ့်ဇနီးမယားအတွက်တော့ ဘယ်သူမှ အငတ်မထားဘူးဆိုတာလေ”



www.burmeseclassic.com

www.burmeseclassic.com



"မြရည်ညိုရယ် . . . ခန့်ညားကော မြရည်ညိုတို့ပါ ဒီလောက် ပိုက်ဆံချမ်းသာတာ၊ ဘာမှမလုပ်တောင် ရတဲ့ဟာ"

"မမမြင့်ရယ် . . . မိဘချမ်းသာတာက ချမ်းသာတာပဲ၊ ကိုယ့်ခြင်ပွန်း ဖြူဖြူစင်စင်မေတ္တာတရားအပြည့်အဝနဲ့ ရှာကျွေးတဲ့ ဟာလေးဟာ နှမ်းတစ်စေ့၊ မြေပဲတစ်စေ့ပဲဖြစ်ဖြစ် စားချင်တာပေါ့၊ တန်ဘိုးချင်း မတူဘူးလေ"

"ဟုတ်ပါပြီ . . . ထားပါဦး၊ ဒါဆို မြရည်ညို သံသယဖြစ်နေတဲ့ ကိစ္စကကော"

"ဒါလည်း ကျွန်မကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖော်ထုတ်မှာပါ။ ဒါကြောင့်လည်း ကျွန်မ ဟိုလိုဒီလိုဖြစ်နေတာ၊ အဖြေမှန်ပေါ်လာမှာပါ"

"ဟဲ့ . . . မြရည်ညို၊ ရှေ့ပြော နောက်ကြည့်တဲ့၊ ဟိုမှာ ခန့်ညား မဟုတ်လား၊ မျှော်လင့်တုန်းခါ ရောက်လို့လာတာပဲကိုး"

နှစ်ဦးသား စကားကောင်းနေတုန်း ခြံထဲကိုဝင်လာတဲ့ ဗညားကို မမမြင့်က လက်ညှိုးထိုးပြီး ပြောသဖြင့် မြရည်ညို ကြည့်မိပါသည်။

သူ့ဝတ်တာစားတာ မပြောင်းလဲပါ။ ဆေးတံကိုဖွာလို့။ မျက်မှန်ကိုတပ်လို့ နှစ်လိုဖွယ်ရာ အပြုံးနှင့် လှမ်းပြုံးပြပါသည်။

ခန့်ညားကို မသိစိတ်ကကော သိစိတ်ကပါ စိတ်ဝင်စားမိတာ ထိုအပြုံးလည်း ပါပါသည်။ ခန့်ညားရေ . . . တစ်သက်လုံး ဒီအပြုံးမျိုး အမြဲပြုံးလို့ မြရည်ညိုစိတ်ထဲကနေ ပြောနေမိပါသည်။

❑

ခန့်ညားအဖြစ်နှင့် မထင်မှတ်ဘဲ ရောက်လာမည့် ဗညားကို မြင်ရလျှင် မြရည်ညိုအံ့ဩအားသင့်နေမှာပဲလို့။ ပြီးတော့ ဝတ်ရည်ညိုကိုကို ဘယ်လိုအကြောင်းပြဦးလေမလဲလို့ တွေးပြီး ရယ်ချင်နေပါသည်။





ပြီးတော့ သူကလည်း ခန့်ညားအဖြစ် ကိုယ်ခွဲထားတာကိုသိလျှင် သူ့ဖက်ကကော မည်သို့ရှိလေမလဲ မသိပါ။

သဘက်ခါဆိုလျှင် ချင်းတွင်းမြစ်ကိုဖြတ်ပြီး မုံရွာတစ်ဖက်ကမ်းရှိ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပြည်သူ့ညီလာခံသို့ သွားရပေဦးမည်။ သူငယ်ချင်းတွေကတော့ ဟိုမှာရှိသော ဆန္ဒထုတ်ဖော်သူတွေနှင့် သွားရောက်တွေ့ဆုံနေကြပြီ ဖြစ်သည်။

"ဆေးတံကိုဖွာပြီး ရှင်ဒီလောက်တောင် ဘာတွေတွေးနေပြီး ဒီကိုရောက်လာရတာလဲ . . . ပြောပါဦး၊ ကဲ . . . ဒီမှာထိုင်"

မြရည်ညိုအပြုအမူတွေက လိုတာထက် ပိုသွားသလားမသိပါ။ ခုံကို ဗညားထိုင်ဖို့ ညွှန်ပြပါသည်။

"ကျုပ်အစ်ကိုကတော့ ကြေးနီစီမံကိန်းလက်ပံတောင်းတောင်ကို ရောက်နေပြီ၊ နောက်လေးရက်ဆို ပြည်သူ့ညီလာခံကို အဲဒီမှာ ကျင်းပမှာတဲ့၊ အစ်ကိုကခေါ်လို့ ကျုပ်လည်း လိုက်သွားရမယ်၊ ဆည်းတည်းကျေးရွာမှာ လုပ်မှာ၊ အတွေ့အကြုံရတာပေါ့၊ ဒါနဲ့ မြရည်ညိုနဲ့ မမမြင့်နှစ်ယောက်တည်းပဲလား"

"ဟုတ်တယ် ခန့်ညားရေ၊ ဝတ်ရည်ညိုနဲ့ ဝင်းပပက ဒီနေ့ရွှေတိဂုံဘုရားကို သွားချင်တယ်ဆိုလို့ ဝတ်ရည်ညိုပေါ့၊ လိုက်သွားလေရဲ့"

"ဩော် . . . ဟုတ်လား"

မြရည်ညိုပြောစကားကို နားထောင်နေသော ဗညားက ပြုံးလိုက်သည်ကို မြရည်ညိုက သတိထားမိသွားပါသည်။

"ရှင်က ဘာပြုံးတာလဲ"

"ဩော် . . . ကျုပ်ဒီကိုလာတိုင်း ခင်ဗျားရဲ့ညီမဆိုတာနဲ့ မကြုံတွေ့ဘူးသေးလို့ပါ"

ဗညားက ပိပိရိရိမှုသားသုံးလိုက်တာကို မြရည်ညိုနည်းနည်းယုံသွားသည်ဟု ထင်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမမြင့်မသိလို့ မေးကြည့်မယ်နော်၊ အခု လက်ပံတောင်းတောင် ကြေးနီစီမံကိန်းမှာ လယ်မြေသိမ်းခံရသူတွေက လပေါင်းများစွာကြာ ဆန္ဒထုတ်ဖော်တာ အများသဘောဆန္ဒက သဘောတူကြလို့လား၊ တစ်နိုင်ငံလုံးမဟုတ်ဘဲ တစ်စိတ်တစ်ပိုင်းပဲ ကိုယ်စားပြုသလားလို့"

မမမြင့်စကားကြောင့် ဗညားက ဆေးတံကို စားပွဲပေါ် ချလိုက်သည်။ ပြီးတော့ သူ့အကြည့်က အဝေးတစ်နေရာဆီသို့ ကြည့်လိုက်သည်။

"အခွင့်အာဏာရရှိထားတဲ့ အုပ်စုကြီးတစ်ခုက အများသဘောတူဆုံးဖြတ်တယ်ဆိုပြီး အပျိုလေးတွေကို ဆံပင်တိုတိုညှပ်ရမယ်၊ ခုံဖိနပ်စီးရမယ်လို့ ဆုံးဖြတ်ရင် ကာယကံရှင်မိန်းကလေးတွေက မကျေနပ်လို့ လက်မခံရင် ဘာလုပ်မလဲ၊ ဒီလိုဆံပင်တိုတိုညှပ်ဖို့ ခုံဖိနပ်စီးဖို့ မလိုအပ်ဘဲ ဆုံးဖြတ်တာကို ဆန့်ကျင်လို့ရတယ်၊ ကန့်ကွက်လို့ရတယ်၊ ဆံပင်တိုတို မညှပ်ဘဲ ကတုံးမတုံးဘဲ နေလို့ရတယ်၊ ဒါလူ့အခွင့်အရေး Human Right ပဲ၊ အများသဘောဆန္ဒအရ တစ်ခုခုကို ဆုံးဖြတ်လိုက်ပြီဆိုပါတော့၊ အများသဘောဆန္ဒတစ်ခုတည်းနဲ့တော့ လက်ခံလို့ မရဘူးပေါ့ မမမြင့်ရဲ့၊ ဒါပေမယ့် အခုလက်ပံတောင်းတောင်စီမံကိန်း ဆန္ဒထုတ်ဖော်ပွဲညီလာခံက အဲဒီဒေသက အဲဒီလူတွေရဲ့ အခွင့်အရေးအရ သူတို့ဆန္ဒထုတ်ဖော်ခွင့်၊ တိုက်ပွဲဝင်ခွင့်ရှိတယ်"

နားထောင်နေသော မြရည်ညိုတစ်စုံတစ်ရာကို တွေးနေမိပါသည်။ ပြီးတော့ . . .

"ခန့်ညားပြောချင်တာက လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပြဿနာဟာ အဲဒီဒေသက လူတွေရဲ့လုပ်ပိုင်ခွင့်ပေါ့ . . . ဟုတ်လား။ အဲဒါ သူတို့လူ့အခွင့်အရေးတွေလား"

"ဒီမေးခွန်းကို ခင်ဗျားမေးသင့်တယ်၊ လူ့အခွင့်အရေးဆိုတာ တစ်နည်းပြောရရင် လုပ်ပိုင်ခွင့်ပဲ၊ လွတ်လပ်စွာ ပြောပိုင်ခွင့်၊ လွတ်လပ်စွာ ရေးပိုင်ခွင့်၊ လွတ်လပ်စွာ စုဝေးစည်းရုံးပိုင်ခွင့် စတာတွေပေါ့ဗျာ၊





အဲဒါနဲ့အတူ မကွဲမကွာ ပူးတွဲတည်ရှိနေတဲ့ သဘောတစ်ခုရှိတယ်၊ အဲဒါက တာဝန်ယူမှုပဲ၊ လူ့အခွင့်အရေးဆိုတာ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့် တစ်ခုတည်း မဟုတ်ဘူး၊ တာဝန်ယူမှုဆိုတာ တွဲလျက်ပါလာတယ်၊ ကိုယ့်အခွင့်အရေး လုပ်ပိုင်ခွင့်အရ လုပ်လိုက်တဲ့ကိစ္စတစ်ခုဟာ လူအများကို ထိခိုက်မယ်၊ အကျိုးပျက်စီးမယ်ဆိုရင် မလုပ်ရဘူး၊ ဒီတော့ တာဝန်ယူမှုဆိုတာ ကိုယ့်ကြောင့်သူတစ်ပါးထိခိုက်မယ်၊ အကျိုးပျက်စီးမယ်ဆိုတာတွေကို မဖြစ်အောင် တာဝန်ယူရတာပဲ၊ ဒါက ယဉ်ကျေးမှုလက္ခဏာပဲ၊ ယဉ်ကျေးမှုရဲ့ အထိမ်းအမှတ်ပဲ၊ အခုကိစ္စက အဲဒီတာဝန်ယူမှုတွေ ပျောက်ကွယ်လို့ ဒေသခံပြည်သူတွေက တိုက်ပွဲဝင်ဆန္ဒဖော်ထုတ်နေကြတာလေ"

"ဒီစကားတွေက တကယ်တော့ ခန့်ညားရဲ့အစ်ကိုက ပြောရမှာနော်၊ ခန့်ညားပဲ ပြောဖူးတယ်၊ ခန့်ညားအစ်ကို ဗညားက ဆန္ဒထုတ်ဖော်တာတွေကို ကူညီနေတာဆို၊ ခန့်ညားအခုပြောတာက ခန့်ညားမှ ဟုတ်ရဲ့လားလို့"

ဗညားစကားများ ကျွံသွားပြီလားလို့။ ကျွံသောစကားကို အမြန်ဆယ်ရတော့မယ်။

"ဒီလိုကိစ္စမျိုးတွေက ကျုပ်ရဲ့အစ်ကိုဗညားမှ မဟုတ်ပါဘူးဗျာ၊ ကျုပ်လည်း အမှန်တရားကို မြတ်နိုးတဲ့ လူတစ်ယောက်ပဲ၊ ဒီလောက်တော့ ပြောပိုင်ခွင့်ရှိပါတယ်"

"ဟုတ်ပါတယ် ငါ့မောင်ရယ်၊ အစ်မရဲ့မောင်လေး ခန့်ညားလာမှ အစ်မတို့ခမျာ ဗဟုသုတတွေတိုးတာ မသိတာတွေ သိရတာ၊ ဒါပေ့ါ . . ခန့်ညားရယ် . . . လူဆိုတာ လူ့ဘဝမှာ နေတတ်အောင် နေရင်းနဲ့ ပြဿနာတွေကို ရင်ဆိုင်ရတာပေ့ါ . . . ဟုတ်တယ်နော်"

ဗညားက မမမြင့်စကားကို နားထောင်ပြီးနောက် ဒုတိယအကြိမ် မပြုံးပြုံး ပြုံးပြန်ပါသည်။

"မမမြင့်ပြောမှပဲ မမမြင့်ကို ပုံပြင်တစ်ပုဒ်ပြောပြရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး . . . အစ်မမောင်ရဲ့ နားထောင်ရတာပေါ့"

"ဒီလို မမမြင့်ရဲ့ တစ်ခါက ဆရာဖြစ်သူကို တပည့်က လူ့ဘဝမှာ နေတတ်အောင် လမ်းညွှန်ပါလို့ပြောတော့ ဆရာက သင်္ချိုင်းကိုသွားခိုင်းပြီး သေတဲ့လူတွေကို အပြစ်တင်စကားတွေ သွားပြောလို့ လွှတ်လိုက်တယ်၊ တပည့်ဖြစ်သူက ဆရာပြောတဲ့အတိုင်း သင်္ချိုင်းသွားပြီးတော့ လုပ်တယ်၊ သင်္ချိုင်းက ပြန်လာတော့ ဆရာက သူခိုင်းတာ ဘယ်လိုအခြေအနေရှိလဲ မေးတယ်၊ တပည့်က သူအပြစ်တင်စကားပြောတော့ အားလုံးက ဆိတ်ဆိတ်နေတယ်တဲ့၊ ဒီတော့ ဆရာက နောက်တစ်ခေါက် သင်္ချိုင်းကိုသွားပြီး သေတဲ့သူတွေကို ကောင်းကြောင်းသွားချီးမွမ်းခဲ့လို့ ခိုင်းတယ်၊ တပည့်လည်း ဆရာခိုင်းတဲ့အတိုင်း သွားလုပ်ပြီး ပြန်လာတော့ ဆရာက ထပ်မေးပြန်တယ်၊ အခြေအနေဘယ်လိုလဲလို့မေးတော့ တပည့်က သေတဲ့သူတွေကို ချီးမွမ်းတော့လည်း ဆိတ်ဆိတ်နေတယ်တဲ့၊ ဒီတော့ ဆရာက လောကကြီးမှာ လူ့ဘဝမှာ နေတတ်အောင်နေဖို့ဆိုရင် အပြစ်တင်ခံရလည်း ဆိတ်ဆိတ်နေ၊ ချီးမွမ်းခံရလည်း ဆိတ်ဆိတ်နေတဲ့၊ အဲဒါကို အတုယူတဲ့"

"ဒါဆို အစ်မမောင်ပြောသလို လူလိုနေတတ်ဖို့ တော်တော်ကြိုးစားရမှာပဲ"

"ကြိုးစားတာ ထားတော့၊ ကျွန်တော့်ကို ဒီလာတာ ဘာမှမကျွေးသေးဘူးနော်"

"ဟုတ်ပါရဲ့ . . . အစ်မရဲ့မောင်က ဘာစားချင်လို့လဲ"

ဇညားက မမမြင့်စကားအဆုံး မြရည်ညိုကို ကြည့်လိုက်ရင်း-

"အပြင်မှာ လက်ဖက်ရည်သွားသောက်မယ်၊ သပြေရိပ်မှာလေ၊ မြရည်ညိုက တိုက်ရမှာနော်၊ ကားနဲ့မသွားဘူး၊ လမ်းလျှောက်သွားမယ်၊ ကျန်းမာရေးနဲ့ ညီညွတ်တာပေါ့၊ တော်ကြာ မြေမနင်းမင်းသမီးဖြစ်နေဦးမယ်"





"မမမြင့်လည်း လိုက်ခဲ့နော်"

မြရည်ညိုက မမမြင့်ကို ပြောတော့ . . .

"မမမြင့် မလိုက်ဘူး၊ သွားပါ . . . လုပ်စရာလေးတွေရှိလို့ နှစ်ယောက်သားသာ သွားကြ"

"စိတ်ချပါဗျာ . . . ကျုပ်အစ်ကိုရဲ့ ဖြစ်လာမယ့်ဇနီးကို ကျုပ်ကာကွယ်စောင့်ရှောက်ပါ့မယ်"

"တော်ပါ . . . ခင်ညားရဲ့အစ်ကိုနဲ့ တို့နဲ့က ဘာမှမဆိုင်ဘူး၊ နေဦး . . . ပိုက်ဆံသွားယူဦးမယ်"

ဇညားစကားကို မကျေမနပ်သည့် လေသံဖြင့် မျက်စောင်းထိုးသလိုမျိုး ထိုးလိုက်ပြီး ပြောပြောဆိုဆိုနှင့် အိမ်ထဲဖက်ဆီသို့ ထွက်သွားပါသည်။

မြရည်ညိုခမှာ အိမ်ထဲရောက်သောအခါ မှန်တင်ခုံရှေ့မှာ မျက်နှာကို တို့ပတ်လေးဘာလေးရိုက်၊ ရေမွှေးလေးဘာလေး ဆွတ်ရပါသေးသည်။ ဘဝမှာ ယောကျ်ားသားတစ်ဦးနှင့် တစ်ခါဖူးမှ လက်ဖက်ရည်ဆိုင်မထိုင်ဘူးတာ ယခုမှ ဘယ်လိုဖြစ်သွားပါသလဲ။ သူမကိုယ်သူမ မသိနိုင်တော့ပါ။

မမမြင့်ကတော့ ခြံဝကနေ ဘေးချင်းယှဉ်ပြီး ထွက်သွားသော ဇညားနှင့် မြရည်ညိုကိုကြည့်ပြီး ကြည်နူးမဆုံးဖြစ်နေလျက် ကျန်ရစ်ခဲ့ပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်နဲ့တစ်ယောက်

မဝေးတမ်း၊ မနီးတမ်း

လိုက် ... လိုက်ဖမ်းနေရတဲ့

လေပြည်တွေ ...

တော ... အစုတို့နှစ်ယောက်လက်ထဲမှာ ...

ပြေးမလွတ်နိုင်အောင် ဖမ်းမိလို့ပေါ့။

## အခန်း (၁၈)

ဘောက်ထော်လမ်းသည် လူသွားလူလာ ရှင်းလို့နေသည်။ တစ်ခါတစ်လေမှ ကားတစ်စီး၊ နှစ်စီး မောင်းနှင်သွားသဖြင့် ဇည်းနှင့် မြရည်ညိုတို့နှစ်ယောက်က ဘေးသို့အနည်းငယ် ရှောင်ပေးလိုက်သည်။ တစ်ခါတစ်ရံ ခြံတံခါးသော့ခတ်ထားသော အိမ်ဝင်းထဲကနေ ခွေးဟောင်သံအချို့က လမ်းဖက်ဆီသို့ လွင့်ပျံ့လာသည်။ လေက တစ်ချက်တစ်ချက်တဝေ့မှာ မြရည်ညိုဆံနွယ်စလေးတွေက နဖူးပြင်မှာ ဟိုယိမ်းဒီယိမ်းမျိုးဖြစ်လို့နေသည်။

မြရည်ညိုစဉ်းစားပါသည်။ လက်ဖက်ရည်တစ်ခွက်သောက်ချင်သော သူကို လက်ဖက်ရည်လိုက်တိုက်ဖို့ အိမ်မှာရှိသော ကားနှင့်သွားလျှင် ခဏလေးရတာကို စာရေးဆရာဖြစ်ချင်နေသော ခန့်ညားဆန်တွေကို ဘာဖြစ်လို့များ လိုက်လျှောမိနေပြီလဲကွယ်လို့။

"စကားမပြော ဘာမပြောနဲ့ ဘာတွေများ စဉ်းစားနေတာလဲဗျ"

"ဩော် . . ကျွန်မကိုယ်ကျွန်မ အံ့ဩလို့ပါ၊ ဘာဖြစ်လို့ ယောကျ်ားတစ်ယောက်က အပြင်မှာ လက်ဖက်ရည်သောက်ချင်တယ်လို့ ပြောင်းဆို



www.burmeseclassic.com

www.burmeseclassic.com



တာကို လိုက်လျှောမိသလဲလို့ပါ၊ ဘဝမှာ ဒါက ပထမဦးဆုံးပဲလေ"

ဗညားက ဆေးတံကို ဖွာလိုက်ပါသည်။

"ရွှေဆက် ခင်ဗျားရဲ့ဘဝမှာ ပထမဦးဆုံးတွေဆိုတာ တွေ့လာဦးမှာပါ၊ ဒါက မြရည်ညိုမှ မဟုတ်ပါဘူး လူတိုင်းပါပဲ"

"ခန့်ညားကော ပထမဦးဆုံးတွေ တော်တော်များပြီလား"

"များတာပေါ့ဗျ၊ ဒီနေ့ ကျုပ်အစ်ကိုနဲ့ စေ့စပ်ဖို့ လူကြီးတွေက သဘောတူထားသူကို ကျုပ်က လက်ဖက်ရည်တိုက်ခိုင်းတယ်လေ၊ ဒါလည်း ပထမပဲပေါ့ဗျ"

"လာပြန်ပြီ၊ ဒီအစ်ကိုဆိုတဲ့ဟာနဲ့ စေ့စပ်တယ်ဆိုတဲ့စကားက ရှင်တစ်ခွန်းပြောရင် ဘယ်လောက်ရသလဲ"

"မဟုတ်ပါဘူးဗျာ . . . ခင်ဗျားကလည်း ဒေါသကြီးပဲ"

ထို့နောက်တော့ နှစ်ယောက်သား ဘာစကားမှမပြောဘဲ လျှောက်လာခဲ့ကြတာ လမ်းမကြီးထိပ်သို့ ရောက်လာပါသည်။ ပတ်ဝန်းကျင်သည် စောစောကလိုမျိုး မဟုတ်တော့ပါ။ မော်တော်ကားသံများဖြင့် ဆူညံလို့နေပါသည်။

ဗညားနှင့် မြရည်ညိုတို့နှစ်ယောက် ကားမှတ်တိုင်နားသို့ ရောက်လာသည်။ ပြီးတော့ ကားမှတ်တိုင်နားက ကွမ်းယာဆိုင်နားအရောက်တွင် ကွမ်းယာရောင်းသူက မြရည်ညိုနှင့် ဘေးချင်းယှဉ်လျှောက်လာသော ဗညားကို မြင်မိသွားသဖြင့် ထိုင်ရာမှထကာ ဗညားနှင့် မြရည်ညိုတို့ အနားသို့ သွားလိုက်သည်။

"ဟာ . . . ညီလေး၊ ဒီနေ့ ကားမရပ်ထားတော့ဘူးလား၊ အံ့မယ် ဒီတစ်ခါ NLD ဝတ်စုံနဲ့ပဲ၊ ဟိုတစ်ခါလို ကားထဲမှာ ဒီ NLD ဝတ်စုံကိုလဲပြီး မျက်မှန်မတပ်၊ ဆေးတံမခဲဘဲ ခေတ်လူငယ်ဝတ်သလို မဝတ်တော့ပါလားကွ၊ အရင်တစ်ခါ ညီလေးက အစ်ကို့ကို ဘာဖြစ်လို့ အင်္ကျီအဝတ်အစားနှစ်ခါလဲတာ မပြောပြသွားတော့ အဲဒီညက အိပ်လို့တောင်မရဘူး"





ပြဿနာကတော့ အကြီးအကျယ် တက်ပြီလို့၊ ဗညားတစ်ယောက် သတိမထားမိဘဲ သည်ကွမ်းယာဆိုင်ရှေ့ကို မြရည်ညိုနှင့်အတူ လက်ဖက်ရည်ဆိုင်သွားဖို့ လမ်းလျှောက်ခေါ်လာမိတာ စပ်စုတတ်သော ကွမ်းယာရောင်းသူနှင့်မှ တွေ့ပြီး သည်လူက မှတ်မိလွယ်ကာ ထပ်ပြီး စပ်စုတာ အဖြစ်မှန်တော့ ပေါ်ပြီလို့။

မြရည်ညိုကတော့ ဗညားမျက်နှာနှင့် ကွမ်းယာရောင်းသူ၏ မျက်နှာကိုသာ အကဲခတ်နေပါသည်။

"အစ်ကို . . . ခွင့်ပြုပါဦး"

"ခွင့်ပြုပါမယ်ကွာ၊ ဒါက ဒီဘောက်ထော်ထဲက အစ်ကို့ညီရဲ့ ကောင်မလေးထင်တယ်၊ ချောသားပဲ၊ ဘာလဲ သူ့ကိုအံ့သြသွားအောင် NLD ဝတ်စုံတစ်ကိုယ်၊ ခေတ်ဝတ်စုံနဲ့တစ်ကိုယ် ကိုယ်ခွဲလိုက်တာလား"

"ဟာဗျာ . . . မဟုတ်တာ၊ သွားဦးမယ်ဗျာ"

ဗညားက ပြဿနာက ရှေ့လျှောက်တက်တော့မှာစိုးသဖြင့် ရှေ့ကနေ မြရည်ညိုကိုကျော်ပြီး အတက်မှာ မြရည်ညိုက ဗညားလက်မောင်းကို လှမ်းဆွဲလိုက်သည်။

"ခန့်ညား . . . နေဦး၊ ရှင်က ဗညားကော ခန့်ညားကော ရှင်ပဲ မဟုတ်လား . . . ပြော"

"လမ်းမကြီးမှာဗျာ၊ လက်ဖက်ရည်ဆိုင်ကိုသာ ကျုပ်နဲ့ အဲ . . . ကျွန်တော်နဲ့ လိုက်ခဲ့ပါဗျာ၊ အဲဒီရောက်မှ ပြောမယ်"

ဗညားက သူ့လက်မောင်းကို ကိုင်ထားသော မြရည်ညိုလက်ကို ဖယ်ရင်းမှပြောကာ သပြေရိပ်လက်ဖက်ရည်ဆိုင်သို့ ဘာစကားမှမပြောဘဲ ခေါ်လာခဲ့သည်။

"ကဲ . . . ပြော၊ ရှင်ဘာဖြစ်လို့ ဗညားနဲ့ခန့်ညား နှစ်ကိုယ်ခွဲရတာလဲ၊ ကျွန်မသံသယဖြစ်မိကယ်၊ ဖုန်းလာလို့ ရှင် ကျွန်မအိမ်က အပြန်ထွက်သွားတဲ့နေ့က . . . . . . ကုမ္ပဏီရှေ့မှာ ဆန္ဒထုတ်ဖော်တဲ့ပွဲမှာ ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလို့ ဗညားလုပ်ရမယ့်အလုပ်ကို ခန့်ညားက ဘာဖြစ်လို့ လုပ်သလဲ လို့၊ ဒီနေ့ အဖြေသိရပြီ"

သပြေရိပ်လက်ဖက်ရည်ဆိုင်ရောက်ရောက်ချင်း မြရည်ညိုက ဘာမှမမှာနိုင်ဘဲ သူမသိချင်တာကို မေးပါသည်။

"ဒါကလည်း ခင်ဗျားကြောင့်ပါ၊ ခင်ဗျားကတောင် မြရည်ညို ဘဝကနေ မင်းမျိုးမင်းနွယ်ဝင်စားတဲ့ ဝတ်ရည်ညိုအဖြစ် ကိုယ်ခွဲသေး တာ၊ ကျွန်တော်မလွန်ပါဘူး"

ဗညားစကားကြောင့် မြရည်ညိုအံ့အားသင့်ရင်းမှ . . .

"ရှင်က ဒါကို ဘယ်လိုသိတာလဲ"

"သိတာပေါ့ဗျာ၊ ခင်ဗျားကို ပထမတစ်ခေါက်လာတုန်းက လက် သည်းဆိုးတာ ဘယ်ဘက်လက်သူကြွယ်နဲ့လက်ညှိုးဆိုးဖို့ ကျန်သွားတယ်၊ အဲဒီနေ့က ဝတ်ရည်ညိုအိပ်ပျော်နေတယ် ပြောတယ်၊ ဒါနဲ့ ခန့်ညားပုံစံ ကနေ ဗညားပုံစံပြန်ပြောင်းပြီးလာတော့ ခင်ဗျားက ဝတ်ရည်ညိုပုံစံမျိုး ဝတ်လာရင်းက ကျွန်တော့်ကို ကော်ဖီပေးတော့ ခင်ဗျားရဲ့မဆိုးရသေးတဲ့ လက်နှစ်ချောင်းက အတူတူပဲလေ၊ အပြာနုရောင်လေးပဲ၊ ခင်ဗျားကကော ဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲ"

"ဒါကတော့ ကျွန်မကို မိဘတွေစီစဉ်ပေးတဲ့ ကျွန်မယူရမယ့် ယောကျ်ားကို လေ့လာဖို့ မမမြင့်တို့ ဝင်းပပတို့က အကြံပေးတာကိုး၊ ရှင်က သိသိကြီးနဲ့တောင် ဟန်ဆောင်ကောင်းတယ်နော်၊ ရှင်တော်တော် လည်တာပဲ"

"ခင်ဗျားလည်း တော်တော်လည်ပါတယ်၊ ကျွန်တော်လည်း ဒီ အတိုင်းပဲ၊ မိဘသဘောတူတဲ့သူကို သူငယ်ချင်းတွေ အကြံပေးတဲ့အတိုင်း စမ်းသပ်ရတာပေါ့၊ ကဲပါဗျာ . . . လက်ဖက်ရည်မှာပါဦးမယ်၊ ဘယ်လို သောက်မလဲ"

"ရှင်မှာတဲ့အတိုင်းပဲ သောက်မယ်"





ဗညားက လက်ဖက်ရည်နှစ်ခွက်ကို မှာလိုက်ပါသည်။ မကြာပါ လက်ဖက်ရည်ရောက်လာသဖြင့် နှစ်ယောက်သား သောက်လိုက်ကြသည်။

"ရှင့်ကို ကျွန်မမေးမယ်၊ မြရည်ညိုနဲ့ ဝတ်ရည်ညိုနှစ်ယောက်မှာ ရှင်က ဘယ်သူ့ကို စိတ်ဝင်စားသလဲ"

"ဒါဖြင့်ရင် ခင်ဗျားကကော ခန့်ညားနဲ့ဗညား ဘယ်သူ့ကို စိတ် ဝင်စားလဲ . . . ဖြေ"

"ရှင် . . . အရင်ဖြေပါ"

ဗညားက လက်ဖက်ရည်ကို ထပ်သောက်လိုက်ပါသည်။ သပြေ ရိပ်လက်ဖက်ရည်က သည်ကနေ့မှ ပိုပြီးတော့ အရသာရှိနေသလိုမျိုး ဖြစ်နေသည်။

"ဗညားဘဝနဲ့ ဝတ်ရည်ညိုကို ဆက်ဆံတဲ့အခါ သာမန်ပဲဗျ၊ ခန့်ညားဘဝနဲ့ မြရည်ညိုကို ဆက်ဆံရတာ ကျေနပ်တယ်၊ ကျွန်တော်ပြော ချင်တာတွေကို နားထောင်ပေးတယ်၊ ဆွေးနွေးတယ်၊ ပြီးတော့ ကျွန်တော် ခံယူချက်ထားသလိုမျိုး လူထုအကျိုးပြုရေးအတွက် နိုင်ငံရေးအသိစိတ် ရှိတယ်၊ အဲဒါကို ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ ဆန္ဒထုတ်ဖော်ပွဲလုပ်တဲ့နေ့မှာ သိလိုက်ရတယ်၊ ကျွန်တော့်ဘခရီးဖော်ဟာ ကျွန်တော်နဲ့ ရည်ရွယ်ချက် တူသူဖြစ်စေချင်တယ်လေ၊ ဒါမှ နားလည်ပေးနိုင်မှာ မဟုတ်လား"

"ရှင်ပြောသလိုပဲ ဟန်ဆောင်ရတဲ့ ဝတ်ရည်ညိုဘဝမှာ ကျွန်မ က ဗညားဆိုတဲ့သူကို ဆက်ဆံရတာ အသက်မပါသလိုပဲ၊ ခန့်ညားဘဝနဲ့ ကျတော့ ကျွန်မအလိုလို ကြည်နူးနေတယ်၊ ဝတ်ပုံစားပုံ၊ ပြောပုံဆိုပုံတွေ က ကျွန်မအမြင်မှာ ဆန်းနေပြီး ကျွန်မရဲ့အိပ်ပျော်ငုပ်လျှိုးနေတဲ့ နှလုံး သားကို လှုပ်နှိုးသွားတယ်၊ အော် . . . ကျွန်မနဲ့ ရှင်နဲ့အဖြစ်များနော်"

"ဒါပေါ့ဗျာ . . . တစ်ကိုယ်တစ်စိတ်ဘဝတွေကနေ နှစ်ကိုယ့်နှစ် စိတ်ဘဝတွေ ကိုယ့်ဖာသာကိုယ် ဖန်တီးရင်းနဲ့ လူကြီးတွေလည်း ကျေနပ် စရာဖြစ်၊ ကိုယ်တွေချင်းကလည်း မေတ္တာရှိသွားတာ ကောင်းတာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ဘယ်သူက မေတ္တာရှိတယ်လို့ ပြောသေးလို့လဲ"

"ဒါတွေ ဒီအချိန်မှာ မလိုပါဘူးဗျာ၊ ဒီအချိန်မှာလိုတာက အခု သောက်နေတဲ့ လက်ဖက်ရည်ကို ကုန်အောင်သောက်ဖို့ပဲ မဟုတ်လား"

ဗညားနှင့် မြရည်ညိုတို့နှစ်ယောက် လက်ဖက်ရည်အသီးသီး ကုန်အောင် သောက်လိုက်ပါသည်။ မြရည်ညိုနှင့်ဗညား အဖြစ်မှန်တွေ ပေါ်သွားတာ မမြင့်နှင့် ဝင်းပပသိလျှင် ဘာတွေပြောပြီး ကျေနပ်နေလေမလဲလို့။

"ရှင့်ကို ဗညားလို့ မခေါ်ဘူး၊ ကျွန်မ မသိစိတ်က မြတ်နိုးခဲ့တဲ့ ခန့်ညားကို ဂုဏ်ပြုတဲ့အနေနဲ့ ခန့်ညားလို့ပဲခေါ်မယ်၊ ပြီးတော့ စကားပြောရင် 'ကျုပ်' ဆိုတဲ့ နာမ်စားကို ထည့်ပြောပေးပါ၊ ခန့်ညားဆိုတဲ့သူရဲ့ အမှတ်အသား ပျောက်သွားမှာစိုးလို့ပါ၊ ပြီးတော့ ပင်နီတိုက်ပုံကိုဝတ်၊ ဆေးတံကြီးကိုလည်း ခဲဦးနော်"

"ဟာဗျာ! . . . 'ကျုပ်' ဆိုတာက ပြောလို့ရတယ်၊ တိုက်ပုံအကျႌက ခန့်ညားဘဝမှာမို့ ဝတ်ရတာ၊ တော်တော်အိုက်တာ၊ ဆေးလိပ်တောင် မသောက်ဘူးတဲ့သူက ဟန်လုပ်ပြီး ဆေးတံသောက်ရတာ တော်တော်ဒုက္ခကို ကြိတ်မှိတ်ခံရတာဗျ . . . မလွယ်ဘူး၊ ဒီကြားထဲ ပါဝါမရှိတဲ့ ဒီမျက်မှန်ကို တပ်ရသေးတယ်"

"ရပါတယ် ခန့်ညားရယ်၊ တစ်ခါတလေတော့ ခန့်ညားအမှတ်အသားလေးကိုမြင်ပြီး ကျွန်မကြည်နူးချင်လို့ပါ၊ ကျွန်မကို ကြည်နူးခွင့်ပေးပါ"

ဗညားမငြင်းပါ။ မြရည်ညိုကို ခေါင်းညိတ်ပြပါသည်။

"မြရည်ညို . . . ကျုပ် သဘက်ခါမှာ မုံရွာတစ်ဖက်ကမ်းက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းမှာ ရွာသွားတွေ ဆန္ဒထုတ်ဖော်တဲ့ ပြည်သူ့ညီလာခံကို သွားမယ်၊ ကျုပ်နဲ့အတူ လက်ချင်းမြဲမြဲတွဲပြီး အဲဒီဒေသက မတရားမြေသိမ်းခြင်းခံရတဲ့ တောင်သူတွေရဲ့အသံကို နားထောင်





ပြီး သူတို့နဲ့အတူ ပူးပေါင်းပါဝင်ရအောင် လိုက်မယ်မဟုတ်လား"

မြရည်ညိုက ဗညားလက်မောင်းကို ကိုင်လိုက်ရင်းက ပြုံးပါသည်။ ပြီးတော့ ကျေနပ်သော လေသံနှင့် ပြောပါ၏။

"လာမယ့်အနာဂတ်မှာ ခန့်ညားနဲ့ ကျွန်မလက်ချင်းတွဲပြီး အမှန်တရားဘက်က ရပ်တည်မယ်လို့ ရှင့်ကိုကျွန်မ မေတ္တာတရားတွေနဲ့အတူ ကတိပေးတယ်"

ဗညားတိုက်ပုံအကျႌအိတ်ထဲက ဆေးတံကိုထုတ်ပြီး မီးညှိပြီးဖွာတာကို မြရည်ညိုက ဗညားလက်မောင်းကို မြဲမြဲကိုင်ထားရင်းမှ ကြည်နူးစွာ ကြည့်နေမိပါသည်။

❑ ❑ ❑

www.burmeseclassic.com

**ပြည်သူ့ဆန္ဒဆိုတာ**
**အမှန်တရားက ဆိုးလိုက်တဲ့**
**စေါင်းလောင်းသံတွေပါ။**
**မင်းနဲ့ကိုယ့်အနားမှာ**
**ငြိမ့်ညောင်းစွာ ပျံ့လွင့်နေလို့ပေါ့။**

## အခန်း (၁၉)

ဟိုးအဝေးမှာ တောင်တန်းကြီးတွေက ညို့ညို့မှိုင်းမှိုင်းနှင့် အလှဆင်လို့ ထားသည်။ အညာနေပူပူအောက်ရှိ ကွင်းပြင်ထဲမှာ လူထုကပြည့်ဖြစ်သည်။ ဆည်တည်းကျေးရွာမှာတော့ ယနေ့အခါ ပြည်သူ့အသံကိုကြားရသော ပြည်သူ့ညီလာခံကို ကျင်းပနေသည်။ ညီလာခံစင်မြင့်ထက်မှာ တစ်ယောက်ပြီးတစ်ယောက် တင်ပြချက်တွေ ဆွေးနွေးချက်တွေ ပြောဆိုရင်ဖွင့်ကြတာ ပရိသတ်လက်ခုပ်သံက မစဲပါ။

စီမံကိန်းလုပ်ငန်းပြဿနာများ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကိစ္စ၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် မြေယာဆုံးရှုံးရေးကိစ္စ၊ ကချင်စစ်ပွဲများ၊ ရခိုင်အရေးအဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်း၊ ဆွေးနွေးခြင်း အကြောင်းအရာစုံတို့ကို ဆန္ဒထုတ်ဖော်သူတွေက ထုတ်ဖော်ကြ၊ နားထောင်သူတွေက နားထောင်ကြနှင့်။ သတင်းသမားများ၊ အသိပညာတတ်ပညာရှင်များ၊ စာပေဂီတနှင့် အနုပညာရှင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များကလည်း ပြည်သူ့ညီလာခံမှာ ရောက်ရှိလို့နေသည်။

ပြည်သူ့ညီလာခံကို တက်ရောက်လာသော လူထုကြီးက ကြည်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မြရည်ညိုပီတိတွေ ဖြာဝေနေမိသလို ဗညားနှင့် သူငယ်ချင်းများ၏ ပါဝင်လုပ်ဆောင်မှုကိုကြည့်ပြီး ဂုဏ်ယူမဆုံးဖြစ်နေမိသည်။

ပြည်သူ့ညီလာခံစင်မြင့်ရှေ့က ခုံတန်းများမှာမထိုင်ဘဲ ဟိုးနောက်ဆုံးမှာ ထိုင်နေသော မြရည်ညိုရှိရာသို့ ဗညားက ရောက်လာသည်။

"ဘယ်လိုလဲ . . . နေပူကြီးထဲမှာ ကျုပ်ရဲ့ရန်ကုန်သူအသားတွေ မည်းတော့မှာပဲ"

ဗညားစကားကြောင့် မြရည်ညိုက ထိုင်ရာမှထကာ ဗညားနဖူးပြင်မှ ချွေးတွေကို တစ်ရှူးဖြင့် သုတ်ပေးလိုက်သည်။ ဗညားအမောပြေရပါသည်။

"အသားမည်းတာ အမိကမကျပါဘူး ခန့်ညားရယ်၊ ဒီဒေသက လူတွေရဲ့ဆန္ဒတွေ ဒီညီလာခံကြီးပြီးရင် သူတို့ဆန္ဒအတိုင်း ဖြစ်ပါစေလို့ ဆုတောင်းပေးနေမိတယ်"

"မြရည်ညို . . . ကျုပ်မှာ ခံယူချက်တစ်ခုရှိတယ်၊ ဒဿနပညာရှင်စာရေးဆရာ အဲလဘက်ကမျူးပြောသလိုပေါ့၊ ကျုပ်လေ သူများတွေ ရှေ့ကလည်း မသွားချင်ဘူး၊ သူများတွေ နောက်ကလည်း မလိုက်ချင်ဘူး။ အတူတူယှဉ်တွဲပြီးပဲ လိုက်ပါချင်တယ်၊ အဲဒါ ကျုပ်ဆန္ဒပါ"

မြရည်ညိုက ဗညားလက်ကို ကိုင်လိုက်ပါသည်။ ထို့နောက် ညီလာခံစင်မြင့်ဆီသို့ ကြည့်လိုက်သည်။

"ကျွန်မဆန္ဒဆိုတာကလည်း ခန့်ညားဆန္ဒအတိုင်းပါပဲ၊ အမှန်တရားအတွက် ဘယ်သူတွေ ဆန္ဒထုတ်ဖော်မလဲ၊ ရှင်နဲ့ကျွန်မသာမက ကျွန်မတို့ရဲ့မျိုးဆက်တွေပါ ဒီလိုမျိုးအမှန်တရားကို ချစ်မြတ်နိုးတဲ့လူမျိုးတွေဖြစ်အောင် ပြုစုပျိုးထောင်ပေးရမယ်၊ အခုတော့ အမှန်တရားကို ဖော်ဆောင်ပေးနေတဲ့ ကိုယ့်ခင်ပွန်းလောင်းဖြစ်လာမယ့် ရှင့်အတွက် ကျွန်မလေ ဂုဏ်ယူမဆုံးနိုင်အောင်ပါပဲဆိုတာ ဒီပြည်သူ့ညီလာခံကို သက်သေထားပြောရဲပါတယ်"





"ဖြောင်း . . . ဖြောင်း! . . ."

မြရည်ညိုစကားအဆုံးမှာ ပြည်သူ့ညီလာခံအစီအစဉ်ကလည်း ပြီးဆုံးသွားသဖြင့် လက်ခုပ်တီးသံတွေက ကျယ်လောင်မြည်ဟီးစွာ ထွက်ပေါ်လာပါသည်။

အမှန်တရားအတွက် ဆန္ဒဖော်ထုတ်ဖို့ ပြည်သူ့ညီလာခံကို တက်ရောက်လာသော လူထုကြီးကိုကြည့်ပြီး မြရည်ညိုနှင့် ဗညားတို့နှစ်ယောက် ပြုံးလိုက်သည့်အပြုံးများက အဖိုးမဖြတ်နိုင်သော အရာဟူ၍ သူတို့နှစ်ဦးစလုံးက အသိအသိတွေးမိပါသည်။

နှစ်ကိုယ့်နှစ်စိတ်ဘဝကနေ တစ်ကိုယ့်တစ်စိတ်ဘဝများမှာ သူတို့နှစ်ဦးစလုံး အနာဂတ်တွေက သူတို့ဆန္ဒများဖြင့် ဤကမ္ဘာမြေပေါ်ဝယ် ရှင်သန်လှုပနေမှာက ပြောဖို့ပင် လိုမည်မထင်ပါ။



www.burmeseclassic.com